# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ဒုတိယဝါဆိုလပြည့်ကျော် (၁၄)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (12-8-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၀၄)

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ

## အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)ဥက္ကဋ္ဌ ဦးထိန်လင်း ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)ဥက္ကဋ္ဌဦးထိန်လင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ဧည့်ခန်းမဆောင်၌

စာမျက်နှာ ၁၆ ကော်လံ ၁

**လာရောက်ဂါရဝပြု တွေ့ဆုံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ အမျိုးသားဒီမိုကရက်တစ် မဟာမိတ်အဖွဲ့(NDAA)ဥက္ကဋ္ဌ ဦးထိန်လင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

## အားကောင်းသောအယ်လ်နီညို ဆက်လက်တည်ရှိနေ


နေပြည်တော် ဩဂုတ် ၁၁

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ(Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားကောင်းသော အယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနေသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်လ်ခန့်မှန်းချက်များအရ ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

စာမျက်နှာ ၂၁ ကော်လံ ၄

## ၁၇ ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ

စာမျက်နှာ - ၁၈




## တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၁၁

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊

စာမျက်နှာ ၁၈ ကော်လံ ၄

## လေးမျက်နှာမြို့ပေါ်ရပ်ကွက်များ၊ ပတ်ဝန်းကျင်ကျေးရွာများ၊ ဟင်္သာတမြို့နယ်၊ ရေကြည်မြို့နယ်၊ ကျုံပျော်မြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ ရေကျဆင်းသွားသည့်နေရာများကို သန့်ရှင်းရေးဆောင်ရွက်

အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



နေပြည်တော် ဩဂုတ် ၁၁

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့်မြစ်ရေတိုက်စားမှုကြောင့် အောက်ခံ ထုးပေါက်၍ ဝဝန်မြစ်ရေကာတာ၏ မြစ်ကျိုးအင်းသဲကြောမှ ရေဖြတ်သန်းစီးဆင်းမှုဖြစ်ပွားခဲ့သဖြင့် ယနေ့ထိ လေးမျက်နှာမြို့ မြို့ပေါ်ရပ်ကွက် ငါးခု၊ မြို့တွင်းလမ်းမကြီးများ၊ ပတ်ဝန်းကျင်ကျေးရွာ ၁၂ ရွာ၊ ဟင်္သာတမြို့နယ်တွင် ကျေးရွာ ၃၇ ရွာ၊

စာမျက်နှာ ၁၈ ကော်လံ ၁

ရတနာပုံ

၂၀၂၆ ခုနှစ် ဩဂုတ် ၁၂ ရက်

အယ်ဒီတာ့အာဘော်

# နောက်ခံမတူပြား ရည်မှန်းတူထား လူငယ်အား

ဩဂုတ် ၁၂ ရက် (ယနေ့)သည် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ဖြစ်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် နှစ်စဉ် ဩဂုတ် ၁၂ ရက်ရောက်တိုင်း အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ကို ကျင်းပပြုလုပ်လျက်ရှိသကဲ့သို့ မိမိတို့မြန်မာနိုင်ငံတွင်လည်း ရပ်ရွာအကျိုးပြုလုပ်ငန်းများ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ လူငယ်များပိုမိုပါဝင်လာစေရန်၊ လူငယ်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် စသည့်ရည်ရွယ်ချက်ကောင်းများဖြင့် နှစ်စဉ်ကျင်းပပြုလုပ်ပေးလျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့၏ ယခုနှစ်ဆောင်ပုဒ်မှာ **"နောက်ခံမတူပြား၊ ရည်မှန်းတူထား၊ လူငယ်အား"** ဟူ၍ဖြစ်သည်။

မြန်မာနိုင်ငံအတွင်း တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော် နေထိုင်ကြသည့်အထဲတွင် အသက် ၁၅ နှစ်မှ ၃၅ နှစ်အတွင်း လူငယ်အရေအတွက်သည် နိုင်ငံ့လူဦးရေ၏ သုံးပုံတစ်ပုံခန့် ပါဝင်နေသောကြောင့် လူငယ်များသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးမဖြတ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များပင် ဖြစ်သည်။ ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုသည့်စကားအတိုင်း လူငယ်များသည် အနာဂတ်နိုင်ငံတော်ကို တာဝန်ယူပုံဖော်ကြမည့် မျိုးဆက်သစ်များဖြစ်သည်။ လူငယ်များသည် အင်အားအပြည့်ဖြင့် အသစ်အဆန်းများကို စူးစမ်းလေ့လာကာ မိမိ၏အနာဂတ်ကို ကိုယ်တိုင်တည်ဆောက်နိုင်သည့်အရွယ်လည်း ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက လူငယ်များကို ငယ်ရွယ်စဉ်ကတည်းက ပညာသင်ယူခြင်းနှင့်အတူ အားကစားလိုက်စားခြင်းဖြင့် ကျန်းမာကြံ့ခိုင်ပြီး ဗလငါးတန်နှင့်ပြည့်ဝသည့် နိုင်ငံ့သားကောင်းများ ဖြစ်လာစေရေး ပညာရေး၊ ကျန်းမာရေး၊ အားကစား စသည့်ကဏ္ဍပေါင်းစုံတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

လူငယ်တိုင်းသည် နေထိုင်ရာဒေသ၊ မိသားစုအခြေအနေ၊ ပညာရေးအခွင့်အလမ်း၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာ စသည့်မတူညီကြသည့် လူနေမှုပုံစံများအရ ဆင်းရဲချမ်းသာမှု၊ တိုးတက်ဆုတ်ယုတ်မှုများ ကွဲပြားခြားနားကြသည်။ ထိုသို့ မတူညီသည့်နောက်ခံများမှ ပေါ်ထွက်လာသည့်အရည်အချင်းများကို ပေါင်းစပ်အသုံးချကာ လူငယ်အားလုံးက မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ယနေ့ကမ္ဘာတွင် သဘာဝဘေးအန္တရာယ်များ၊ စီးပွားရေးနှင့် လူမှုရေးအခက်အခဲများအပါအဝင် စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေရသည်။ ထိုစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် လူငယ်တို့၏ တက်ကြွမှု၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုတို့သည် အရေးပါလာသည်။ ထို့ကြောင့် လူငယ်များအနေဖြင့် မိမိတို့၏စွမ်းဆောင်ရည်၊ ကျွမ်းကျင်မှုများကို စဉ်ဆက်မပြတ် မြှင့်တင်နေကြရန် လိုအပ်သည်။ သို့ရာတွင် လူငယ်များအနေဖြင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းကဲ့သို့ အကျိုးမဲ့လုပ်ရပ်များမှ ရှောင်ရှားပြီး မိမိ၏အချိန်နှင့်အစွမ်းအစများကို ပညာရေး၊ အလုပ်အကိုင်နှင့် လူထုအကျိုးပြုလုပ်ငန်းများတွင် အသုံးချသင့်ပြီး မိမိဘဝတိုးတက်ရေးနှင့်အတူ မိသားစု၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံအတွက် အကျိုးရှိစေမည့် လူငယ်များဖြစ်လာစေရေးကြိုးပမ်းသွားကြရပေမည်။

သို့ဖြစ်ပါ၍ လူငယ်များသည် မည်သည့်နောက်ခံမှလာသည်ဖြစ်စေ မိမိတို့၏အရည်အချင်း၊ စွမ်းရည်တို့ကို တိုးတက်အောင်ကြိုးစားပြီး မိမိစွမ်းအားကို မှန်ကန်စွာအသုံးချကာ တစ်ဦးနှင့်တစ်ဦး လက်တွဲပြီး ပိုမိုကောင်းမွန်သော အနာဂတ်နိုင်ငံတော်ကို အတူတကွ လက်တွဲပုံဖော်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၆၇၄၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေး ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၆၇၄၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၈၀၁၄ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို ယခုနှစ်မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၆၇၄၂ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၈၀၀၀ ကျော် လျာထား စိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ ၆၇၄၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေး နေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေ စိုက်ပျိုးပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မာန်အွေက ပြောပြ၍ သိရသည်။

(၂၀၆)

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးခေါင်းပွပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ညောင်တုန်း ဩဂုတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးခေါင်းပွပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ငါးခေါင်းပွပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငါးခေါင်းပွပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒီဘက်ကနေ ငါးခေါင်းပွတွေ ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့လ ပထမပတ်လောက်ကနေ ငါးခေါင်းပွတွေ တင်ပို့မှုကောင်းလာတာပါ။ ပြည်တွင်းမှာကို ငါးခေါင်းပွက ဝယ်လိုအားများနေပါတယ်။ အခုလထဲမှာလဲ ငါးခေါင်းပွတွေ ချိတ်ဆက်မှာယူမှုများနေပါတယ်" ဟု ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးခေါင်းပွတစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ မှ ၁၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တံတားဦးမြို့နယ် ချောင်းဆုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တံတားဦး ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောင်းဆုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တံတားဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် လုပ်ငန်းများကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် အတူ ချောင်းဆုံကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၈ ဦးကို ရန်ပုံငွေကျပ် ၄၇ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း တံတားဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁ဖ၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀ဖဖ၆၅၊ ဖြန့်ချိရေး-၀၂-၄၀၃ဖ၄၂။ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# မိတ္ထီလာမြို့နယ်၌ ခရောင်းလမ်းကိုဖြတ်ကျော်ခြင်းခေါင်းစဉ်ဖြင့် လူငယ်စာဖတ်ဝိုင်း ကျင်းပ

**မိတ္ထီလာ ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ခရောင်းလမ်းကို ဖြတ်ကျော်ခြင်း ခေါင်းစဉ်ဖြင့် လူငယ်စာဖတ်ဝိုင်းကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနတွင် ကျင်းပခဲ့ကြောင်း သိရသည်။

လူငယ်စာဖတ်ဝိုင်းတွင် မြို့နယ် စာရေးဆရာအသင်းမှ စာရေးဆရာ ရွှေညာမြေမြသင်းကြိုင်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စာဖတ်ဝိုင်းကို စာရေး ကျင်းပရာ စာရေးဆရာ နန္ဒာသိန်းဇံရေးသားသည့် ခရောင်းလမ်းကိုဖြတ်ကျော်ခြင်းစာအုပ်ကို ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးခဲ့ရာ စာရေးဆရာ ကိုသစ္စာ(ထီလာ)က ဆွေးနွေးမှုအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသည့် သုတရသစာအုပ်များနှင့် နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့သည်။

အဆိုပါလူငယ်စာဖတ်ဝိုင်းကို မြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်းနှင့် အခြေခံပညာအထက်တန်းကျောင်း (ခွဲ) များမှ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ဦးသန်းမောင်-ဒေါ်မြရီ၊ ဦးစိန်အောင်-ဒေါ်လှသန်း မိသားစုနှင့် ရေကြည်ပေါက်ရွာ နယ်သူ၊ နယ်သားများက အထွေထွေပဒေသာပင်အတွက် အလှူငွေကျပ် ၇၀၀၀၀၀ လှူဒါန်းရာ ဇီဝတဒါနသံဃာ့ဆေးရုံကြီး ကြီးကြပ်ရေးနှင့် အထောက်အကူပြုဥက္ကဋ္ဌ ဦးစိုးလင်းနှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၀၁၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဘုတလင် ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၀၁၄ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၄၅၆၆ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို ဇူလိုင်လဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၆၀၁၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ စပါးဧက ၃၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်" ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများပူးပေါင်းဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

ဘုတလင်မြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။ (၂၀၆)

# မိုင်းတုံမြို့နယ် ဟောင်လီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းတုံ ဩဂုတ် ၁၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဟောင်လီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးနှင့် တာဝန်ရှိသူများက ဟောင်လီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ကြရန်နှင့် ရန်ပုံငွေများလေလွင့်ဆုံးရှုံးမှု မရှိစေရေး စနစ်တကျထိန်းသိမ်း ဆောင်ရွက်ရန် မှာကြားခဲ့သည်။

အဆိုပါ ဟောင်လီကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၄၅၄ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးကို ငွေကျပ် ၁၅ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်း လုပ်ငန်းများလည်းပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်ခိုင်

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကင်းမွန်ခြောက်ပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ငပုတော ဩဂုတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကင်းမွန်ခြောက် ပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းလဲ့က ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်း ကင်းမွန်ခြောက် ပိဿာချိန် ၃၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ကင်းမွန်ခြောက် ပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကင်းမွန်ခြောက်များကို ပြည်တွင်းဈေးကွက်က ဝယ်လိုအားကောင်းလာခြင်းကြောင့် တင်ပို့အားကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဘက်ကနေ ကင်းမွန်ခြောက်တွေ ရန်ကုန်ဈေးကွက်ကို ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ကင်းမွန်ခြောက် ပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ အရွယ်စုံ ကင်းမွန်အစိမ်းတွေကို အခြောက်ခံပြီး ဒီဘက်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့တာပါ။ ကင်းမွန်ခြောက်တွေ တင်ပို့အားကောင်းလာတော့ ရေလုပ်ငန်းနဲ့ဆက်စပ်တဲ့သူတွေ အဆင်ပြေလာပါတယ်။ ဒီဘက်ဒေသကထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချနေပါတယ်။ ရန်ကုန်ဈေးကွက်ကို ကုန်ပစ္စည်းတွေတင်ပို့ရောင်းချရတာ အစစအရာရာအဆင်ပြေပါတယ်"ဟု ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းလဲ့က ပြောပြသည်။

ငပုတောမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ကင်းမွန်များကိုဝယ်ယူပြီး စနစ်တကျအခြောက်ခံကာ ကင်းမွန်ခြောက်အဖြစ် ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ကင်းမွန်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၄၀၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# ပုဂံခေတ်ထိုး မွန်ကျောက်စာများ

**မောင်သာ(ရှေးဟောင်းသုတေသန)**

သမိုင်းပညာရှင်များက ပုဂံခေတ်တွင် မင်းဆက် ၅၅ ပါးရှိကြောင်း လက်ခံထားရာ ပျဉ်ပြားမင်း (၈၄၆-၈၇၆) ထက်စောသည့် ဘုရင်များနှင့် သမိုင်းဖြစ်စဉ်များသည် များစွာထင်ရှားခိုင်မာခြင်းမရှိချေ။ သို့သော် ပျဉ်ပြားမင်းမှ စတင်ရေတွက်လျှင် ပဥ္စမမြောက် ပုဂံဘုရင်ဖြစ်သည့် စောရဟန်းမင်း(၉၄၆-၉၉၁)၏ အမည်ကို ပုဂံတုရွှင်းတောင်ကျောက်စာရုံတွင် ထိန်းသိမ်းထားသည့် ကျောက်စာတိုင်အမှတ်(၂) တွင် တွေ့ရှိရသည်။ ထိုကျောက်စာသည် ပုဂံခေတ်နှောင်းပိုင်းကာလ သက္ကရာဇ် ၅၄၄ ခုနှစ်တွင် နားတောင်းများမင်း(၁၂၁၀-၁၂၃၁)က တုရွှင်းတောင်ပေါ်ရှိ စောရဟန်းသိမ်ကို ပြုပြင်တည်ဆောက်ပြီး ရေးထိုးစိုက်ထူခဲ့သည့် ကျောက်စာဖြစ်သည်။ ကျောက်စာတွင် တုရွှင်းတောင်ထိပ်ရှိ စောရဟန်းသိမ်ပျက်သဖြင့် ဥဇနာမင်းကြီး ရွှေတောင်တက်၍ တစ်နှစ်အကြာတွင် ပြုပြင်တည်ဆောက်ခဲ့ကြောင်း ရေးထိုးထားသဖြင့် ပုဂံဘုရင်တစ်ပါးဖြစ်သည့် စောရဟန်းမင်း၏အမည်ကိုပထမဆုံးတွေ့ရှိရသည်။အနော်ရထာမင်းနန်းတက်သည့် ၁၀၄၄ ခုနှစ် နောက်ပိုင်းတွင် ပုဂံခေတ်ထိုး ကျောက်စာများကို မွန်ဘာသာ၊ ပျူဘာသာ၊ မြန်မာဘာသာ၊ ပါဠိဘာသာတို့ဖြင့် တွေ့ရှိရသည်။

**မွန်ကျောက်စာများ**

မြန်မာနိုင်ငံနေရာဒေသ အသီးသီးတွင် တွေ့ရှိခဲ့ရသည့် ကျောက်စာများအနက် မွန်ဘာသာဖြင့် ရေးထိုးထားသည့် ကျောက်စာများကို ပုဂံဒေသတွင် တွေ့ရှိရသကဲ့သို့ သထုံ၊ ကျိုက္ခမီစသည့် မွန်ပြည်နယ်အတွင်းရှိ ဒေသများတွင်လည်း တွေ့ရှိရသည်။ ထို့အတူ ပြည်၊ မြင်းခြံ၊ ကျောက်ဆည်၊ ပဲခူးတို့တွင်လည်း တွေ့ရှိရသည်။

ရှေးဟောင်းသုတေသနဝန်ထောက် ဦးချစ်သိန်းသည် မြန်မာနိုင်ငံအတွင်းမှ စုဆောင်းရရှိသမျှ မွန်ကျောက်စာများကို စုစည်း၍ တည်းဖြတ်ဘာသာပြန်ကာ ၁၉၆၅ ခုနှစ်တွင် ရှေးဟောင်းမွန်ကျောက်စာပေါင်းချုပ်စာအုပ်ကို ထုတ်ဝေခဲ့သည်။ ထိုကျောက်စာများအနက် ပုဂံ၊ ပြည်၊ သထုံနှင့် မြင်းခြံခရိုင်ရှိ ကျောက်စာများသည် တိုင်းရင်းဘာသာကျောက်စာများတွင် ရှေးအကျဆုံးမွန်ကျောက်စာများဖြစ်ကြောင်း ဖော်ပြထားသည်။ ထိုစာအုပ်တွင် မွန်ဘာသာဖြင့် ရေးထားသည့် ကျောက်စာ၊ ကြေးပြားပုရပိုက်စာနှင့် ခေါင်းလောင်းစာ စုစုပေါင်း ၁၀၆ ခုကို မှတ်တမ်းတင်ထားရာ ခေတ်ဦးပိုင်းမွန်ကျောက်စာများသည် ကျန်စစ်သားမင်းလက်ထက်တွင် ရေးထိုးခဲ့သည့်ကျောက်စာများဖြစ်သည်။ ခေတ်လယ်ပိုင်းမွန်ကျောက်စာများသည် ဟံသာဝတီခေတ် ဓမ္မစေတီမင်းလက်ထက်တွင် ရေးထိုးခဲ့သည့် ကျောက်စာများဖြစ်သည်။

မြန်မာနိုင်ငံတွင် တွေ့ရှိခဲ့သည့် မွန်ကျောက်စာများကို သက္ကရာဇ် ၄၀၀ ဝန်းကျင်က ရေးထိုးခဲ့သည့် ခေတ်ဦးပိုင်းကျောက်စာများနှင့် သက္ကရာဇ် ၈၀၀ ဝန်းကျင်တွင်ရေးထိုးခဲ့သည့် ခေတ်လယ်ပိုင်း ကျောက်စာများဟု နှစ်ပိုင်းခွဲခြားနိုင်ကာ အခြားကျောက်စာများသည် ပြောပလောက်အောင် မများပြားလှချေ။ ရှေးဟောင်းသုတေသနဝန်ထောက် ဦးချစ်သိန်း၏ယူဆချက်အရ မြန်မာနိုင်ငံတွင် တွေ့ရှိရသည့် မွန်ကျောက်စာများ၏ မူလအဆက်အနွယ်သည် ထိုင်းနိုင်ငံရှိ ဒွါရာဝတီမြို့ဟောင်းဖြစ်သည်ဟု ဆိုသည်။ ဒွါရာဝတီသည် ရှေးအခါက မွန်တို့၏ တိုင်းပြည်ရာဇဌာနီဖြစ်ခဲ့ဖူး၍ ဗန်ကောက်မြို့၏ မြောက်ဘက် မိုင် ၈၀ အကွာတွင် တည်ရှိခဲ့သည်။

ဗန်ကောက်မြို့မှ အနောက်ဘက်သို့ မိုင် ၄၀ ဝေးသည့် ပရပထုံအရပ်မှရရှိခဲ့သည့် ကျောက်စာအပိုင်းကျိုးနှစ်ခုတွင် ရေးထိုးထားသည့် စာများသည် ခရစ်နှစ် ၆ ရာစု အဆုံး၊ ၇ ရာစု အစပိုင်းတွင် သုံးစွဲခဲ့သည့် မွန်ဘာသာစကားများဖြစ်ကြောင်း ပြင်သစ်ကျောက်စာပညာရှင် ဂျီဆေးဒီက ဆုံးဖြတ်ခဲ့သည်။

**❖ ပုဂံခေတ်တွင် ရေးထိုးခဲ့သည့် မွန်ကျောက်စာများအနက် ပုဂံ၊ သီရိပစ္စယာရွာရှိ ဖက်လိပ်ဘုရားတွင်တွေ့ရှိခဲ့သည့် ကျောက်စာအစိတ်အပိုင်းသည် အစောဆုံးဖြစ်ဖွယ်ရှိသည်။ ထိုကျောက်စာတွင် စာကြောင်း ခုနစ်ကြောင်းသာပါသော်လည်း စာကြောင်းလေးကြောင်းတွင် ရေးထိုးထားသည့် စာသားအနည်းငယ်ကိုသာ ဖတ်ရှုနိုင်သဖြင့် မည်သည့်အကြောင်းအရာကို ရေးထိုးထားကြောင်း ပေါ်လွင်ထင်ရှားခြင်းမရှိပေ။ ပုဂံခေတ်ထိုးမွန်ကျောက်စာများအနက် ကျန်စစ်သားမင်းရေးထိုးခဲ့သည့် ကျောက်စာများသည် အထင်ရှားဆုံးဖြစ်သည်။ ❖**

ထိုကျောက်စာအပိုင်းကျိုးများ၏ မူလနေရာသည် ဒွါရာဝတီမြို့တော်ဟောင်း လေဘ့ဗူရီမြို့ဖြစ်သည်။ ထိုကျောက်စာ အပိုင်းကျိုးနှစ်ခုတွင် ရေးထိုးထားသည့် အက္ခရာများ၏ မူလအရေးအသားသည် ရှေးအခါက အိန္ဒိယနိုင်ငံတောင်ပိုင်း၌ ပလ္လဝမင်းဆက် လက်ထက်ကသုံးခဲ့သည့် အက္ခရာများမှ ဆင်းသက်လာသည့် စာလုံးများဖြစ်သည်။ ဒွါရာဝတီ မွန်အက္ခရာများသည် ပလ္လဝအက္ခရာမှ ဆင်းသက်လာသည်။ ဒွါရာဝတီမွန်အက္ခရာများမှ ထပ်မံဆင်းသက်သည့် ရာမညဒေသ မွန်အက္ခရာများကို ပုဂံခေတ်၊ ကျန်စစ်သားမင်းလက်ထက်နှင့် ဟံသာဝတီခေတ်ဓမ္မစေတီမင်းလက်ထက်တွင်ရေးထိုးသည့် ကျောက်စာများတွင် တွေ့ရှိရကြောင်း ဦးချစ်သိန်းက ရေးသားခဲ့သည်။

ခေတ်ဦးနှင့် ခေတ်လယ်မွန်ကျောက်စာများကို မစ္စတာစီအိုဘလက်ဒင်က အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုကာ ပုံနှိပ်ထုတ်ဝေခဲ့သည်။ ခေတ်ဦးပိုင်းမွန်ကျောက်စာများတွင် ရေးထိုးသည့် ခုနှစ်သက္ကရာဇ် အတိအကျမပါရှိသော်လည်း ပညာရှင်များက အက္ခရာပုံသဏ္ဍာန်၊ စာအရေးအသား၊ ဝေါဟာရအသုံးအနှုန်းနှင့် ကျောက်စာတွင်ပါရှိသည့် အုပ်ချုပ်သူဘုရင်တို့၏ ခေတ်ကာလကိုမှီး၍ ကျောက်စာရေးထိုးသည့် သက္ကရာဇ်ကို မှန်းဆခဲ့ကြသည်။ ထိုမှန်းဆချက်များအရ သထုံဒေသမှရရှိခဲ့သည့် မွန်ကျောက်စာများသည် ပုဂံခေတ်တွင်ရေးထိုးသည့် မွန်ကျောက်စာများထက် ကာလစောဖွယ်ရှိသဖြင့် မွန်ကျောက်စာပေါင်းချုပ်စာအုပ်တွင် ပုဂံကျောက်စာများကို သထုံကျောက်စာများနောက်တွင် ဖော်ပြထားကြောင်း တွေ့ရှိနိုင်ကြသည်။

**ပုဂံခေတ်ထိုးမွန်ကျောက်စာများ**

ပုဂံခေတ်တွင်ရေးထိုးခဲ့သည့်မွန်ကျောက်စာများအနက် ပုဂံ၊ သီရိပစ္စယာရွာရှိ ဖက်လိပ်ဘုရားတွင် တွေ့ရှိခဲ့သည့် ကျောက်စာအစိတ်အပိုင်းသည် အစောဆုံးဖြစ်ဖွယ်ရှိသည်။ ထိုကျောက်စာတွင် စာကြောင်းခုနစ်ကြောင်းသာပါသော်လည်း စာကြောင်းလေးကြောင်းတွင် ရေးထိုးထားသည့် စာသားအနည်းငယ်ကိုသာဖတ်ရှုနိုင်သဖြင့် မည်သည့်အကြောင်းအရာကို ရေးထိုးထားကြောင်း ပေါ်လွင်ထင်ရှားခြင်းမရှိပေ။

ပုဂံခေတ်ထိုးမွန်ကျောက်စာများအနက် ကျန်စစ်သားမင်းရေးထိုးခဲ့သည့် ကျောက်စာများသည် အထင်ရှားဆုံးဖြစ်သည်။ ကျန်စစ်သားမင်းသည် မွန်-မြန်မာချစ်ကြည်ရေးကို အထူးအလေးပေးသည့် ဘုရင်တစ်ပါးအဖြစ်ထင်ရှားသည်။ ကျန်စစ်သားသည် သူ၏ကျောက်စာများကို မွန်ဘာသာဖြင့်သာ ရေးထိုးခဲ့ရာ မွန်ကျောက်စာပေါင်းချုပ်စာအုပ်တွင် ကျန်စစ်သားရေးထိုးခဲ့သည့် ကျောက်စာရှစ်ချပ်ကိုဖော်ပြထားသည်။ ၎င်းတို့သည် ကျန်စစ်သားမင်း အတ္ထုပ္ပတ္တိကျောက်စာ၊ ကျန်စစ်သားမင်းနန်းတည်ကျောက်စာ၊မြကန်ကျောက်စာ၊အလံပုဂံကျောက်စာ၊ ပြည်ရွှေဆံတော်ဘုရားကျောက်စာ၊ သထုံကျိုက်တဲကျောက်စာ၊ ကျိုက်တလန်းကျောက်စာ၊ သထုံညောင်ဝိုင်းကျောက်စာတို့ဖြစ်သည်။ ထိုကျောက်စာများကို လက်ရှိအချိန်တွင် ပုဂံ၊ ပြည်၊ သထုံနှင့် ရန်ကုန်မြို့တို့တွင် ထိန်းသိမ်းထားရာ အတ္ထုပ္ပတ္တိကျောက်စာ၊ နန်းတည်ကျောက်စာ၊ ပြည်ရွှေဆံတော်ဘုရားကျောက်စာတို့သည် အထင်ရှားဆုံးဖြစ်သည်။

**ကျန်စစ်သားနန်းတည်ကျောက်စာ**

ပုဂံခေတ်ထိုး မွန်ကျောက်စာများအနက် ကျန်စစ်သားမင်းရေးထိုးခဲ့သည့် နန်းတည်ကျောက်စာသည် သမိုင်းမှတ်တမ်းအထောက်အထား တစ်ရပ်အဖြစ် ထင်ရှားခဲ့သည်။ ထို့ကြောင့် မြန်မာစာပေပညာရှင် ဆရာစောလူက ကျန်စစ်သားနန်းတည်ကျောက်စာသည် စာပေလက်ရာအဖြစ်ထက် မှတ်တမ်းအဖြစ်သာ ပိုမိုတန်ဖိုးရှိကြောင်း၊ ထိုခေတ်ကာလက ဘာသာရေး၊ လူမှုရေးဆိုင်ရာ အချက်အလက်တချို့ကို ဆင်ခြင်ဖွယ်ရာတွေ့ရှိရကြောင်းနှင့် ထိုခေတ်က ယုံကြည်ကိုးကွယ်မှုအခြေအနေကို သိနိုင်ကြောင်း သုံးသပ်ရေးသားခဲ့သည်။

ကျန်စစ်သားသည် နန်းတော်တည်သည့် အခမ်းအနားတွင် မွန်တိုင်းရင်းသားများ အထွတ်အမြတ်ထားသည့် ဂဝံပတိမထေရ်ကို ဘုရားရှင်ရုပ်ပွားတော်၊ ပိဋကသုံးပုံနှင့်အတူ ဦးထိပ်ပန်ဆင်ခဲ့ခြင်းဖြင့် မွန်တို့၏ ချစ်ကြည်မှုကိုရယူရန် ဆောင်ရွက်ခဲ့သည်။ မွန်တို့က ရဟန္တာဂဝံပတိမထေရ်သည် အတိတ်ဘဝက သထုံပြည်ရှင် သီဟရာဇာဖြစ်ခဲ့ကြောင်းနှင့် ထိုဘဝက စုတေပြီးနောက် ဘုရားရှင်၏ သာဝက ဖြစ်ခဲ့သည်ဟု ယုံကြည်ကြသည်။ မွန်ရာဇဝင်သမိုင်းအားလုံးကို ရဟန္တာဂဝံပတိက ဟောကြားသည်ဟုလည်း လက်ခံထားကြသည်။ ထို့ကြောင့် ဂဝံပတိအကြောင်းရေးသားခြင်း၊ ဂဝံပတိကို ကိုးကွယ်ခြင်းသည် ကျန်စစ်သားမင်းကြီးက မွန်တို့ကိုစည်းရုံးခြင်းတစ်မျိုးဖြစ်မည်ဟု မွန်တိုင်းရင်းသား ပညာရှင်နိုင်ပန်းလှက ရေးသားခဲ့သည်။

ကျန်စစ်သားနန်းတည်ရာတွင် ဗုဒ္ဓဘုရားရှင်ကိုသာမက ဂဝံပတိအား ကိုးကွယ်မှုကိုပါ တွေ့ရပြီး အခမ်းအနားကို ဦးဆောင်သည့် ပုဏ္ဏား၊ ဟူးရား၊ ဗိသုကာများသည် ဗိဿနိုးနှင့်နဂါးတို့ကို ရှိခိုး၍ ငှက်ပျောသီးငယ်၊ ကြံတို့ဖြင့် ပြင်ဆင်ထားသော ငှက်ပျောပွဲများ၊ ထမင်းခေါ်ခွက်များဖြင့် ပူဇော်ခဲ့သည်။ ရွှေငွေ ကလသာအိုး၊ နေစာမြက်၊ ဆန်ရင်းထည့်ထားသော ခရုသင်းရေ၊ ရွှေပန်းသံတုတ်ပေါင်းလန်း၊ ဆီမီးဒေါင်းလန်းစသည်တို့ အပါအဝင်ဖြစ်သည်။ အခမ်းအနားတွင် မဟာထေရ်အရဟံ အမှူးပြုသော ရဟန်း ၄၁၀၈ ပါးသည် ပရိတ်တော်များ ရွတ်ဖတ်ကြောင်း ကျောက်စာတွင် ရေးထိုးထားသည်။

ထိုအချိန်က နန်းတော်တည်ဆောက်ရာတွင် မွန်တိုင်းရင်းသားများက ဦးဆောင်လုပ်ကိုင်ခဲ့ဟန်ရှိကာ နန်းတော်တည်ဆောက်နေစဉ် ဥပုသ်ရက်များ၌ ရဟန်းတော်များသည် နန်းတော်ဇေတဝန်ဆောင်၌ သီတင်းသုံးကြသည်။ ညနေချမ်းအချိန်များတွင် မွန်အကြီးအကဲများ၏သားများက ရဟန်းတော်များထံသို့ သွားရောက်ကြသည်။ ထို့အတူ ပုဏ္ဏား၊ ဟူးရားတို့၏ သမီးငယ်များကလည်း နေရာပေးခံကြရသည်။ ညသန်းခေါင်ချိန်တွင် ရှင်အရဟံနှင့် သံဃာများသည် ပရိတ်ရွတ်မည့် အိမ်သို့ဝင်ကာ သီတင်းသုံးကြသည်။ တေးသီချင်းများ သီဆိုချိန်တွင် မြန်မာသီချင်း၊ မွန်သီချင်း၊ ပျူသီချင်း၊ မင်သီချင်းများကို သီဆိုကြကြောင်းရေးထိုးထားရာ မင်သည်မည်သည့်လူမျိုးဟု မခန့်မှန်းနိုင်သော်လည်း ထိုအချိန်က ပုဂံတွင် မြန်မာ၊ မွန်နှင့် ပျူများရှိခဲ့ကြောင်း ထင်ရှားခဲ့သည်။

ကျောက်စာအစ၌ တန်ဆောင်မုန်းလဆန်း နှစ်ရက်၊ တနင်္လာနေ့ရောက်သောအခါ သံပျင်ကြီး၊ သံပျင်ငယ်၊ ကလန်သူကြီး၊ ပုဏ္ဏား၊ ဟူးရား၊ ဗိသုကာနှင့် ဝေါထမ်းပုဏ္ဏားတို့သည် အတွင်းအင်္ကျီတို၊ အပြင်အင်္ကျီရှည်၊ ပုဆိုးဖြူတို့ကို ဝတ်ဆင်ကြ၏။ ထို့နောက် ၁၂၆ ယောက်သော မွန်လူမျိုးတို့သည် ပုဆိုးဖြူနှင့်တကွ ကြေးကလသာ အိုး၊ မြေကလသာ အိုးတို့ကို ပိုက်ပွေ့ထားကြ၏ဟု အစချီကာ နန်းတော်တည်ဆောက်မည့် ဥရုတိုင်၊ ကြငှန်းတိုင် ၂၀၊ အလုံးစုံသောတိုင်များနှင့် ကိရိယာတန်ဆာပလာများကို ဆေးကြောကြပုံကို ရေးထိုးထားသည်။

ကျောက်စာ အပိုင်း(ခ)တွင် တပို့တွဲလဆန်း ၅ ရက်၊ စနေနေ့၊ တပေါင်းလဆန်း ၅ ရက်၊ တနင်္ဂနွေနေ့နှင့် တပေါင်းလဆန်း ၆ ရက်၊ တနင်္လာနေ့တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းကိစ္စများကို ရေးထိုးခဲ့သည်။ ကျန်ကျောက်စာအပိုင်းများတွင် ပျက်နေသည့် စာသားများကို မြန်မာဘာသာသို့ ပြန်ဆိုနိုင်ခြင်းမရှိချေ။ ကျောက်စာနောက်ဆုံးပိုင်းတွင် တောက်ပသော ရွှေဖြင့်ပြီး၍ များလှစွာသော ရတနာတို့ဖြင့် စီခြယ်အပ်သည့် သီဟာသနပလ္လင် ထုလုပ်ထားပုံကို အသေးစိတ်ဖော်ပြကာ အဆုံးသတ်ထားသည်။


ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနသည် ကျန်စစ်သားနန်းတော်ရာနေရာကို ၁၉၉၀ ပြည့်နှစ်နှင့် ၁၉၉၇ ခုနှစ်တို့တွင် တူးဖော်သုတေသနပြုခဲ့သည်။ ကျန်စစ်သား၏ နန်းတော်ရာနေရာသည် ပုဂံအရှေ့ဘက်မြို့ရိုးနှင့် နီးကပ်ပြီး နန်းတော်အရှေ့ဘက်အုတ်ခုံနှင့် ပုဂံအရှေ့ဘက်မြို့ရိုးသည် ပေ ၅၀၀ သာကွာဝေး၍ တောင်ဘက်မြို့ရိုးနှင့် ပေ ၉၅၀ ကွာဝေးသည်။ ထို့အတူ ပုဂံအနောက်ဘက်မြို့ရိုးမှ ၁၇၆၄ ပေ နှင့် မြောက်ဘက်မြို့ရိုးမှ ၁၀၆၅ ပေကွာဝေးကြောင်းတွေ့ရှိရသည်။

ပုဂံဘုရင်ကျန်စစ်သားမင်းသည် ခမ်းနားထည်ဝါသည့် နန်းတော်ကြီးကိုတည်ဆောက်ကာ နန်းတည်ကျောက်စာကို ရေးထိုးစိုက်ထူခဲ့သဖြင့် ခိုင်မာသော ပုဂံသမိုင်းအထောက်အထား မှတ်တမ်းတစ်ရပ်အဖြစ် အကိုးအကားပြုနိုင်ခဲ့ကြသည်။ နန်းတော်ကျောက်စာသည် တည်ဆောက်သည့် ခုနှစ်သက္ကရာဇ်နှင့် ပြီးဆုံးသည့်အချိန်မပါရှိသော်လည်း နန်းတော်တည်ဆောက်ပုံနှင့် ထိုစဉ်ကပြုလုပ်ခဲ့သည့် ဓလေ့ထုံးတမ်းများကို အစုံအလင် မှတ်တမ်းပြုသဖြင့် ပုဂံခေတ်၏ထင်ရှားသော သမိုင်းပုံရိပ်တစ်ခုဖြစ်လာခဲ့သည်။ ပုဂံဘုရင်ကျန်စစ်သားရေးထိုးခဲ့သည့် နန်းတည်ကျောက်စာအပါအဝင် မွန်ကျောက်စာများသည် ပုဂံခေတ်မွန်-မြန်မာ ချစ်ကြည်ရေးပုံရိပ် အထောက်အထားများဖြစ်ခဲ့ကြကြောင်း ရေးသားလိုက်ရပါသည်။


**ကိုးကား**

- ရှေးဟောင်းမွန်ကျောက်စာပေါင်းချုပ်(ဦးချစ်သိန်း)
- ပုဂံခေတ်မြန်မာစာ(စောလူ)
- ပုဂံဆက်ပုဂံခေတ် မြန်မာရာဇဝင် (ဒေါက်တာသန်းထွန်း)

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စွန်တာပြာပဲ ၁၁၂၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စွန်တာပြာပဲ ၁၁၂၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စွန်တာပြာပဲ ဧက ၆၀၉၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇူလိုင်လ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မုံရွာမြို့နယ်တွင် ၈၃၅ ဧက၊ ဘုတလင်မြို့နယ်တွင် ၁၅၃ ဧက၊ ချောင်းဦးမြို့နယ်တွင် ၁၃၅ ဧက စုစုပေါင်း ၁၁၂၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာခရိုင်မှာ စွန်တာပြာပဲ ဧက ၆၀၉၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ စွန်တာပြာပဲ စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးတာတွေ ရှိပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

ယခုနှစ် မုံရွာခရိုင်တွင် စွန်တာပြာပဲ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ဧက ၁၉၈၀၀၊ ဘုတလင်မြို့နယ်တွင် ဧက ၄၀၀၀၊ အရာတော်မြို့နယ်တွင် ဧက ၃၅၂၀၀၊ ချောင်းဦးမြို့နယ်တွင် ဧက ၁၉၀၀ စုစုပေါင်း ဧက ၆၀၉၀၀ ဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် စွန်တာပြာပဲ စိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စွန်တာပြာပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စွန်တာပြာပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးပြေမပိသာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း ဩဂုတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးပြေမပိသာချိန် အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ကြည်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ကုန် အမျိုးမျိုးကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ဇွန်လအတွင်းက ငါးပြေမပိသာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငါးပြေမပိသာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသထွက် ငါးပြေမတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုကောင်းခဲ့ပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ငါးပြေမပိသာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်ကနေ ငါးပြေမတွေအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံးတင်ပို့ရောင်းချပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်ကြည်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးပြေမ ၁၀ ပိသာလျှင် အရွယ်အစားပေါ်မူတည်၍ ငွေကျပ် ၁၉၅၀၀၀ မှ ၂၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ ငါးပြေမများ အရောင်းအဝယ်ကောင်းလာသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များက ထပ်တိုး မွေးမြူလာကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## ရေဘေးအန္တရာယ် ဖြေရှင်းမယ်

\- မိုးကာလမှာလေ
ရေတွေကကြီး၊
သောင်ကမ်းရယ်ပြို
လက်ကမ်းကြို ပရဟိတကို
ပြုကြသွေးစည်း။

\- ရေသန့်နဲ့ စားစရာ
ကူညီပါ လက်မနှေး၊
မိုးရာသီ ရေဘေးကင်းဖို့
ချစ်ခြင်းတွေပေး။

\- ချစ်စရာ့ ရွှေမြန်မာ
စိတ်ထားဟာ မွန်မြတ်၊
ညီအစ်ကို မောင်နှမများ
လှုပ်ရှားပြုအပ်။

\- လာစမ်းကွဲ့ လောကဓံ
ရေဘေးရန် မကြောက်ဘူး၊
သွေးမကွဲပါဘူး
အတွေးမလွဲစွာ ရင်ဆိုင်ကြမယ်
လှမ်းစကြည့်နူး။

\- သဘာဝ အန္တရာယ်
ဖြတ်ကျော်မယ် သွေးစည်း၊
ရွှေပြည်တော် တိုင်းရင်းသားတို့
နိုးကြားကာ အတူလှမ်းမည်
ရွှင်လန်းခရီး။ ။

**ရွှေမြိုင်သူ(မြန်မာစာ)**

# လှိုင်းဘွဲ့မြို့နယ် လှကဇိုင်းကျေးရွာ၌ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း စစ်ဆေး

**လှိုင်းဘွဲ့ ဩဂုတ် ၁၁**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လှကဇိုင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာဝင်းစံ၊ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် ခရိုင်၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက လှကဇိုင်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်သီတာဝင်းစံက ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ အရှည် ၃ ဒသမ ၅ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကရင်ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၁၃၆ ဒသမ ၇ သန်းဖြင့် တင်ဒါအောင်မြင်သည့် သမုဒယကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဘားအံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုကိုစိုး**

## မောင်းသူမဲ့ဒရုန်းယာဉ် ချေမှုန်းရေး ရဲတပ်ဖွဲ့အင်အားထပ်တိုးရန် ဂျာမနီအစိုးရ စီစဉ်

**ဘာလင် ဩဂုတ် ၁၁**

မောင်းသူမဲ့ဒရုန်းယာဉ် တန်ပြန်ချေမှုန်းရေး ဖက်ဒရယ်ရဲတပ်ဖွဲ့ အင်အားမြှင့်တင်ရန် ဂျာမနီအစိုးရက စီစဉ်ထားကြောင်း ဩဂုတ် ၁၀ ရက်သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အရေးကြီးသော မဟာဗျူဟာမြောက် လေဆိပ်တစ်ခုအတွင်းသို့ ဖောက်ခွဲရေးပစ္စည်းများ တပ်ဆင်ထားသော မောင်းသူမဲ့ဒရုန်းယာဉ် တစ်စင်း ပျံသန်းဝင်ရောက်လာခဲ့ပြီးနောက် မောင်းသူမဲ့ဒရုန်းယာဉ် ချေမှုန်းရေး ရဲတပ်ဖွဲ့အင်အားကို မြှင့်တင်ရန် ဂျာမနီအစိုးရက စီစဉ်ထားခြင်းဖြစ်သည်။

လိုက်ပဇစ်-ဟေးလ် လေဆိပ်သည် စစ်လက်နက်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးအတွက် ဂျာမနီတပ်မတော်က အသုံးပြုနေသော မဟာဗျူဟာမြောက် လေဆိပ်ဖြစ်သည်။

လိုက်ပဇစ် -ဟေးလ် လေဆိပ်အတွင်း ဖောက်ခွဲရေးပစ္စည်းများ တပ်ဆင်ထားသည့် မောင်းသူမဲ့ဒရုန်းယာဉ် ရှာဖွေတွေ့ရှိခဲ့ပြီးနောက် မောင်းသူမဲ့ဒရုန်းယာဉ် ချေမှုန်းရေး ရဲတပ်ဖွဲ့အင်အားကို ဦးရေ ၃၀၀ ထိ ထပ်တိုးရန်စီစဉ်ထားကြောင်း ဂျာမနီပြည်ထဲရေးဝန်ကြီး အလက်ဇန်းဒါးဒိုးဘရင့်က ပြောကြားထားသည်။

လိုက်ပဇစ်-ဟေးလ် လေဆိပ်၌ တွေ့ရှိခဲ့ရသော မောင်းသူမဲ့ဒရုန်းယာဉ်သည် ယူကရိန်းကုန်တင်လေယာဉ်တစ်စင်း၏ တောင်ပံတစ်ဖက်အပေါ် ကျရောက်ခဲ့သော်လည်း ပေါက်ကွဲခဲ့ခြင်းမရှိဟု ဂျာမနီတာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ကာဒစ္စတန် အလုပ်သမားပါတီ(ပီကေကေ)အတွက် ဥပဒေမူကြမ်းတစ်ရပ် တူကီယဲ လွှတ်တော်အမတ်များ အတည်ပြု



**အင်ကာရာ ဩဂုတ် ၁၁**

ကာဒစ္စတန် အလုပ်သမားပါတီ (ပီကေကေ) ကို ဖျက်သိမ်းရေးအတွက် ဥပဒေမူဘောင်တစ်ရပ် ချမှတ်ပေးထားသော ဥပဒေကြမ်းတစ်ရပ်ကို တူကီယဲလွှတ်တော်က ဩဂုတ် ၁၀ ရက်တွင် အတည်ပြုပေးခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါဥပဒေကြမ်းကို အတည်ပြုနိုင်ခဲ့ခြင်းသည် လူထောင်ပေါင်းများစွာသေဆုံးခဲ့ရသော နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သည့် ပြည်တွင်းစစ်ရေးပဋိပက္ခတစ်ရပ်ကို အဆုံးသတ်ရေးအတွက် အဓိကခြေလှမ်းတစ်ရပ်ဖြစ်သည်။

အဆိုပါ ဥပဒေကြမ်းသည် ဆိုးရွားသည့် ရာဇဝတ်မှုများ ကျူးလွန်ထားခြင်းမရှိသော ပီကေကေ လက်နက်ကိုင်အုပ်စုဝင်များကို ဥပဒေကြောင်းအရအကာအကွယ်ပေးထားပြီး တရားစွဲခံထားရသည့် ပီကေကေအဖွဲ့ဝင်အချို့အတွက် ပြစ်ဒဏ်များကိုလည်း ဆိုင်းငံ့ပေးထားသည်။

အဆိုပါဥပဒေကြမ်းကို တူကီယဲလွှတ်တော်အမတ် ဦးရေ ၆၀၀ အနက် ၄၆၈ ဦးတို့၏ ထောက်ခံမဲများဖြင့် အတည်ပြုနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ပြည်တွင်းဖြစ် ရေငုပ်သင်္ဘောဖျက် ဖရီဂိတ် စစ်သင်္ဘောသစ်တည်ဆောက်မှု ဗီယက်နမ်စတင်

**ဟန္နိုင်း ဩဂုတ် ၁၁**

ဗီယက်နမ်နိုင်ငံသည် နိုင်ငံ၏ အကြီးမားဆုံးနှင့် ခေတ်အမီဆုံး ပြည်တွင်းဖြစ် ရေငုပ်သင်္ဘောဖျက် ဖရီဂိတ် စစ်သင်္ဘောကို စတင်တည်ဆောက်နေပြီ ဖြစ်ကြောင်း ယနေ့သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနကဖော်ပြထားသည်။

အဆိုပါ ရေငုပ်သင်္ဘောဖျက် ဖရီဂိတ်စစ်သင်္ဘောကို ဒါနန်းမြို့ရှိ ဗီယက်နမ်ကာကွယ်ရေးဝန်ကြီးဌာနပိုင် ဆောင်သူသင်္ဘောကျင်း၌ စတင် တည်ဆောက်နေခြင်းဖြစ်ကြောင်း ဗီယက်နမ်တပ်မတော် မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ဖရီဂိတ်စစ်သင်္ဘော၌ တပ်ဆင်မည့် လက်နက်များနှင့် စစ်သုံးပစ္စည်း အများစုကိုလည်း ဗီယက်နမ် ပြည်တွင်းမှာပင် တည်ဆောက် ထုတ်လုပ်မည်ဖြစ်ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံသည် စစ်လက်နက်ပစ္စည်းများအတွက် ရုရှားနိုင်ငံအပေါ် အားပြုမှီခိုနေရမှုကို လျှော့ချရန် ကြိုးပမ်းနေပြီး တစ်ချိန်တည်းမှာပင် ပြည်တွင်းစစ်လက်နက်ပစ္စည်း ထုတ်လုပ်ရေးကဏ္ဍကိုမြှင့်တင်ရန် ကြိုးပမ်းလျက်ရှိသည်။

ရေငုပ်သင်္ဘောဖျက် ဖရီဂိတ် စစ်သင်္ဘောသစ် တည်ဆောက်ရာတွင် ဗီယက်နမ်တပ်မတော်ပိုင် ဗီယက်တဲလ် ဆက်သွယ်ရေးနည်းပညာ ကုမ္ပဏီကလည်း ရေတပ်နှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

ဗီယက်နမ်ရေတပ်သည် ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်း ခေတ်မီရေတပ် တည်ဆောက်ရေး ကြိုးပမ်းခဲ့ပြီး ရုရှားလုပ်ရေငုပ်သင်္ဘောများနှင့် ဂျီပါဒ်ဖရီဂိတ် စစ်သင်္ဘောများကို ဝယ်ယူခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## ကြွေကရားများသယ်ဆောင်ထားသော ရောမခေတ် သင်္ဘောပျက်ကို စစ္စလီကျွန်းကမ်းလွန်၌ တွေ့ရှိ



**ရောမ ဩဂုတ် ၁၁**

ကြွေကရားပေါင်းများစွာ တင်ဆောင်ထားသော ရောမခေတ် သင်္ဘောပျက်တစ်စီးကို အီတလီနိုင်ငံ စစ္စလီကျွန်းကမ်းလွန်၌ ရေငုပ်သမားများက ရှာဖွေတွေ့ရှိခဲ့ကြောင်း ဩဂုတ် ၁၀ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

သက်တမ်းအားဖြင့် နှစ်ပေါင်း ၂၀၀၀ ကျော်ရှိသော အဆိုပါ သင်္ဘောပျက်ကို စစ္စလီကျွန်းကမ်းလွန် ရေအနက်၄၆ မီတာ(ပေ ၁၅၀) တွင် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အီတလီမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဝိုင်အရက်နှင့် ဆီအဖြစ်ယူဆရသည့်အရာများ ထည့်သွင်းထားသည့် ကြွေကရားပေါင်းများစွာ သယ်ဆောင်ထားသည့် အဆိုပါ သင်္ဘောသည် ဘီစီ တစ်ရာစု သို့မဟုတ် နှစ်ရာစု ခေတ်လောက်တွင် မုန်တိုင်းကြောင့် နစ်မြုပ်ခဲ့ဖွယ်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သင်္ဘောပျက်ကို ရှာဖွေတွေ့ရှိခဲ့ခြင်းသည် နှစ်ပေါင်းများစွာအတွင်း အရေးကြီးဆုံးပင်လယ်ရေအောက် ရှေးဟောင်းသုတေသန ရှာဖွေတွေ့ရှိမှုများထဲတွင် ပါဝင်ကြောင်း အီတလီယဉ်ကျေးမှုဝန်ကြီး အလက်ဇန်ဒရိုဂျီအူလီက ပြောကြားထားသည်။

ထိုသင်္ဘောပေါ်တွင်တင်ဆောင်ထားသည့် ကြွေကရားများမှာ ရာနှင့်ချီရှိသည်ဟု အီတလီရေငုပ်သမားများက ပြောကြားထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## အစ္စရေး၏ ဂိုလန်ကုန်းမြင့်ဒေသ ပိုင်ဆိုင်ခွင့် ကိုလံဘီယာနိုင်ငံ အသိအမှတ်ပြု

**ဘိုဂိုတာ ဩဂုတ် ၁၁**

အစ္စရေးနိုင်ငံ၏ ဂိုလန်ကုန်းမြင့်ဒေသပိုင်ဆိုင်ခွင့်ကို ကိုလံဘီယာ လက်ယာစွန်း အစိုးရအဖွဲ့သစ်က ဩဂုတ် ၁၀ ရက်တွင် အသိအမှတ်ပြုခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဆီးရီးယားနိုင်ငံ၏ ဂိုလန်ကုန်းမြင့်ဒေသကို အစ္စရေးအချုပ်အခြာအောက် ထည့်သွင်းမှုကို ယခင်က အမေရိကန်နိုင်ငံ တစ်နိုင်ငံတည်းကသာ အသိအမှတ်ပြုထားသည်။

သို့ရာတွင် ကိုလံဘီယာနိုင်ငံ အနေဖြင့်လည်း ဂိုလန်ကုန်းမြင့်ဒေသကို အစ္စရေးအချုပ်အခြာအောက် ထည့်သွင်းထားမှုကို အသိအမှတ် ပြုထားကြောင်း ကိုလံဘီယာ နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဩဂုတ် ၇ ရက်တွင်ကိုလံဘီယာ သမ္မတရာထူး စတင်ရယူခဲ့သော လက်ယာစွန်း နိုင်ငံရေးဝါဒီသမ္မတသစ် ဒီလာအက်စပီရယ်လာသည် ပြည်တွင်းလက်နက်ကိုင် ပုန်ကန်မှုများကို ထိန်းချုပ်ရေးအတွက် အမေရိကန်၊ အစ္စရေးနိုင်ငံတို့နှင့် ဆက်ဆံရေးမြှင့်တင်ရန် ကတိပြုထားသည်။

အစ္စရေးနိုင်ငံသည် ၁၉၆၇ ခုနှစ် အရှေ့အလယ်ပိုင်း စစ်ပွဲကာလအတွင်း ဆီးရီးယားနိုင်ငံ ဂိုလန်ကုန်းမြင့်ဒေသကို သိမ်းပိုက်ခဲ့သည်။

အစ္စရေးနိုင်ငံသည် ၁၉၈၁ ခုနှစ်တွင် ဂိုလန်ကုန်းမြင့်ဒေသကို အစ္စရေး အချုပ်အခြာအောက် ထည့်သွင်းကြောင်း ကြေညာထားသော်လည်း ကုလသမဂ္ဂနှင့် ကမ္ဘာ့နိုင်ငံများကမူ ဂိုလန်ကုန်းမြင့်ကို ဆီးရီးယားအချုပ်အခြာပိုင် ဒေသအဖြစ်သာ သတ်မှတ်ထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



# Katalyst အာကာသနည်းပညာကုမ္ပဏီက လင့်ခ်အာကာသယာဉ်၏ မွှတ်မွှတ်လည်မှုနှုန်းကို ပြန်လည်လျှော့ချနိုင်ခဲ့



**ဝါရှင်တန် ဩဂုတ် ၁၁**

အမေရိကန်နိုင်ငံအခြေစိုက် Katalyst အာကာသနည်းပညာကုမ္ပဏီသည် လင့်ခ်အာကာသယာဉ်၏ မွှတ်မွှတ်လည်မှုနှုန်းကို ပြန်လည် လျှော့ချနိုင်ခဲ့ကြောင်း ဩဂုတ် ၁၀ ရက် သတင်းများအရ သိရသည်။

Katalyst အာကာသနည်းပညာကုမ္ပဏီသည် အမေရိကန် အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဆွစ်ဖ်အာကာသ ရေဒီယိုတယ်လီစကုပ်ကို ပတ်လမ်းအမြင့် မြှင့်တင်ပေးရေးအတွက် လင့်ခ်အာကာသယာဉ်ကို ယခုနှစ် ဇူလိုင် ၃ ရက်တွင် လွှတ်တင်ထားခြင်းဖြစ်ကြောင်း သိရသည်။

သို့ရာတွင် လွှတ်တင်ပြီးနောက် ဒုံးအင်ဂျင် ပြဿနာတစ်ရပ်ကြောင့် လင့်ခ်အာကာသယာဉ်မှာ မွှတ်မွှတ်လည်နေခဲ့ပြီး မြေပြင်စခန်းနှင့် အဆက်အသွယ်ပြုလုပ်ရာတွင် အခက်အခဲများရှိခဲ့ရကြောင်း သိရသည်။

သို့ရာတွင် လက်ရှိအချိန်တွင် Katalyst အာကာသနည်းပညာကုမ္ပဏီ ကျွမ်းကျင်သူများသည် လင့်ခ်အာကာသယာဉ်၏ လျှပ်စစ်စွမ်းအင်သုံး ဒုံးကန်အားစနစ်တစ်ခုကိုအသုံးပြုကာ အာကာသယာဉ်၏ မွှတ်မွှတ်လည်မှုနှုန်းကို ပြန်လည်လျှော့ချနိုင်ပြီဖြစ်ကြောင်း သိရသည်။

လင့်ခ်အာကာသယာဉ်သည် နေမျက်နှာပြင် လှုပ်ရှားမှုများကြောင့် ပတ်လမ်းအမြင့်ကျဆင်းလာသော ဆွစ်ဖ်အာကာသရေဒီယိုတယ်လီစကုပ်၏ပတ်လမ်းအမြင့်ကို မြှင့်တင်ပေးရမည်ဖြစ်ကြောင်း သိရသည်။

ဆွစ်ဖ် အာကာသရေဒီယိုတယ်လီစကုပ်သည် မူလက ကမ္ဘာ့မြေပြင်အထက် အမြင့် ၃၇၅ မိုင်အကွာ ပတ်လမ်းပေါ်တွင် နေရာယူထားသော်လည်း လက်ရှိပတ်လမ်းအမြင့်မှာ မိုင် ၂၅၀ အောက်တွင်သာ ရှိတော့ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# ကိုယ်ဝန်ဆောင်အမျိုးသမီးများ သွေးအတွင်းသကြားဓာတ်ပါဝင်နှုန်းမြင့်မားမှုစိုးရိမ်ဖွယ်အဆင့်ရှိ

**လန်ဒန် ဩဂုတ် ၁၁**

ဗြိတိန်နိုင်ငံရှိ ကိုယ်ဝန်ဆောင်အမျိုးသမီးများ သွေးအတွင်းသကြားဓာတ် ပါဝင်နှုန်းမြင့်မားမှု စိုးရိမ်ဖွယ်အဆင့်ထိ ဖြစ်လာကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ ဩဂုတ် ၁၀ ရက် သတင်းများအရ သိရသည်။

သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဗြိတိန်အမျိုးသမီးများတွင်ကိုယ်ဝန်ဆောင်ကာလ သွေးအတွင်းသကြားဓာတ်ပါဝင်နှုန်း မြင့်မားမှုပြဿနာမှာ ငါးနှစ်အတွင်း ၆၀ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။

၂၀၁၈ ခုနှစ်တွင် ဗြိတိန်ကိုယ်ဝန်ဆောင်အမျိုးသမီး ၁၂ ဦးလျှင် တစ်ဦးတွင် သွေးအတွင်းသကြားဓာတ်ပါဝင်မှုနှုန်း မြင့်မားမှု ပြဿနာပေါ်ထွက်ခဲ့သော်လည်း ၂၀၂၂ ခုနှစ်လျှင် ကိုယ်ဝန်ဆောင်အမျိုးသမီးရှစ်ဦးတွင် တစ်ဦးထိ အထက်ပါပြဿနာကို ရင်ဆိုင်လာရကြောင်းသုတေသနပညာရှင်များက ပြောကြားသည်။

သွေးအတွင်းသကြားဓာတ်မြင့်မားမှုပြဿနာကြောင့် မိခင်လောင်းဘဝတွင် သွေးအတွင်းသကြားဓာတ်ပါဝင်မှု အလွန်မြင့်တက်လာတတ်ပြီး မီးဖွားပြီးချိန်တွင် ပုံမှန်အဆင့်သို့ ပြန်လည်ကျဆင်းသွားတတ်သည်။

သွေးအတွင်းသကြားဓာတ်မြင့်မားမှုပြဿနာသည် သန္ဓေသားထံ အာဟာရဓာတ်များနှင့် အောက်ဆီဂျင်များ ပေးပို့ပေးသည့် ချက်ကြိုးအပေါ် ဆိုးကျိုးသက်ရောက်မှုရှိတတ်သည်။

ထို့ပြင် သွေးအတွင်းသကြားဓာတ်မြင့်မားမှုကြောင့် မိခင်လောင်းများ၌ သွေးဖိအားအဆင့်မြင့်တက်လာတတ်ပြီး လေဖြတ်နိုင်ခြေနှင့် နှလုံးရောဂါဖြစ်နိုင်ခြေများလည်း မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

Ref : Sputnik News
Trs : KKO

# လူစီအာကာသယာဉ်က ထရိုဂျင်ဂြိုဟ်သိမ်အုပ်စုဝင် ဂြိုဟ်သိမ်များကို အနီးကပ်မဖြတ်ကျော်မီ ကင်မရာစနစ်စမ်းသပ်မှုများကို စတင်နေပြီဖြစ်

**ဝါရှင်တန် ဩဂုတ် ၁၁**

အမေရိကန်အစိုးရအမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ လူစီအာကာသယာဉ်သည် ပထမဆုံး ထရိုဂျင်ဂြိုဟ်သိမ်အုပ်စုဝင် ဂြိုဟ်သိမ်များကို အနီးကပ်မဖြတ်ကျော်မီ ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ကင်မရာစနစ်စမ်းသပ်မှုများကို စတင်နေပြီဖြစ်ကြောင်း ဩဂုတ် ၁၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

လူစီအာကာသယာဉ်သည် ၂၀၂၇ ခုနှစ် ဩဂုတ်လနှင့် ၂၀၂၈ ခုနှစ် နိုဝင်ဘာလကြားကာလအတွင်း ယူရီဘားတက်စ်၊ ပိုလီမီလီ၊ လူးကပ်စ်နှင့် အောရပ်စ်အမည်ရှိ ထရိုဂျင်အုပ်စုဝင် ဂြိုဟ်သိမ်လေးစင်းကို အနီးကပ် ဖြတ်ကျော်ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။



လက်ရှိတွင် အထက်ပါဂြိုဟ်သိမ်များဆီသို့ လူစီအာကာသယာဉ် မရောက်ရှိမီ လေ့လာစူးစမ်းရာတွင် အသုံးပြုမည့် အကောင်းဆုံး ကင်မရာစနစ်ကို ရွေးချယ်ရေးအတွက် နာဆာအဖွဲ့သည် လူစီအာကာသယာဉ်၏ ကင်မရာစနစ်များကို စတင်စမ်းသပ်နေပြီဖြစ်ကြောင်း သိရသည်။

လူစီအာကာသယာဉ်သည် အထက်ပါ ထရိုဂျင်ဂြိုဟ်သိမ်အုပ်စုဝင် ဂြိုဟ်သိမ်လေးစင်းကို ၂၀၂၇ ခုနှစ်နှင့် ၂၀၂၈ ခုနှစ်အကြားကာလအတွင်း တစ်နာရီလျှင် မိုင် ၁၆၀၀၀ အမြန်နှုန်းဖြင့် ဖြတ်ကျော်ပျံသန်းမည်ဖြစ်ပြီး ထရိုဂျင်အုပ်စုဝင်ဂြိုဟ်သိမ်များသည် ကြာသပတေးဂြိုဟ်၏နေပတ်လမ်းပေါ်သို့ နေရာယူ၍ နေကိုလှည့်ပတ်နေသည့် ဂြိုဟ်သိမ်များဖြစ်ကြကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# သွားဖုံးသွေးယိုမှုပြဿနာက ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ မြင့်တက်နိုင်

**လစ္စဘွန်း ဩဂုတ် ၁၁**

သွားဖုံးသွေးယိုမှု ပြဿနာသည် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေမြင့်တက်မှုနှင့် ဆက်စပ်နိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ ဩဂုတ် ၁၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ကာလရှည် ရောင်ရမ်းမှုပြဿနာကြောင့်သွားကိုအထောက်အပံ့ပေးထားသည့် တစ်ရှူးများနှင့် အရိုးပျက်စီးသွားချိန်တွင် သွားဖုံးသွေးယိုမှု ပြဿနာပေါ်ထွက် လာတတ်ကြောင်း၊ သွားဖုံးသွေးယိုမှု ပြဿနာသည် သွားဖုံးများရောင်ရမ်းသွေးယိုလာတတ်ပြီး ကုသခြင်းမရှိပါက သွားဆုံးရှုံးရတတ်သည်။

ပေါ်တူဂီသုတေသနပညာရှင်များသည် လူပေါင်း သုံးသိန်းခန့်ပါဝင်သည့် လေ့လာချက် ၂၈ ခုကို ပြန်လည်လေ့လာဆန်းစစ်၍ သွားဖုံးသွေးယိုမှု ဆက်စပ်မှုရှိ၊ မရှိ စစ်ဆေးဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ သွားဖုံးသွေးယိုမှုပြဿနာရှိသူများသည် ၎င်းပြဿနာမရှိသူများနှင့် နှိုင်းယှဉ်ပါက ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ ၁၈ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းထိ မြင့်တက်လာတတ်သည်ကို တွေ့ရသည်။

သွားဖုံးသွေးယိုမှု ပြဿနာကြောင့် သွားဆုံးရှုံးခဲ့ရသူများတွင်မူ ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေ ၃၀ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# စပေ့စ်အိတ်ကုမ္ပဏီက စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၄ စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့

**ဝါရှင်တန် ဩဂုတ် ၁၁**

အမေရိကန်နိုင်ငံအခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၄ စင်းကို အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း ဩဂုတ် ၁၀ ရက် သတင်းများအရ သိရသည်။

စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုသစ် ၂၄ စင်း သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး တစ်နာရီခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် သယ်ဆောင်ထားသည့် စတားလင့်ခ်ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့သည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ပထမအဆင့် ပင်မဒုံးယာဉ်ကမူ လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ပစိဖိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ ၁၆ ကြိမ်မြောက်အဖြစ် အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

အထက်ပါမစ်ရှင်အောင်မြင်မှုကြောင့် စပေ့စ်အိတ်ကုမ္ပဏီ၏ စတားလင့်ခ် ဂြိုဟ်တုကွန်ရက်၌ ဂြိုဟ်တုစင်းရေ ၁၀၉၀၀ ကျော်ထိ ရှိလာခဲ့ပြီဖြစ်သည်။

ဩဂုတ် ၈ ရက်မစ်ရှင်သည် စပေ့စ်အိတ်ကုမ္ပဏီက ၂၀၂၆ ခုနှစ်အတွင်း လွှတ်တင်ခဲ့သော ၉၂ ကြိမ်မြောက် ဖယ်လ်ကွန်-၉ မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# ဥရောပရွှေဖိနပ်ဆုကို ဘိုင်ယန်မြူးနစ်အသင်းမှ ဟယ်ရီကိန်း ဒုတိယအကြိမ်မြောက်ဆွတ်ခူး

ဘာလင် ဩဂုတ် ၁၁

ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်မှူးဟယ်ရီကိန်းသည် ဥရောပ သွင်းဂိုးအများဆုံး ကစားသမားဆုဖြစ်သည့် ရွှေဖိနပ်ဆုကို ဒုတိယအကြိမ်မြောက် ဆွတ်ခူးခဲ့ကြောင်း Sportsgully သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဥရောပ ဘောလုံးအဖွဲ့ချုပ်က ဥရောပ သွင်းဂိုးအများဆုံးကစားသမားဆုဖြစ်သည့် ရွှေဖိနပ်ဆုကို ဥရောပထိပ်တန်းလိဂ် ငါးခုဖြစ်သည့် ပရီးမီးယားလိဂ်၊ စပိန်လာလီဂါ၊ ပြင်သစ်လီဂူဝမ်း၊ အီတလီစီးရီးအေ၊ ဂျာမန်ဘွန်ဒက်လီဂါ ပြိုင်ပွဲတို့တွင် ကစားနေသည့် ကစားသမားများအတွက် သွင်းဂိုးတစ်ဂိုးလျှင် ရမှတ် နှစ်မှတ်၊ ကျန်လိဂ်မှ ကစားသမားများအတွက် သွင်းဂိုး တစ်ဂိုးလျှင်ရမှတ် ၁ ဒသမ ၅ မှတ်ဖြင့် သတ်မှတ်ကာ ချီးမြှင့်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ဟယ်ရီကိန်းသည် ပြီးခဲ့သည့်နှစ်ဘောလုံးရာသီက ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲတွင် သွင်းဂိုး ၃၆ ဂိုးထိ သွင်းယူခဲ့သည့်အတွက် ရမှတ် ၇၂ မှတ်ရရှိခဲ့ကာ ဥရောပရွှေဖိနပ်ဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဟယ်ရီကိန်းသည် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီကလည်း စပါးအသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ပထမဆုံး ဘောလုံးရာသီတွင်ပင် ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲ၌ သွင်းဂိုး ၃၆ ဂိုးသွင်းယူခဲ့ကာ ပထမဆုံး ဥရောပ ရွှေဖိနပ်ဆုဆွတ်ခူးခဲ့ပြီး ယခုအခါ ဒုတိယအကြိမ်မြောက် ဆွတ်ခူးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Sportsgully

Trs : STA



# အရှေ့တောင်အာရှချန်ပီယံရှစ်ကြက်တောင်ရိုက်ပြိုင်ပွဲ မြန်မာနိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဩဂုတ် ၁၁

အရှေ့တောင်အာရှချန်ပီယံရှစ် ကြက်တောင်ရိုက် ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ လက်ရွေးစင်ကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည်ဟု မြန်မာနိုင်ငံကြက်တောင်ရိုက်အဖွဲ့ချုပ်က ယနေ့တွင် သတင်းထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အရှေ့တောင်အာရှချန်ပီယံရှစ် ကြက်တောင်ရိုက် ပြိုင်ပွဲကို ဩဂုတ် ၁၈ ရက်မှ ၂၁ ရက်ထိ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ အရှေ့တောင်အာရှ ချန်ပီယံရှစ်ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ဒေသတွင်းနိုင်ငံများမှ ထိပ်တန်း ကြက်တောင်ရိုက် ကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာလက်ရွေးစင် ကစားသမားများလည်း ပြိုင်ပွဲအမျိုးအစားအများစုတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အရှေ့တောင်အာရှချန်ပီယံရှစ် ကြက်တောင်ရိုက် ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အလွတ်တန်းပြိုင်ပွဲအမျိုးအစား၊ အသက် ၁၉ နှစ်အောက်နှင့် အသက် ၁၆ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲအမျိုးအစား၊ အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲအမျိုးအစား၊ အမျိုးသား+အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲအမျိုးအစားတို့တွင် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

အရှေ့တောင်အာရှချန်ပီယံရှစ် ကြက်တောင်ရိုက် ပြိုင်ပွဲတွင် မြန်မာလက်ရွေးစင် ကစားသမားများ၏ပြိုင်ပွဲအမျိုးအစားအလိုက် ကစားရမည့် ရက်များကို မြန်မာနိုင်ငံ ကြက်တောင်ရိုက်အဖွဲ့ချုပ်က ဆက်လက်သတင်းထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သိရသည်။

STA

# ထိုင်းဘုရင့်ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံက ရွှေတံဆိပ်တစ်ခုနှင့် ငွေတံဆိပ်သုံးခုဆွတ်ခူး

ရန်ကုန် ဩဂုတ် ၁၁

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၃၉ ကြိမ်မြောက် ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယနေ့တွင် ကျင်းပခဲ့ရာ မြန်မာနိုင်ငံက ရွှေတံဆိပ်တစ်ခုနှင့် ငွေတံဆိပ်သုံးခု ဆွတ်ခူးခဲ့ကြောင်း သိရသည်။



မြန်မာပိုက်ကျော်ခြင်း အသင်းသည် ထိုင်းဘုရင့်ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲ၌ ပြိုင်ပွဲအမျိုးအစား ခြောက်မျိုးပါဝင်ယှဉ်ပြိုင်ခဲ့ရာ အမျိုးသားလေးယောက်တွဲပြိုင်ပွဲတွင် ရွှေတံဆိပ်၊ အမျိုးသား ကွင်းသွင်းခြင်းပြိုင်ပွဲတွင် ငွေတံဆိပ်၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် ငွေတံဆိပ်၊ အမျိုးသမီးကွင်းသွင်းခြင်း ပြိုင်ပွဲတွင် ငွေတံဆိပ်ဆုတို့ရရှိခဲ့ပြီးအမျိုးသားသုံးယောက်တွဲပြိုင်ပွဲနှင့် အမျိုးသမီးလေးယောက်တွဲ ပြိုင်ပွဲတို့တွင် ဆုတံဆိပ်နှင့်လွဲချော်ခဲ့သည်။

၃၉ ကြိမ်မြောက် ထိုင်းဘုရင့်ဖလားပိုက်ကျော်ခြင်း ပြိုင်ပွဲတွင် မြန်မာ ပိုက်ကျော်ခြင်းအမျိုးသားအသင်း၌ ထူးအောင်ကျော်၊ ဟန်ဝင်းထွဋ်၊ ထွန်းဝဏ္ဏအောင်၊ အောင်ဇော်ဟိန်း၊ရဲထက်၊ ချစ်လွန်းပို၊ အောင်မျိုးကျော်၊ ကျော်မင်းသူ၊ ဇော်မင်းခန့်၊ အောင်အောင်၊ ရန်ပိုင်စိုး၊ သက်ပိုင်စိုး၊ ဇင်လင်းထူး၊ မင်းရန်ခိုင်၊ ချစ်မင်းပိုင်၊ အမျိုးသမီးအသင်းတွင် ချယ်ရီလင်းသစ်၊ ယဉ်ယဉ်ငွေ၊ စန်းသီတာမိုး၊ ဖူးဖူး၊ ဆုမွန်ကျော်၊ နှင်းနှင်းဝေ၊ နန့်မေသူထွေး၊ ရွှန်းလဲ့ဇင်၊ နေခြည်နွေးတို့ ပါဝင်ခဲ့ကြသည်။

မြန်မာအသင်းသည်ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် နှစ်စဉ်ဝင်ရောက် ယှဉ်ပြိုင်ခဲ့ပြီး ယခုနှစ်တွင်လည်း ဆုတံဆိပ်များ ထပ်မံ ဆွတ်ခူးခဲ့ကြောင်း သိရသည်။

STA

# ဥရောပဘောလုံးသမိုင်းတစ်လျှောက် အဆိုးရွားဆုံးကစားသမားခေါ်ယူမှုအဖြစ် ဟာဇက်၊ နေမာ၊ ဂရစ်ဇ်မန်းတို့ ထိပ်ဆုံး၌ရပ်တည်

လန်ဒန် ဩဂုတ် ၁၁

ဥရောပ ဘောလုံးသမိုင်းတစ်လျှောက် အပြောင်းအရွှေ့ကာလများအတွင်း အဆိုးရွားဆုံး ကစားသမားခေါ်ယူမှုအဖြစ် ဟာဇက်၊ နေမာ၊ ဂရစ်ဇ်မန်းတို့က ထိပ်ဆုံးမှ အစဉ်လိုက် ရပ်တည်နေကြောင်း Sports Illustrated သတင်းဝက်ဘ်ဆိုက်က ယနေ့တွင်ဖော်ပြခဲ့သည်။

ဟာဇက်သည် ၂၀၁၉ ခုနှစ်က ချဲလ်ဆီးအသင်းမှ ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကြေးယူရိုသန်း ၁၀၀ ဖြင့် ပြောင်းရွှေ့ရောက်ရှိခဲ့ပြီး ကစားသမားအနေဖြင့် ပထမဆုံးပွဲထွက်ဘောလုံးရာသီ၌ သွင်းဂိုး တစ်ဂိုးသာရရှိခဲ့ကာ ၎င်းမထွက်ခွာမီ ကစားခဲ့သည့် ဘောလုံးရာသီသုံးရာသီတွင်လည်း သွင်းဂိုးခြောက်ဂိုးသာ သွင်းယူခဲ့သည့်အတွက် အဆိုးရွားဆုံး ကစားသမားခေါ်ယူမှုအဖြစ် ထိပ်ဆုံးတွင် ရပ်တည်ခဲ့သည်။

အလားတူ နေမာသည်လည်း ၂၀၂၃ ခုနှစ်က ပီအက်စ်ဂျီအသင်းမှ ဆော်ဒီအာရေဗျကလပ် အယ်လ်ဟိုင်လယ်အသင်းသို့ ယူရိုသန်း ၉၀ ဖြင့် ပြောင်းရွှေ့ခဲ့ပြီးနောက် ဒဏ်ရာ ပြဿနာများဖြင့်သာ ရုန်းကန်နေရသဖြင့် အသင်းအတွက် ပြိုင်ပွဲစုံခုနစ်ပွဲတွင် သွင်းဂိုးတစ်ဂိုးသာ သွင်းယူခဲ့သောကြောင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် အသင်းမှထွက်ခွာခဲ့ပြီး ဒုတိယမြောက် အဆိုးရွားဆုံး ကစားသမားခေါ်ယူမှုဖြစ်ခဲ့သည်။

ထို့အတူ ဂရစ်ဇ်မန်းသည်လည်း ၂၀၂၁ ခုနှစ်က အေတီကိုအသင်းမှ ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကြေး ယူရိုသန်း ၁၂၀ ဖြင့် ပြောင်းရွှေ့ခဲ့သော်လည်း ၎င်းအနေဖြင့် ဘာစီလိုနာအသင်းနှင့်အတူ ဘောလုံးရာသီနှစ်ရာသီအတွင်း ကိုပါဒယ်ရေးဖလားတစ်လုံးသာ ဆွတ်ခူးခဲ့သောကြောင့် တတိယမြောက် အဆိုးရွားဆုံး ကစားသမားခေါ်ယူမှုဖြစ်ခဲ့ကြောင်း သိရသည်။

Ref : Sports Illustrated

Trs : ML

# အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲအတွက် ရောဝတီအသင်းက ပြည်ပကစားသမားများ ထပ်မံခေါ်ယူမည်

ရန်ကုန် ဩဂုတ် ၁၁

မြန်မာနိုင်ငံ ကိုယ်စားပြုအဖြစ် အာရှ အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဝင်ရောက်ကစားမည့် ရောဝတီအသင်းသည် ပြိုင်ပွဲမတိုင်မီ ပြည်ပကစားသမားများ ခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

ရောဝတီအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီကမြန်မာ အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဖလား ဆွတ်ခူးခဲ့သည့်အတွက် လာမည့် အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲကို ခြေစစ်ပွဲအဆင့်မှ ကစားရမည်ဖြစ်သည်။

ရောဝတီအသင်းသည် အာရှအမျိုးသမီးပြိုင်ပွဲခြေစစ်ပွဲမတိုင်မီကလည်း ယခုနှစ်ဘောလုံးရာသီ



မြန်မာ အမျိုးသမီးလိဂ်ပြိုင်ပွဲအတွက် မြန်မာလက်ရွေးစင် အမျိုးသမီးအဆင့် ကစားသမားများဖြစ်သည့် နော်ထက်ထက်ဝေ၊ ဖြူဖွေး၊ မေထက်လူ အစရှိသည့် ထိပ်တန်း ကစားသမားများကို ခေါ်ယူထားပြီး လက်ရှိတွင်လည်း အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲတွင် အောင်မြင်မှုများရယူနိုင်ရန် ပြည်ပကစားသမား ခြောက်ဦးခန့် ထပ်မံခေါ်ယူရန် ပြင်ဆင်နေခြင်းဖြစ်သည်။

ထို့ပြင် ရောဝတီအသင်းသည် ယခုနှစ် ဘောလုံးရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ရာသီဝက်ပြီးဆုံးချိန်တွင်လည်း အမှတ်ပေးဇယား အဆင့်(၂)နေရာတွင် ရပ်တည်နေသည်။

ရောဝတီအသင်း ပါဝင်ကစားမည့် အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ ခြေစစ်ပွဲ အုပ်စုအဆင့် ပွဲစဉ်များကို ဩဂုတ် ၁၇ ရက်မှ ၂၃ ရက်ထိ ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

STA

## အင်ဖန်တီနိုကို ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ဥက္ကဋ္ဌရာထူးမှ ဖယ်ရှားပါက ဆိုးရွားသည့်အကျိုးဆက်များဖြစ်လာမည်ဟု အမေရိကန်သမ္မတ ပြောကြား



ဝါရှင်တန် ဩဂုတ် ၁၁

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က လက်ရှိကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)ဥက္ကဋ္ဌ အင်ဖန်တီနိုကို ရာထူးမှ ဖယ်ရှားမည်ဆိုပါက အဖွဲ့ဝင် ဘောလုံးအဖွဲ့ချုပ်များ အနေဖြင့် ဆိုးရွားသည့်အကျိုးဆက်များဖြစ်လာမည်ဟု သတိပေးပြောကြားခဲ့ကြောင်း 365Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အင်ဖန်တီနိုသည် ပြီးခဲ့သည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် ကမ္ဘာ့ဖလားပြိုင်ပွဲကိုရှယ်ယာများ သတ်မှတ်ရောင်းချရန် စီစဉ်ခဲ့ပြီးနောက် ဝေဖန်မှုများနှင့်ရင်ဆိုင်ခဲ့ရပြီး လက်ရှိဥက္ကဋ္ဌရာထူးမှ နုတ်ထွက်ရန် ဖိအားပေးတောင်းဆိုခံနေရခြင်းဖြစ်သည်။

ဒေါ်နယ်ထရမ့်က "ဘယ်လိုအကြောင်းကြောင့်ဖြစ်ဖြစ် အင်ဖန်တီနိုနေရာမှာ အစားထိုးဖို့လုပ်ဆောင်လာမယ်ဆိုရင် အဖွဲ့ဝင်ဘောလုံးအဖွဲ့ချုပ်တွေ အနေနဲ့ ကြီးမားတဲ့ အမှားကျူးလွန်ပြီး ဆိုးရွားတဲ့အကျိုးဆက်ကို ခံစားရပါလိမ့်မယ်။ အင်ဖန်တီနိုက အရည်အချင်းပြည့်ဝတဲ့သူဖြစ်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲကို သူ့လက်ထက်မှာ တိုးတက်လာအောင် လုပ်ဆောင်နိုင်ခဲ့တာအားလုံးအသိပါ။ သူ့နေရာမှာ အစားထိုးခဲ့မယ်ဆိုရင် ဆိုးရွားတဲ့အကျိုးဆက်တွေကိုပဲ ခံစားရပါလိမ့်မယ်"ဟု ပြောကြားခဲ့သည်။

လက်ရှိတွင် အင်ဖန်တီနိုသည် ကမ္ဘာ့ဖလားပြိုင်ပွဲကို ရှယ်ယာသတ်မှတ်ရောင်းချရန် စီစဉ်ခဲ့မှုကြောင့် ကမ္ဘာ့ထိပ်တန်းဘောလုံးအဖွဲ့ချုပ်များဖြစ်သည့် ဥရောပဘောလုံးအဖွဲ့ချုပ်၊ အာရှဘောလုံးအဖွဲ့ချုပ်၊ ကွန်ကာကပ်ဖ်ဘောလုံးအဖွဲ့ချုပ်တို့က ကန့်ကွက်ဆန္ဒပြမှုများ လုပ်ဆောင်နေကြောင်း သိရသည်။

Ref : 365Scores

Trs : STA

## မြန်မာ eFootball Mobile အသင်း ကမ္ဘာ့အဆင့်(၄၀) နေရာထိ တက်ရောက်

ဝါရှင်တန် ဩဂုတ် ၁၁

ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည့် eFootball Mobile အဆင့်သတ်မှတ်ချက်တွင် မြန်မာ eFootball Mobile အသင်းသည် ကမ္ဘာ့အဆင့်သတ်မှတ်ချက်များစွာ မြင့်တက်လာခဲ့ပြီးနောက် ကမ္ဘာ့အဆင့်(၄၀)နေရာသို့ရောက်ရှိလာခဲ့ကြောင်း သိရသည်။

မြန်မာ eFootball Mobile အသင်း FIFAe Nation League Qualifier(Mobile)ပွဲစဉ်များပြီးဆုံးပြီးနောက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ၁၇ဆင့်ထိ မြင့်တက်လာခဲ့ပြီး ကမ္ဘာ့အဆင့် (၄၀) နေရာရောက်ရှိလာခဲ့ခြင်းဖြစ်သည်။

Nations League များ ကျင်းပနေသည့်ကာလတွင် မြန်မာ eFootball Mobile အသင်းသည် FIFAe ကမ္ဘာ့အဆင့်(၅၇)၌သာ ရပ်တည်ခဲ့သော်လည်း နောက်ဆုံးပွဲစဉ်များတွင် ရလဒ်များ ဆက်တိုက်ကောင်းမွန်မှုနှင့်အတူ Continental Championship အဆင့်ထိ တက်ရောက်ခဲ့ပြီးနောက် ကမ္ဘာ့အဆင့် သတ်မှတ်ချက်များ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

မြန်မာ eFootball Mobile အသင်းသည် နိုင်ငံတကာပြိုင်ပွဲများကို နောက်ပိုင်းနှစ်များမှသာ စတင်ကစားခဲ့သော်လည်း ကစားခဲ့သည့်ပြိုင်ပွဲများတွင်ရလဒ်ကောင်းများ ဆက်တိုက်ရယူနိုင်ခဲ့ပြီးနောက် ကမ္ဘာ့အဆင့် သတ်ချက်များမှာ ဆက်တိုက် မြင့်တက်လာခဲ့ပြီး လာမည့် eFootball Mobile ပြိုင်ပွဲများတွင် ဝင်ရောက်ကစားမည်ဖြစ်ကြောင်း သိရသည်။ STA

## ကွာရာဘောင်းဖလားပြိုင်ပွဲ ဒုတိယအဆင့်အတွက် မဲခွဲမှုအပြီးတွင် ပရီးမီးယားလိဂ်ကလပ်အသင်းများ နောက်တစ်ဆင့်တက်ရောက်ရန် အခြေအနေကောင်းမွန်

ပဲရစ် ဩဂုတ် ၁၁

၂၀၂၆-၂၀၂၇ ဘောလုံးရာသီ ကွာရာဘောင်းဖလားပြိုင်ပွဲ ဒုတိယအဆင့်အတွက် မဲခွဲမှုအပြီးတွင် ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် စပါးအသင်းနှင့် ချဲလ်ဆီးအသင်းတို့အနေဖြင့် တတိယအဆင့် တက်ရောက်နိုင်ရန် အခြေအနေကောင်းမွန်နေကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်ကယနေ့တွင် ဖော်ပြခဲ့သည်။

ကွာရာဘောင်းဖလား ပြိုင်ပွဲ စပါးအသင်းနှင့် ချဲလ်ဆီးအသင်းတို့သည် လာမည့်နှစ်ဘောလုံးရာသီတွင် ဥရောပအဆင့် ပြိုင်ပွဲများဝင်ခွင့်နှင့်လွဲချော်ခဲ့သည့်အတွက် ကွာရာဘောင်းဖလားပြိုင်ပွဲကို ဒုတိယအဆင့်မှ စတင်ကစားခဲ့ရခြင်းဖြစ်ပြီး အသင်းအများစုမှာ တတိယအဆင့်မှသာ စတင်ကစားရမည်ဖြစ်သည်။

ကွာရာဘောင်း ဖလားပြိုင်ပွဲ ဒုတိယအဆင့်အတွက် မဲခွဲမှုအပြီးတွင် ချဲလ်ဆီးအသင်းသည် လူတန်တောင်းအသင်းနှင့် တွေ့ဆုံနေပြီး ဒုတိယအဆင့်တွင် စပါးအသင်းနှင့် ချဲလ်ဆီး အသင်းတို့နှင့်အတူ ပရီးမီးယားလိဂ်မှ နယူးကာဆယ်အသင်း၊ အဲဗာတန်အသင်း၊ နော်တင်ဟမ်အသင်း၊ လိဒ်အသင်း၊ ဟူးလ်စီးတီးအသင်းတို့ ကစားရမည်ဖြစ်သည်။ စပါးအသင်းသည်လည်း ချာလ်တန်အသင်းနှင့်သာ တွေ့ဆုံနေသည့်အတွက် တတိယအဆင့်တက်ရောက်နိုင်ရန် အခြေအနေကောင်းမွန်နေခြင်းဖြစ်သည်။

ကွာရာဘောင်းဖလား ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်များကို ဩဂုတ် ၂၂ ရက်မှ ၂၆ ရက်ထိကစားမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

## ဥရောပစူပါဖလားဖိုလ်လုပွဲစဉ်အဖြစ် ပီအက်စ်ဂျီအသင်းနှင့် အေဗီလာအသင်းတို့ ဩဂုတ် ၁၃ ရက်တွင် ကစားမည်




ပဲရစ် ဩဂုတ် ၁၁

လာမည့် ဘောလုံးရာသီ ဥရောပဘောလုံးပြိုင်ပွဲများစတင်မီ ပထမဆုံးကျင်းပမည့် ပွဲစဉ်ဖြစ်သည့် ၂၀၂၆ ဥရောပစူပါဖလား ဖိုလ်လုပွဲစဉ်အဖြစ် ပီအက်စ်ဂျီအသင်းနှင့် အေဗီလာအသင်းတို့ ဩဂုတ် ၁၃ ရက်တွင် ကစားမည်ဖြစ်ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ပီအက်စ်ဂျီအသင်းနှင့် အေဗီလာအသင်းတို့သည် ဥရောပစူပါဖလားဖိုလ်လုပွဲစဉ်အဖြစ် ဩဂုတ် ၁၃ ရက်တွင် ဩစတြီးယားနိုင်ငံရှိ Red Bull Arena အားကစားကွင်းတွင် ကစားမည်ဖြစ်သည်။

ဥရောပစူပါဖလားဖိုလ်လုပွဲစဉ်ကို နှစ်စဉ် ဥရောပအဆင့်ပြိုင်ပွဲများ ရာသီသစ်စတင်မီ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဖလားရရှိသည့်အသင်းနှင့် ယူရိုပါလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဖလားရရှိသည့်အသင်းတို့ ကစားကြခြင်းဖြစ်သည်။

၂၀၂၅-၂၀၂၆ဘောလုံးရာသီက ပီအက်စ်ဂျီအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးခဲ့ပြီး အေဗီလာအသင်းက ယူရိုပါလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးခဲ့သည့်အတွက် ၂၀၂၆ ဥရောပစူပါဖလား ဖိုလ်လုပွဲစဉ်အဖြစ် ကစားရမည်ဖြစ်သည်။

ပီအက်စ်ဂျီအသင်းသည် ပြီးခဲ့သည့် ၂၀၂၅ခုနှစ်ကလည်း ဥရောပစူပါဖလားချန်ပီယံဆုကို ဆွတ်ခူးထားပြီး လက်ရှိချန်ပီယံအသင်းအဖြစ်ကစားရမည်ဖြစ်ကာ အေဗီလာအသင်းသည် ပြီးခဲ့သည့် ၁၉၈၃ ခုနှစ်က နောက်ဆုံးအကြိမ်အဖြစ် ဥရောပစူပါဖလားကို ဆွတ်ခူးထားနိုင်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

## ဆာလာဟ်ကိုခေါ်ယူခဲ့ပြီးနောက် ထရန်ဇွန်စပေါ်လ်အသင်း၏ တစ်ရာသီစာလက်မှတ်ရောင်းချရမှု သိသိသာသာမြင့်တက်လာ

အစ္စတန်ဘူလ် ဩဂုတ် ၁၁

တူကီယဲ ထိပ်တန်းကလပ်အသင်းဖြစ်သည့် ထရန်ဇွန်စပေါ်လ်အသင်းက လီဗာပူးအသင်းမှ ဆာလာဟ်ကိုခေါ်ယူခဲ့ပြီးနောက် ရက်ပိုင်းအတွင်း အသင်းတစ်ရာသီစာလက်မှတ်ရောင်းချရမှု သိသိသာသာမြင့်တက်လာခဲ့ပြီး အသင်းဝင်ငွေမှာလည်း များစွာမြင့်တက်လာခဲ့ကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



ထရန်ဇွန်စပေါ်လ်အသင်းသည် ဆာလာဟ်ကိုလီဗာပူးအသင်းထံမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့သည့်အတွက် ပြောင်းရွှေ့ကြေးပေးချေရခြင်းမရှိခဲ့သော်လည်း ၎င်းကို မြင့်မားသည့်လုပ်ခလစာဖြစ်သည့် တစ်နှစ်လုပ်ခ ယူရိုသန်း ၃၀၊ လက်မှတ်ထိုးကြေးအဖြစ် ယူရိုသန်း ၂၀၊ အေးဂျင့်ခအဖြစ်ယူရို ၁၄ သန်းတို့အပြင် တူကီယဲနိုင်ငံ၌ ဇိမ်ခံအိမ်တစ်လုံး၊ ယူအေအီးနိုင်ငံဒူဘိုင်းမြို့တွင် ဇိမ်ခံအိမ်တစ်လုံး၊ ၎င်း၏မိသားစုဝင်များဖြစ်သည့် ဖခင်ဖြစ်သူ၊ မိခင်ဖြစ်သူ၊ ညီဖြစ်သူ၊ဇနီးတို့အတွက်BMW ဇိမ်ခံကား တစ်စီးစီ ပေးအပ်မည်ဖြစ်သည်။

ထရန်ဇွန်စပေါ်လ်အသင်းသည် ဆာလာဟ်ကို ခေါ်ယူကြောင်း ကြေညာခဲ့ပြီးနောက် သုံးရက်အတွင်း တစ်ရာသီလက်မှတ်အစောင် ၁၈၀၀၀ ထိရောင်းချနိုင်ခဲ့သည့်အတွက် အသင်း၏လက်မှတ်အစောင်ရေ ကန့်သတ်ချက် သုံးပုံတစ်ပုံကို ရက်ပိုင်းအတွင်းပင် ရောင်းချနိုင်ခဲ့ခြင်းဖြစ်သည်။

ဆာလာဟ်သည် အစောပိုင်းက ထရန်ဇွန်စပေါ်လ်အသင်း၏ ပြိုင်ဘက်အသင်းဖြစ်သည့် ဘီဆစ်တပ်အသင်းထံပြောင်းရွှေ့ရန် နီးစပ်ခဲ့သော်လည်း ထရန်ဇွန်စပေါ်လ်အသင်းက မြင့်မားသည့်ခံစားခွင့်များဖြင့် ကြားဖြတ်ကမ်းလှမ်းကာ ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : The Athletic

Trs : STA

# အဖေ့ကဗျာ အဖေ့ရွာ

**မြင်းမူမောင်နိုင်မိုး**

အဖေ့ကဗျာ အဖေ့ရွာဟုဆိုသော်လည်း ဤစာစုတွင် အဖေ့ရွာအကြောင်းကို ဦးစွာပြောချင်ပါသည်။

အဖေ့ရွာသည် မြင်းမူမြို့နယ် ဝွေးပင်တောကျေးရွာအုပ်စုရှိ တွင်းကြီးရွာပင်ဖြစ်လေသည်။ တွင်းကြီး၊ ကံသာ၊ စည်ပင်၊ ချောင်းကွေ့ဟူသော ရွာလေးရွာသည် တစ်ရွာနှင့်တစ်ရွာ နီးကပ်လှသည်။ ယာနှစ်ကွက် သုံးကွက်စီလောက် သာခြားသည်။ ထိုလေးရွာအနက် အဖေတို့တွင်းကြီးရွာသည် အကြီးဆုံးဖြစ်သည်ဟုဆိုရပါမည်။

ရွာရှိဘုရားများတွင် ကိုးမဘုရားသည် ဤနယ်တစ်ဝိုက် အထူးပင်ထင်ရှားတန်ခိုးကြီးသည်။ တစ်နှစ်တစ်ခါကျင်းပသော ကိုးမဘုရားပွဲတွင် ရွာလေးရွာလုံးက မိမိတို့ဘုရားကြီး၏ ပွဲတော်အဖြစ် ဆွမ်းတော်ကြီးလောင်းပွဲများ၊ အငြိမ့်၊ ဇာတ်စသော ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားစွာ ဆင်ယင်ကျင်းပကြသည်။

ကျွန်တော်တို့ငယ်ငယ်က မုံရွာက "စိန်လှသောင်း" ဇာတ်သည် နာမည်ကြီးလှသည်။ စိန်လှသောင်းဇာတ်ထဲက လူရွှင်တော်ပြေသိမ်း၏ ပြက်လုံးများ၊ မင်းသမီး အောင်မြရီ၏ အဆို၊ အက၊ စိန်လှသောင်း၏ ဟဲပုံ၊ ချွဲပုံ စသည်များကို ဘုရားပွဲပြီးသည့် နောက်ပိုင်း ပေါင်းသင်ရင်း၊ ဆေးရွက်ခူးရင်း၊ ဆေးတက်ချိုးရင်း ပြောမကုန် အံ့မခန်းရှိလှသည်ကို သတိရမိသည်။

ပြောရပါဦးမည်။

အဖေ့ရွာသည် တကယ်ပင် မြန်မာဆန်၍ မြန်မာမှုကို မြတ်နိုးအလေးထားသောရွာဖြစ်လေသည်။ မြန်မာလူမျိုးများသည် ကာရန်၊ နဘေကို ချစ်မြတ်နိုးသည်။ တစ်နည်းအားဖြင့် ပြောရာ ဆိုရာ သွားရာ လာရာ စားရာ သောက်ရာမှာ ကဗျာအငွေ့အသက်နှင့် မကင်းတတ်ကြပါ။

အမှန်စင်စစ် မြန်မာတို့ကိုးကွယ်သည့် ဗုဒ္ဓဘာသာကို လေ့လာသော် ဘုရားရှင်မြွက်ဟခဲ့သော တရားတော်များသည် ပါဠိဘာသာကို ကဗျာအသွင် ကာရန်ဆင်ထားသည်များချည့်ပင်ဖြစ်သည်ဟု ဆိုရပါမည်။ ဂုဏ်တော်ကိုးပါးကိုပဲ ရွတ်ဆိုကြည့်မလား၊ မေတ္တာသုတ်ပရိတ်တော်ကိုပင် ရွတ်ဆိုကြည့်မလား၊ အားလုံးကာရန်ပါသည်။ အသံသာသည်။ သို့ကြောင့်လည်း အာဂုံရွတ်ဆိုရတာ အခက်အခဲမရှိ။ သံစဉ်နိမ့်မြင့် သံစဉ်လေးပေါ့ အဖော့အဖိ ပကတိပြည့်စုံကာ သုတိသာယာ နာပျော်ဖွယ်ရှိလှပေသည်။

ဤစာစု၌ ကဗျာအကြောင်း ကို အကျယ်ချဲ့၍ကာ ဖွင့်လိုသည်မဟုတ်ရကား၊ ကဗျာနှင့်စပ်ဆိုင်သည်ကို ဤမျှသာဆိုပါမည်။ ဆိုလိုရင်း အချုပ်ကတော့ ဘုရားရှင်ဟောကြားတော်မူခဲ့သော ဂါထာတော် ပရိတ်တော်များသည် အလွန်တရာပြည့်စုံသော ကဗျာများပင်ဖြစ်သည်။ ဘုရားရှင်သည် အနှိုင်းမဲ့ ကဗျာ့ဝိဇ္ဇူကြီးတစ်ဆူပင်ဖြစ်ပေသည်။

ဘုရားရှင်၏ အဆုံးအမ၌ နက်ရှိုင်းစွာ ယုံကြည်နှစ်လိုသော မြန်မာလူမျိုးများသည် အစဉ်အလာအရပင် ကဗျာနှလုံးသားရှိကြလေသည်။

အဖေ့ဇာတိတွင်းကြီးရွာသည် မိုးခေါင်ရေရှားရပ်ဝန်းဒေသမှ တကယ့်ရွာငယ်ကလေးဖြစ်ပါ၏။ အညာအခေါ်ရတော့ အဖေ့ရွာကို "ကြည်းတော"ဟုခေါ်ကြလေသည်။ သို့လျှင် ရွာငယ်ကလေးဖြစ်ပါသော်လည်း ကဗျာအတွေး စာအတွေးကား အပြည့်အဝရှိလေသည်။

အဖေတို့ ရွာသားများ နာမည်ပေးပုံကို ကြည့်ပါဦး။ အဖေ့အမေသည် မမယ်သင့်ဖြစ်၏။ မမယ်သင့်၏ညီမကား မမယ်ဆင့်ဟူ၍ဖြစ်ပေသည်။

အဖေ့နှမများမှာ မတင်ဦး၊ မတင်ထူး၊ မတင်ဖူးဟူသတည်း။ ကျွန်တော်တို့က ဦးဦး၊ ထူးထူး၊ ဖူးဖူးဟု ခေါ်ရလေသည်။ ရွာကလူတွေကအစ အမည်မှည့်တာ လေ့လာသော် ဒေါ်အေးမူ၊ ဒေါ်အေးယူ၊ မကြည်ပြည့်၊ မကြည်ထွေ၊ ကိုကံအိ၊ ကိုကံရှိ၊ မကံကြည်၊ မကံရီ၊ မအေးရွှေ၊ မအေးမေ စသည်ဖြင့် အကြီးဖြစ်သူ၏အမည်ကိုအစွဲပြု၍ကာရန်ပါအောင် မှည့်ခေါ်ကြလေသည်။

ထို့ပြင် မဆုလှိုင်၊ မဆုပိုင်၊ မဆုခိုင်တဲ့။ အဓိပ္ပာယ်လည်းကောင်း၊ ကာရန်လည်းပါလေသည်။

အဖေ့ဖခင်ဦးအောင်ပွင့်သည် သူ့ခေတ်သူ့အခါက ရုပ်သေးမင်းသမီးရွှေခြေကျင်းဟူ၍ ထင်ရှားခဲ့လေသည်။ အဘိုးဦးအောင်ပွင့်သည် စာပြောစာဟောအလွန်တော်၍ ကာရန်နဘေနိုင်နင်းလှရကား၊ ထိုခေတ်က ကျော်ကြားထင်ရှားလှသည့် ဓမ္မကထိက ဦးလှသိန်းတို့သည်ပင်လျှင် အဘိုးနှင့်ပညာချင်းစပ်၍ အဆက်အဆံ အသွားအလာများလှသည်ဟုသိရသည်။

ကျွန်တော့်အဖေသည် အတန်းကျောင်းမနေခဲ့ရသော ဘုန်းကြီးကျောင်းထွက်တစ်ဦးဖြစ်လေသည်။

အပြေးရောက်ချင်ရဲ့
ဆံတောက်ကလေးတွေ ခါခါနဲ့
တို့ရွာဆီ ရေခမ်းလမ်းကိုဖြင့်
မျှော်မှန်း၍ လွမ်းရသည်။
- အဖေနဲ့ အမေဟာ အစ်ကို့ကို
အချစ်သားဟာမို့
နေခဲ့ပစေဗျာ သို့ကလို ပစ်မထားရက်ပါဘူး
စစ်သားအစ်ကိုဟာ အထူးလာလိုက်
ချင်သပ (သြော်. . . )
"ဘူး" ယာတစ်ဝိုက်ဆီ။
- စောင့်ပါဦး ငါ့ညီ
နောင်နှစ်ဆီ ရည်ရွယ်ထား။
- တောင်ကမ်းပါး

**❖ အဖေက ကျွန်တော့်ကို စာပေလမ်းကြောင်းပေါ်သို့ တင်ပေးခဲ့သူပါ။ အဖေတင်ပေးခဲ့တဲ့ စာပေလမ်းကြောင်းပေါ်မှာ တစိုက်မတ်မတ် လျှောက်လှမ်းခဲ့လို့သာ ဒီကနေ့ စာပေလောကမှာ ကဗျာလေးတွေ ရေးနေနိုင်တာပါ။ အဖေ့မွေးရပ်ဇာတိမြေကိုရောက်တော့ အဖေ့ကို လွမ်းဆွတ်သတိရလွန်းလှသည်။ လွန်ခဲ့သောအနှစ် ၅၀ ခန့် အရာရှိငယ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ရတုန်းကလည်း ဤသို့ပင် အဖေ့ကို မကြာခဏလွမ်းဆွတ်ခဲ့ဖူးသည်။ ထိုစဉ်က အလွမ်းကဗျာလေးတစ်ပုဒ် ရေးပြီး အဖေ့ထံလည်းပို့၊ မဂ္ဂဇင်းထဲလည်း ထည့်ခဲ့ဖူးပါသည်။ ယခုတော့လည်း အဖေ့ထံကဗျာ ပို့၍မရတော့ပြီ။ အဖေမရှိတော့။ ❖**

အဖေသည် စာပေဖတ်ရှုလေ့လာမှုအားကောင်းလှသည်။ အဖေက ကဗျာအစပ်အဟပ်လည်း ဝါသနာထုံသည်။ ကဗျာမှုစာမှု၊ ကဗျာအရေးစာအရေးတို့တွင် အဖေသည် ကျွန်တော့်ဘဝ၏လက်ဦးဆရာပင်ဖြစ်လေသည်။

ကျွန်တော် လူမှန်းသိတတ်စအရွယ်တွင် ကျွန်တော့်အဖေသည် တပ်မတော်သားတစ်ဦးအဖြစ် တိုင်းပြည်တာဝန် ထမ်းဆောင်နေပါပြီ။ အဖေသည် မွေးရပ်မြေကို စွန့်ခွာ၍ နယ်စွန်နယ်ဖျားဒေသများတွင် မကြာခဏ ပြောင်းရွှေ့နေထိုင်ရသည်။ ကျွန်တော်တို့မိသားစုလည်း အဖေတာဝန်ကျရာဒေသကို အမြဲလိုက်ပါ ပြောင်းရွှေ့နေထိုင်ရသည်။ သို့ဖြစ်၍လည်း ရွှေဘို၊ မိုးညှင်း၊ မြစ်ကြီးနား၊ တန့်ယန်း၊ မိုင်းရယ်၊ မိုးကုတ် အစရှိသော နယ်မြေအသီးသီးကို ငယ်စဉ်ကတည်းက ရင်းနှီးကျွမ်းဝင်ချစ်ခင်ခဲ့ရပါသည်။ "ဒီအချိန်ဆို တို့ရွာမှာ ကိုးမဘုရားပွဲတော်ရောက်ပြီကွယ့်"

"ဟော. . . ခုလိုအချိန်ဆိုရွာမှာ နှမ်းရင်(နှမ်းလျှင်) တွေကြီးတော့မယ်" နှမ်းကြီးတော့မည်ဆိုသည်မှာ နှမ်းကြဲတော့မည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

"သြော်. . . ဒီရှမ်းပြည်နယ်က ချောင်းတွေမြောင်းတွေဟာဖြင့် ရေတွေပေါလိုက်တာ"

"အခုလို နွေပေါက်ရင် တို့ရွာထိပ်က ကန်တော်ကြီးမှာတော့ ရေခန်းစပြုပြီပေါ့"

အဖေသည် သူ့ဇာတိမွေးရပ်မြေကို အမြဲသတိရလွမ်းဆွတ်သည့်အခါတိုင်း ပြောတတ်သောစကားများကို ကျွန်တော်ဘယ်တော့မှ မေ့မည်မထင်။

ထို့ကြောင့်ပင် အဖေသည် တစ်ခါတစ်ရံ ရွာအလွမ်း၊ မိသားစုအလွမ်းများကို ကဗျာတိုစာတိုကလေးများအဖြစ် ရေးဖွဲ့တတ်လေသည်။

- လေညင်းဖြာ ပိတောက်မွှေးမှဖြင့်
"ရွှေတွင်းရွာ"တစ်ခေါက်
မြောင်ကြားမှာ အစ်ကိုပျော်လို့
နိုင်ငံတော် တာဝန်ထမ်းလျက်ပေမို့
လွမ်းမျက်ရည် ဘယ်လိုဝေ့နိုင်ပ့ါ
မမေ့စရာ "ကိုးမ" ပွဲကိုဖြင့်
တစ်နေ့ခါ အတိုးချန့်ချင်ရဲ့
(ညီလေးမောင်ထွန်းဝိုင်းရေ...
အစ်ကို့မှာတော့)
ရိုးမစစ်သား။

အဖေ့ရွာအမည်မှာ တွင်းကြီးကျေးရွာဖြစ်ရာ အဖေတို့က အမြတ်တနိုး ရွှေတွင်းရွာဟု တင်စားခေါ်ဝေါ်ကြသည်။ ဘူးယာဆိုတာက အဖေတို့မိသားစုပိုင်သော ယာကွက်ကြီးတစ်ကွက်ဖြစ်သည်။ ဘူးသီးကြီးတစ်လုံးနှင့် ပုံသဏ္ဌာန်တူသောကြောင့် ဘူးယာဟု ခေါ်ခြင်းဖြစ်ပါ၏။ အထက်ပါကဗျာကလေးမှာ အဖေက သူ့ညီမောင်ထွန်းဝိုင်း(ကျွန်တော်တို့၏ဦးလေး)ထံ ရေးပို့သော ကဗျာကလေးဖြစ်ပါသည်။ အဖေသည် ထိုကဗျာကလေး ရေးပို့လိုက်သောအခါ ရွာကအဖေ့ဆွေမျိုးများတော့ မျက်ရည်ဝဲကြ မျက်ရည်ကျခဲ့ရဟု သိရပါသည်။ သြော်... ရိုးမစစ်သားတဲ့လားအဖေရယ်။

နောင်အခါ ကျွန်တော်ကိုယ်တိုင်လည်း အရွယ်ရောက် လူလားမြောက်၍ အထက်အညာဇာတိမြေမှာ နေထိုင်လိုက်ရ တစ်ရပ်တစ်ကျေးသို့ ပြောင်းရွှေ့လိုက်ရဖြင့် ကူးသွားစုန်ဆန် ပြုရဖန်များခဲ့လေသည်။ ထိုအခါ ကျွန်တော်သည်လည်း ချစ်သောရွာကို လွမ်းသည်။ ချစ်သောအညာကိုလွမ်းသည်။ နေထိုင်ခဲ့ဖူး၊ နားခိုဖူးသည့် အရပ်ဒေသများသို့လွမ်းသည်။

နောင်အခါ ထိုအချစ်၊ ထိုအလွမ်းသည် ကဗျာပန်းများအဖြစ် ပွင့်လန်းလာခဲ့လေသည်။

- အညာက တမာ
ဝါတာတာ စိမ်းဖန့်ဖန့်။
အညာနေ ဘယ်လိုပြင်းသော်လဲ
အညာနွေ ဘယ်လိုညှဉ်းသော်လဲ
နံ့သာခြွေ ရွှေအဆင်းရယ်နဲ့
သင်းတပျံ့ပျံ့။
- အညာက ဆူးလေ
စူးပစေ သဘာဝ။
နာမယောင် အခံခက်ပေမယ့်
မနာအောင် မေတ္တာဖက်
နှုတ်ဆက်နေကျ။
- အညာက ကဗျာရှင်
အညာတွင် မနေရ။
မွေးရပ်မြေ အနေလှမ်းတယ်
လွမ်းမျက်ရည်ကျ။ ။

ယခုတော့ အဖေကွယ်လွန်ခဲ့သည်မှာ ၁၈ နှစ်တင်းတင်းပြည့်ခဲ့ပါချေပြီ။ ပြီးခဲ့သောဇူလိုင်လက အဖေ့ကိုရည်မှန်း၍ အစ်မကြီး မသန်းနွဲ့ဦးဆောင်ကာ ညီအစ်ကိုမောင်နှမများ စုပေါင်းအလှူဒါနပြုခဲ့ကြသည်။ မြင်းမူမြို့ရှိ အဖေနှင့်အမေနေထိုင်ခဲ့သော အိမ်ကလေးမှာဖြစ်ပါသည်။

အဖေအိပ်ခဲ့တဲ့ အိပ်ရာနေရာကလေး၊ အမေအိပ်ခဲ့တဲ့ အိပ်ရာနေရာကလေးတွေကို မြင်တွေ့ရတော့ အဖေနှင့်အမေတို့၏ အငွေ့အသက်ကို နွေးထွေးစွာ ခံစားရလေသည်။

အဖေ့ရုပ်သွင်ကို ကျွန်တော် မြင်ယောင်မိသည်။

အဖေ တပ်မတော်သားဘဝက ရှေ့တန်းမှာ တာဝန်ထမ်းဆောင်ခဲ့ပုံတွေ၊ ကျွန်တော့်ကို စာတတ်စေချင်လွန်းလှ၍ စာအုပ်စာတမ်း ဝယ်ပေးဖို့ကို ဘယ်တော့မှ အနှမြောမရှိခဲ့ပုံတွေ၊ ဇိနတ္ထပကာသနီကိုလည်း ကျေညက်အောင် ဖတ်တတ်ရမည်ဟု ပြောပြီး ထိုစာအုပ်ကြီးကို ဝယ်ပေးခဲ့ပုံတွေ၊ ဒုတိယတန်းကျောင်းသားဘဝကစပြီး ဇိနတ္ထပကာသနီကို ကျွန်တော်ကျေကျေညက်ညက် ဖတ်ခဲ့ရပုံတွေ၊ ဖတ်တာမှားလျှင် အဖေက နားထောင်ရင်းပြင်ပေးပုံတွေ၊ အင်္ဂလိပ်စာလည်း တော်မှဖြစ်မယ်ဟုဆိုကာ Special English Junior Course ဟူသည့် ဆရာတော်တစ်ပါးပြုစုသည့်စာအုပ်ကြီး ဝယ်ပေးကာ လေ့လာစေခဲ့ပုံတွေ၊အဖေရေးသားခဲ့သောကဗျာလေးတွေကို အလွတ်ရွတ်ပြပုံတွေ၊ ပုံရိပ်တွေအားလုံးကို ကျွန်တော်မြင်ယောင်နေမိသည်။

အဖေ့ကျေးဇူးတွေပါ။ အဖေက ကျွန်တော့်ကို စာပေလမ်းကြောင်းပေါ်သို့ တင်ပေးခဲ့သူပါ။ အဖေတင်ပေးခဲ့တဲ့ စာပေလမ်းကြောင်းပေါ်မှာ တစိုက်မတ်မတ် လျှောက်လှမ်းခဲ့လို့သာ ဒီကနေ့ စာပေလောကမှာ ကဗျာလေးတွေ ရေးနေနိုင်တာပါ။

အဖေ့မွေးရပ်ဇာတိမြေကိုရောက်တော့ အဖေ့ကို လွမ်းဆွတ်သတိရလွန်းလှသည်။ လွန်ခဲ့သောအနှစ် ၅၀ ခန့် အရာရှိငယ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ရတုန်းကလည်း ဤသို့ပင် အဖေ့ကိုမကြာခဏ လွမ်းဆွတ်ခဲ့ဖူးသည်။ ထိုစဉ်က အလွမ်းကဗျာလေး တစ်ပုဒ်ရေးပြီး အဖေ့ထံလည်းပို့၊ မဂ္ဂဇင်းထဲလည်း ထည့်ခဲ့ဖူးပါသည်။ ယခုတော့လည်း အဖေ့ထံကဗျာ ပို့၍မရတော့ပြီ။ အဖေမရှိတော့။ သိလည်းမသိနိုင်တော့ပေ။ မိမိရေးဖြစ်ခဲ့သောကဗျာလေးကိုပြန်လည်တွေးတော ရေရွတ်ရင်း၊ အဖေ့ကိုအလွမ်းပြေအောင် ဖြေရတော့သည်သာ။ ။

**အဖေ့အတွက် ကဗျာတစ်ပုဒ်**

- အဖေ့ရင်ခွင်၊ ငါငယ်စဉ်က
တိုးဝင်အိပ်စက်၊ ပျော်သည့်ရက်ကို
တွေးလျက်ခုခါ၊ လွမ်းဆွတ်၏။
- စစ်ရေးတာဝန်၊ ပြည့်တာဝန်ကို
ကျေပွန်ခဲ့ပေ၊ ငါ့အဖေကား
မွေးမြေအညာ၊ ဇာတိရွာတွင်

စာမျက်နှာ ၁၁ သို့ ➤

# ထင်ပေါ်ကျော်ကြား ရုပ်ရှင်ဇာတ်ကားကို CANAL+ ZAT LENN Channel က ဩဂုတ် ၁၆ ရက်တွင် ထုတ်လွှင့်ပြသသွားမည်




**ရန်ကုန် ဩဂုတ် ၁၁**

ထင်ပေါ်ကျော်ကြား ရုပ်ရှင်ဇာတ်ကားကို CANAL+ ZAT LENN Channel မှ လာမည့် ဩဂုတ် ၁၆ ရက် ည ၇ နာရီ မိနစ် ၃၀ တွင် ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ ထင်ပေါ်ကျော်ကြား ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို သက်ဦးမောင်က ရေးသားထားခြင်းဖြစ်ပြီး တွဲဖက်ဒါရိုက်တာများအဖြစ် နေသူရိန်နှင့် အောင်ကျော်သန့်တို့က ဆောင်ရွက်ထားပြီး ဒါရိုက်တာ စိုးမိုးမင်းက အဆိုပါရုပ်ရှင်ဇာတ်ကားကြီးကို THE RAY Film ရုပ်ရှင် ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"အချစ်ဟာသဇာတ်မြူးလေးပါ။ မြင့်မြတ်နဲ့ နေဝင်းအတွဲကို မြင်ရမှာပါ။ တစ်ရွာလုံးကို ဆေးထိုးပြီး မွေ့ရတာ ဝါသနာထုံကြတဲ့ ထင်ပေါ်နဲ့ကျော်ကြား ညီအစ်ကိုနှစ်ယောက်ရဲ့ အချစ်ဟာသရုပ်ရှင်ဇာတ်ကားပါ။ ရုံတင်စဉ်က မကြည့်လိုက်ရတဲ့ ပရိသတ်တွေအတွက် CANAL+ ZAT LENN Channel က ထုတ်လွှင့်ပေးမှာပါ"ဟု ဒါရိုက်တာ စိုးမိုးမင်းက ပြောပြသည်။

ထင်ပေါ်ကျော်ကြား ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် မြင့်မြတ်၊ နေဝင်း၊ အရိုင်း၊ ခင်လှိုင်၊ ညောင်ညောင်၊ ကျော်ထူး၊ ဆင်မ၊ ရွှေအိုး၊ သွက်လက်၊ ခြူးလေး၊ ထက်ထက်ထွန်း၊ စင်ဒီမြတ်၊ ဥသြသံသာ၊ ဂွမ်းပုံ၊ မျိုးမျိုးခိုင်၊ သူဇာပွင့်နှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Supermax ဇာတ်ကား၌ မင်းသား ဂျေဆင်ကလပ်ပါဝင်မည်ဖြစ်

**နယူးယောက် ဩဂုတ် ၁၁**

Amazon MGM ရုပ်ရှင်စတူဒီယို၏ Supermax လျှို့ဝှက်သည်းဖို အက်ရှင်ဇာတ်ကားသစ်၌ မင်းသား ဂျေဆင်ကလပ် ပါဝင်မည် ဖြစ်ကြောင်း ဩဂုတ် ၁၀ ရက် သတင်းများအရ သိရသည်။

Supermax ဇာတ်ကားတွင် မင်းသား ဂျေဆင်ကလပ်သည် မင်းသား ဝီစမစ်၊ ဂျာမာဂျက်ဆင်၊ မင်းသမီး အန်နာဆိုဖီယာရော့တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Supermax ဇာတ်ကားသည် ထူးခြားသည့် လူသတ်မှုတစ်ခုကို ဖော်ထုတ်ရန် အက်ဘီအိုင်အေးဂျင့်နှစ်ဦးက လုံခြုံရေးအလွန်တင်းကျပ်သော အကျဉ်းထောင်တစ်ခုအတွင်း ဝင်ရောက်ထောက်လှမ်းခဲ့ပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Supermax ဇာတ်ကားကို ဒါရိုက်တာ ဒေးဗစ်ဂေါ်ဒန်ဂရင်းက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Supermax ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒေးဗစ်ဝေးနှင့် ဒေးဗစ်ဂျေရိုဆန်တို့က တာဝန်ယူ ရေးသားပေးထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



# ရမ္မက်ကကြိုး ရုပ်သံဇာတ်လမ်းတွဲကို ဩဂုတ်လ တတိယပတ်တွင် မဟာရုပ်သံလိုင်းနှင့် မဟာမိုဘိုင်းအပလီကေးရှင်းတို့မှ ထုတ်လွှင့်သွားမည်

**ရန်ကုန် ဩဂုတ် ၁၁**

Royal King ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ရမ္မက်ကကြိုး ရုပ်သံဇာတ်လမ်းတွဲကို မဟာရုပ်သံလိုင်းနှင့် မဟာမိုဘိုင်း အပလီကေးရှင်းတို့မှ ဩဂုတ်လ တတိယပတ်တွင် ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရမ္မက်ကကြိုး ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို လုံမက ရေးသားရေးဖွဲ့ထားပြီး သားမြင့်ရွှေက ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ထက်ကြီး (ပေါက်ကွဲသည်)က Royal King ရုပ်ရှင် ထုတ်လုပ်ရေးအတွက် တာဝန်ယူ ရိုက်ကူးပေးထားကြောင်း သိရသည်။

"၂၀၂၄ ခုနှစ်က လက်ခံရိုက်ကူးခဲ့တဲ့ ဇာတ်လမ်းတွဲပါ။ အဲဒီတုန်းက ဇာတ်လမ်းတွဲတွေ လက်မခံတော့ဘူး နားထားမယ်လို့ စိတ်ကူးထားချိန်မှာ ဇာတ်လမ်းလေး ဖတ်ကြည့်ချိန်မှာ တော်တော်လေးကောင်းနေတယ်။ မိုးမြင့်မေဆိုတဲ့ ကောင်မလေး ကာရိုက်တာက သနားစရာလဲ ကောင်းတာမို့ လက်ခံဖြစ်လိုက်တာပါ။




ဒီဇာတ်ကားက အရမ်းကောင်းတဲ့ မိသားစုဒရာမာလေးပါ။ မကြာခင်ထုတ်လွှင့်တဲ့အခါ စောင့်ကြည့်အားပေးကြပါဦး"ဟု သရုပ်ဆောင် ခြူးလေးက ပြောပြသည်။

ရမ္မက်ကကြိုး ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ကောင်းပြည့်၊ ဘုန်းလျှံ၊ နေရှိုင်း၊ Jay၊ မင်းသူ၊ ထူးခြား၊ ကျော်ဇင်ထွဋ်၊ အောင်ခိုင်၊ ဇော်ကြီး၊ ရန်ပြေ၊ စိုးကြီး၊ ခြူးလေး၊ ရွှေပိုးအိမ်၊ ချယ်ချယ်၊ ဝါဝါအောင်၊ ခင်အုန်းမြင့်၊ ဘိုမ၊ ဆုရှိုင်း၊ သူဇာပွင့်၊ မေအောင်လံပိုင်၊ ပိုးပိုး၊ ဇာခြည်လွင်၊ ကံ့ကော်ပြည့်စုံ၊ မျိုးမျိုး၊ ရွှေရတီ၊ ကြယ်စင်ကိုနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# The Legend of Zelda ဇာတ်ကား၌ မင်းသမီး လိုင်ဒီယာပက်ဟမ်းပါဝင်ထား

**နယူးယောက် ဩဂုတ် ၁၁**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ The Legend of Zelda ဇာတ်ကားတွင် နယူးဇီလန် မင်းသမီး လိုင်ဒီယာပက်ဟမ်းပါဝင်သရုပ်ဆောင်ထားကြောင်း ဩဂုတ် ၁၀ ရက် သတင်းများအရ သိရသည်။

The Legend of Zelda ဇာတ်ကားတွင် လိုင်ဒီယာပက်ဟမ်းသည် မင်းသမီး ဒီချန်းလက်မင်း၊ ဘိုဘရာဂါဆန်၊ မင်းသား ဘင်ဂျမင်အီဗန်အိန်းဝေါသိတို့နှင့်အတူ သရုပ်ဆောင်ထားသည်။

အဆိုပါ ဇာတ်ကားသည် Nin–tendo ကုမ္ပဏီ၏ The Legend of Zelda ဗီဒီယိုဂိမ်းကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

The Legend of Zelda ဇာတ်ကားကို ဒါရိုက်တာ ဝက်ဘဲ က တာဝန်ယူ ရိုက်ကူးပေးထားကြောင်း၊ မင်းသမီး လိုင်ဒီယာပက်ဟမ်းသည် Kingdom of the Planet of the Apes ဇာတ်ကား (2024)၌ ဒါရိုက်တာ ဝက်ဘဲနှင့်အတူ လက်တွဲဆောင်ရွက်ခဲ့ဖူးသူဖြစ်သည်။

The Legend of Zelda ဇာတ်ကားကို ၂၀၂၇ ခုနှစ် မေ ၃၀ ရက်တွင် ရုံတင်ပြသရန် ဆိုနီကုမ္ပဏီက စီစဉ်ထားသည်။

Ref : Sputnik News
Trs : KKO



á **စာမျက်နှာ ၁၀ မှအဆက်**

သူ့မှာအခြေ ကျလေပြီ။
– အခြေတကျ၊ နေပေရလည်း
ရွှေ့ရေးရပ်ဝန်၊ အသိမွန်ဖြင့်
ကျေပွန်စေရေး၊ ကြိုးရှာသေးသည့်
မွေးသဖခင်၊ ကျေးဇူးရှင်သည်
စစ်ဆင်ရေးတွက်၊ ရှေ့တန်းထွက်၍
တက်ကြွမာန်ချီ၊ ဝေးဌာနီမှ
စစ်သည်ငါ့အား၊ ကြင်သနားကာ
ပူများပူပင် ရှာလိမ့်လော။
– ထိုသို့ရှိလျှင်၊ သိစေချင်၏
သားလျှင် မနွမ်း၊ မပင်ပန်းပဲ
ရွှင်လန်းကျန်းမာ၊ စစ်ရေးသာအောင်
မကွာနေ့ည၊ ထမ်းဆောင်ရမို့
သောကဆိုလျှင်၊ ဆံခြည်မျှင်မျှ
ဖေ့တွင်မသီ၊ သားစစ်သည်ကို
ယုံကြည်စိတ်ချပါ အဖေ။
– သို့မဟုတ်လျှင်၊ မွေးဖခင်သည်
ငါ့ရင်မှဖွား၊ ငါ၏သားကား
ယောကျ်ားဇာနည်၊ မျိုးချစ်ပီကာ
ပြည်သူတို့တွက်၊ သူ့အသက်ကို
ငဲ့ကွက်မရှိ၊ အပ်နှင်းဘိသည့်
ငါ၏ချစ်သား၊ ပေတကားဟု
ဝင့်ကြွားဂုဏ်ယူ ရှာလိမ့်လော။
– ထိုသို့ရှိလျှင်၊ သိစေချင်၏
ပျော်ရွှင်ချမ်းမြေ့၊ သားကြည်မွေ့မို့
အဖေ့အတွေး၊ ဆက်၍တွေးပါ
အတွေးထဲတွင် ၊ သားကို မြင်မည်
တိမ်စင်ငွေလနှယ်ပါ အဖေ။
ဩော်.. အဖေ့ရင်ခွင် ၊ ငါငယ်စဉ်က
တိုးဝင်အိပ်စက် ၊ ပျော်သည့်ရက်ကို
တွေးလျက်ခုခါ လွမ်းဆွတ်၏။ ။

# President of the Republic of the Union of Myanmar U Min Aung Hlaing receives delegation led by Chairman of the National Democratic Alliance Army (NDAA) U Htein Lin



President U Min Aung Hlaing receives Chairman of the National Democratic Alliance Army (NDAA) U Htein Lin.

**Nay Pyi Taw August 11**

A delegation led by Chairman of the National Democratic Alliance Army (NDAA) U Htein Lin paid a courtesy call on President of the Republic of the Union of Myanmar U Min Aung Hlaing at the Presidential Palace Reception Hall in Nay Pyi Taw this afternoon.

Also present were Vice President U Nyo Saw, Chairman of the National Solidarity and Peacemaking Negotiation Committee (NSPNC) Lt-Gen Yar Pyae, Secretary Lt-Gen Min Naing, Lt-Gen Kyaw Ko Htaik from the Office of the Commander-in-Chief and officials. The NDAA Chairman was accompanied by Vice Chairmen U San Pae and U Hsan Lu, General Secretary U Kyi Myint and Secretary U Aik Pan.

At the meeting, the NDAA chairman said the NDAA including the Peace and Solidarity Committee of the Special Region 4 and all the ethnic peoples of the entire area would like to express their deepest pleasure and honor at the election of U Min Aung Hlaing as the President of the Republic of the Union of Myanmar. The NDAA Mongla group has maintained good relations with the successive governments, while leading on the path to peace, solidarity and development for over 30 years, he noted. The group has established constant interrelations with the government, continuing its efforts to ensure national and peace and stability and progress at the border areas by strengthening mutual trust and cooperation. He made a request to the President to continue to promote the socioeconomic life people of Mongla area, explaining the constructive results achieved in holding talks with the NSPNC.

In his discussions, the President explained the peace endeavours being undertaken in accord with the 2008 Constitution, the possible roles of EAOs in serving the interest of the nation and their relevant regions, the government's support for all-round development of the Mongla area by improving road transportation, the State's programs to provide teaching stuff and buildings for progress of the education sector of Mongla area and upgrade hospitals, and provide health stuff and medical equipment and medicines for its health sector development. The President said that the government and the Tatmadaw are going to send health stuff to the area for conducting necessary healthcare undertakings there. He noted the provision of adequate electricity supply to Shan State (East) from hydropower stations and solar power stations in Mongla area.

The President and the NDAA chairman cordially discussed matters relating to the continuous efforts for peace, stability and progress of Mongla area, potential areas where border trade can be launched for regional development, informing the people of Mongla area about the directives of the Head of State for the peace process and regional development, and attention to be paid to the coordinated efforts for national development and border area peace and stability.

After the call, the President and the NDAA chairman exchanged commemorative gifts and posed for documentary photos together with attendees. MNA

# Yinmabin Township grows more than 5,000 acres of sweet corns during this monsoon

**Yinmabin August 11**

Local farmers cultivated 5,801 acres of sweet corns as monsoon crops in Yinmabin Township of Sagaing Region this year, according to the Yinmabin Township Agriculture Department.

During the 2026-2027 monsoon cropping season, Yinmabin Township has planned to cultivate 11,500 acres of sweet corn. Cultivation began in June this year, and a total of 5,804 acres have been placed under sweet corn plantations to date.

"We planned to cultivate more than 11,000 acres of sweet corn in Yinmabin Township during this year's monsoon cropping season, and more than 5,000 acres have already been planted. We are making efforts to ensure that the planned acreage is fully cultivated. We are also providing farmers with agricultural knowledge and awareness to ensure successful growth of maize crops and to prevent pest and disease outbreaks," said U Hla Myint, Head of the Yinmabin Township Agriculture Department.

This year, the Township Agriculture Department has been providing training and conducting field demonstrations for farmers growing maize and sweet corn in Yinmabin Township. Awareness activities are also being conducted on preventive measures against fall armyworm and integrated pest management practices, including the use of neem-based pesticides and ginger- and chilli-based pest control preparations, as well as other agricultural techniques.

In Yinmabin Township, maize cultivation produces more than 50 baskets per acre, with cultivation costs amounting to about K500,000 per acre. Sweet corn produces about 15,000 ears per acre, with cultivation costs exceeding K500,000 per acre. 206

# Blue phaseolus pea planted on more than 1,000 acres of croplands in Monywa District

**Monywa August 11**

Monywa District Department of Agriculture stated that local farmers planted more than 1,000 acres of Blue phaseolus pea as monsoon crops in the district this year.

During the 2026-2027 monsoon cropping season, Monywa District has planned to cultivate 60,900 acres of blue phaseolus pea. Cultivation began in July this year, and 1,123 acres have been planted to date, including 835 acres in Monywa Township, 153 acres in Budalin Township and 135 acres in ChaungU Township.

"We have planned to cultivate 60,900 acres of blue phaseolus pea in Monywa District during this year's monsoon cropping season. More than 1,000 acres have already been planted. We are making efforts to ensure that the planned acreage is fully cultivated. We are providing farmers with extension education on expanding cultivation and encouraging them to use quality and pure seeds to achieve good yields," said Dr Tin Mar Mar Oo, Head of the Monywa District Agriculture Department.

For the 2026-2027 monsoon cropping season, the township-wise cultivation targets for blue phaseolus pea in Monywa District are 19,800 acres in Monywa Township, 4,000 acres in Budalin Township, 35,200 acres in Ayadaw Township and 1,900 acres in ChaungU Township, totaling 60,900 acres.

This year, the respective Township Agriculture Departments in Monywa District are providing farmers growing blue phaseolus pea with agricultural extension education on obtaining quality and pure varieties suitable for local conditions, proper cultivation methods, pest and disease prevention, systematic use of fertilizers and measures to achieve good yields.

During this year's monsoon cropping season, the relevant departments are also working together with farmers to provide the necessary quality and pure seeds, agricultural inputs and post-harvest technology to improve the yield and quality of various pulse crops. 206

# 60 Chinese nationals arrested with equipment for illegal online scam and gambling operations in Muse





**60 Chinese nationals engaged in online scam and gambling activities, along with their operational equipment, arrested in Taw Ywet Ward, Muse.**

**Nay Pyi Taw August 11**

The government is treating the fight against online fraud and online gambling—which pose a comprehensive threat to public interests and are damaging the socio-economic lives of people around the world—as a matter of national priority. In addition to domestic efforts, the government is coordinating with neighbouring countries to carry out effective crackdowns and searches to ensure these operations cannot re-establish themselves.

As part of these efforts, joint security teams have been conducting investigations and inspections within relevant areas to prevent those involved in online scam and gambling activities from residing or operating in these regions. Today, at approximately 10:35 a.m., authorities raided a house on Mingala Muse Road in Taw Ywet Ward, Muse, Northern Shan State. During the operation, they arrested 60 Chinese nationals—all male—who were found to be committing online fraud and gambling offenses. The items seized alongside the suspects included 85 mobile phones of various types, 11 all-in-one computers, 2 Star Link devices, 2 power stations, 4 laptops, 1 UPS, 2 motorcycles, and various related accessories.

After necessary interrogations are completed, the arrested individuals will face effective and severe legal action in accordance with existing laws. The confiscated equipment will be processed according to established procedures.

The state is actively continuing its anti-online scam and gambling operations in collaboration with neighbouring countries, regional states, and international organizations, with the goal of eliminating such crimes and preventing them from taking root within Myanmar. 100





**View of the house and workplace where 60 Chinese nationals were operating online scam and gambling activities in Taw Ywet Ward, Muse.**

# Plan underway to grow more than 52,000 acres of chickpea in Budalin

**Budalin August 11**

Local authorities earmarked cultivation of more than 52,000 acres of chickpea as cold season crops in Budalin Township of Sagaing Region this year, according to the township Agriculture Department.

During the 2026-2027 winter cropping season, Budalin Township has planned to grow 52,110 acres of chickpea, with cultivation scheduled to begin in October this year and continue through December.

"We have planned to grow more than 52,000 acres of chickpea in Budalin Township during the upcoming winter cropping season. We will make efforts to meet the planned acreage. Chickpea cultivation has been increasing year by year. To improve the yield and quality of pulses, we will work together with farmers to provide quality and pure seeds, necessary agricultural inputs, post-harvest technology and other necessary assistance," said U Phyo Wai, Head of the Budalin Township Agriculture Department.

It is reported that farmers select Yezin-8 and Yezin-11 chickpea varieties, which are suitable for local conditions and produce good yields. The cost of cultivating one acre of chickpea is more than K300,000.

During this year's winter cropping season, relevant measures are being carried out in cooperation with farmers to improve the yield and quality of various pulse crops by providing quality and pure seeds, necessary agricultural inputs and post-harvest technology. In addition, awareness-raising and extension activities will be conducted in cooperation with farmer facilitators to encourage the use of beneficial Trichoderma fungi in pulse cultivation.

Sagaing Region has the largest area of pulse cultivation and production in the country. In addition to being able to grow various pulse crops as major crops, farmers can also grow them as multiple and intercropped crops. Therefore, farmers are cultivating pulses as income-generating crops. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# အစ္စရေးက အဆင့်မြှင့်တင်ထားသော Arrow ဒုံးကျည်ကာကွယ်ရေးစနစ်ကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့



အစ္စရေးနိုင်ငံသည် အဆင့်မြှင့်တင်ထားသော Arrow ဒုံးကျည်ကာကွယ်ရေးစနစ်ကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ကြောင်း European Security and Defence သတင်းဌာနက ဩဂုတ် ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစမ်းသပ်မှုသည် အစ္စရေး၏ အလွှာစုံလေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးကွန်ရက်ကို ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်သည့် အရေးပါသော တိုးတက်မှုတစ်ရပ်ဖြစ်ပြီး ဒေသတွင်းပေါ်ပေါက်လာမည့် ခြိမ်းခြောက်မှုအသစ်များကို ရင်ဆိုင်နိုင်ရန်အတွက် မျိုးဆက်သစ်ကာကွယ်ရေးနည်းပညာများကို အရှိန်မြှင့်တီထွင်လျက်ရှိကြောင်း ဖော်ပြနေခြင်းလည်းဖြစ်ကြောင်း သိရသည်။

အစ္စရေးကာကွယ်ရေး သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု ညွှန်ကြားရေးဦးစီးဌာန (DDR&D)၊ အစ္စရေးဒုံးကျည်ကာကွယ်ရေးအဖွဲ့အစည်း (IMDO) သည် အမေရိကန်ဒုံးကျည်ကာကွယ်ရေးအေဂျင်စီ (MDA)၊ အစ္စရေးကာကွယ်ရေးတပ်ဖွဲ့(IDF)ကုမ္ပဏီနှင့် Israel Aerospace Industries (IAI) တို့နှင့်ပူးပေါင်း၍ Arrow ဒုံးကျည်ကာကွယ်ရေးစနစ်စမ်းသပ်မှုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

အဆိုပါ ဒုံးကျည်ပစ်လွှတ်စမ်းသပ်မှုကို အစ္စရေးနိုင်ငံအလယ်ပိုင်းရှိ စမ်းသပ်ကွင်းတစ်ခုတွင်ဆောင်ရွက်ခဲ့ပြီး Arrow ဒုံးကျည်ကာကွယ်ရေးစနစ်၏ နှစ်ရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အဆင့်မြှင့်တင်ရေးအစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ပြုလုပ်ခဲ့သည်။ အစ္စရေးကာကွယ်ရေးသတင်းရင်းမြစ်များ၏အဆိုအရ စမ်းသပ်မှုတွင်အသုံးပြုခဲ့သည့် Interceptor ကြားဖြတ်ဒုံးကျည်သည် အီရန်နိုင်ငံနှင့် မကြာသေးမီကဖြစ်ပွားခဲ့သော စစ်ဆင်ရေးမှ ရရှိခဲ့သည့်သင်ခန်းစာများကို ထည့်သွင်းအသုံးပြုထားသော Arrow ဒုံးကျည်ကာကွယ်ရေး၏ အဆင့်မြှင့်ဗားရှင်းဖြစ်သည်။

လွန်ခဲ့သည့် သုံးနှစ်အတွင်း Arrow 2 နှင့် Arrow 3 လက်နက်စနစ်များသည် လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးကဏ္ဍ၌ မကြုံစဖူးသောစစ်ဆင်ရေးစွမ်းဆောင်ရည်များကို ပြသနိုင်ခဲ့ကြောင်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က သုံးသပ်ထားကြောင်း သိရသည်။

အစ္စရေးကာကွယ်ရေးတပ်ဖွဲ့သည် ဒေသတွင်း ပြောင်းလဲတိုးတက်လာသော ခြိမ်းခြောက်မှုများကို ရင်ဆိုင်နိုင်ရန်နှင့် အနာဂတ်စစ်ရေး စိန်ခေါ်မှုများကို ကြိုတင်မျှော်မှန်းကာ နိုင်ငံ၏နည်းပညာသာလွန်မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန်ရည်ရွယ်၍ Arrow ဒုံးကျည်ကာကွယ်ရေးစနစ်ကို ဆက်လက်အဆင့်မြှင့်တင်လျက်ရှိသည်။ ယခုအောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့သော စမ်းသပ်မှုသည် လက်ရှိနှင့် အနာဂတ်ဒုံးကျည်ခြိမ်းခြောက်မှုများကို ကာကွယ်နိုင်စွမ်းပိုမိုခိုင်မာလာစေရန် အရေးပါသောမှတ်တိုင်တစ်ခုအဖြစ် သတ်မှတ်နိုင်ခဲ့သည်။

Arrow Weapon System သည် အစ္စရေး၏ အလွှာစုံလေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေး၏ အမြင့်ဆုံးအလွှာကို တာဝန်ယူထားသည့် လက်နက်စနစ်ဖြစ်ပြီး David's Sling၊ Iron Dome နှင့် Iron Beam စနစ်များနှင့်ပေါင်းစပ်၍ ဆောင်ရွက်လျက်ရှိသည်။

အစ္စရေးကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ်ကြီး (အငြိမ်းစား) Amir Baram က ယခုစမ်းသပ်မှုအောင်မြင်ခဲ့ခြင်းသည် နည်းပညာပိုင်းတွင် သာလွန်မှုကို ဆက်လက်ထိန်းသိမ်းထားခြင်းနှင့် လက်နက်ထုတ်လုပ်ရေး၌ အစ္စရေး၏ ကိုယ်ပိုင်ရပ်တည်နိုင်စွမ်းကို ပိုမိုခိုင်မာစေရန်ရည်ရွယ်သည့် ကာကွယ်ရေးဝန်ကြီးဌာန၏ မဟာဗျူဟာကို ထင်ဟပ်စေကြောင်း ပြောကြားခဲ့သည်။

ယခုစမ်းသပ်မှုသည် Arrow ဒုံးကျည်ကာကွယ်ရေးစနစ်ကို အစ္စရေးကာကွယ်ရေးတပ်ဖွဲ့ထံ ဆက်လက်တပ်ဆင်ပေးနိုင်ရေးအတွက် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်ပြီး အစ္စရေးဒုံးကျည်ကာကွယ်ရေးစနစ်အဖွဲ့အစည်း (IMDO) သည် ယနေ့နှင့် အနာဂတ်ခြိမ်းခြောက်မှုများမှ အစ္စရေးနိုင်ငံ၏လုံခြုံရေးကို ကာကွယ်နိုင်ရေးအတွက် ဆန်းသစ်တီထွင်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အစ္စရေးဒုံးကျည်ကာကွယ်ရေးစနစ်အဖွဲ့အစည်း (IMDO) ညွှန်ကြားရေးမှူး Moshe Patel က ထည့်သွင်းပြောကြားခဲ့ကြောင်း သိရသည်။

**Israel Tests Upgraded Arrow Missile Defense System** ကို ဘာသာပြန်ဆိုထားပါသည်။

# အိန္ဒိယ စွန့်ဦးတီထွင်ကာကွယ်ရေးနည်းပညာကုမ္ပဏီက အရွယ်အစားသေးငယ်သော ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းကို တီထွင်ထုတ်လုပ်

အိန္ဒိယနိုင်ငံ စွန့်ဦးတီထွင်ကုမ္ပဏီတစ်ခုက ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းကို တီထွင်ထုတ်လုပ်နိုင်ခဲ့ကြောင်း Defence Blog သတင်းဌာနက ဩဂုတ် ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းဒရုန်းစနစ်သည် သယ်ဆောင်ရလွယ်ကူသော သေနတ်ပုံစံ ဒရုန်းပစ်လွှတ်မှုစနစ်တစ်ခုဖြစ်ပြီး၊ ၎င်းအတွင်းမှ အရွယ်အစားသေးငယ်သော ဒရုန်းတစ်စင်းကို ပစ်လွှတ်ကာ ရန်သူ့လေယာဉ် သို့မဟုတ် ဒရုန်းကို လေထဲတွင် ကိုယ်တိုင်လိုက်လံရှာဖွေ၍ တိုက်ရိုက်ဖျက်ဆီးနိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။

အဆိုပါစွန့်ဦးတီထွင်ကုမ္ပဏီမှာ အိန္ဒိယနိုင်ငံရှိ ပုဂ္ဂလိကကာကွယ်ရေးနည်းပညာကုမ္ပဏီ Picraft Technology Pvt. Ltd. ဖြစ်ပြီး အဆိုပါစနစ်ကို “Harpy Eagle” ဟု အမည်ပေးထားကာ ဉာဏ်ရည်တု(AI) နည်းပညာအသုံးပြုသည့် ကြားဖြတ်တိုက်ခိုက်ရေးဒရုန်းအဖြစ် တီထွင်ထားခြင်းဖြစ်သည်။ ၎င်းစနစ်သည် ခေတ်သစ်စစ်ဆင်ရေးများ၏ ပုံစံကိုပြောင်းလဲစေခဲ့သည့် အရွယ်အစားသေးငယ်ပြီး တားဆီးဖျက်ဆီးရန် ခက်ခဲသော ဒရုန်းများကို တန်ပြန်နိုင်ရန် အထူးရည်ရွယ်၍ ဖန်တီးထားခြင်းဖြစ်သည်။

ကုမ္ပဏီ၏ တည်ထောင်သူနှင့် အဓိကသုတေသနနှင့်ဖွံ့ဖြိုးတိုးတက်ရေး အင်ဂျင်နီယာ Krishna Singh က ၎င်းစနစ်နှင့်ပတ်သက်၍ Harpy Eagle စနစ်သည် ရန်သူ့ဒရုန်းများကို လျင်မြန်သော အလိုအလျောက်ကြားဖြတ်မှုဖြင့် ရှာဖွေတွေ့ရှိခြင်း၊ ခြေရာခံခြင်းနှင့် တားဆီးဖျက်ဆီးခြင်း ပြုလုပ်နိုင်ရန်တီထွင်ထားသည့်စနစ်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

Harpy Eagle စနစ်သည် ရန်သူ့ဒရုန်းများကို ရှာဖွေတွေ့ရှိခြင်း၊ ခြေရာခံခြင်းနှင့် လျင်မြန်သော အလိုအလျောက်ကြားဖြတ်မှုဖြင့် တားဆီးဖျက်ဆီးခြင်းများ ပြုလုပ်နိုင်ရန် ဖန်တီးထားခြင်းဖြစ်သည်။ ခေတ်သစ်စစ်မြေပြင်များနှင့် အရေးကြီးအခြေခံအဆောက်အအုံများကို ကာကွယ်ရန် ရည်ရွယ်တည်ဆောက်ထားပြီး အဆင့်မြင့် AI ရုပ်ပုံမြင်ကွင်းခွဲခြမ်းစိတ်ဖြာမှု၊ တိကျသောလမ်းညွှန်ထိန်းချုပ်မှုနှင့် လျင်မြန်သောတုံ့ပြန် ဆောင်ရွက်နိုင်စွမ်းတို့ကို ပေါင်းစပ်အသုံးပြုကာ ပေါ်ပေါက်လာနေသောဒရုန်းခြိမ်းခြောက်မှုများကို တန်ပြန်နိုင်ရန်ဖြစ်သည်။

Harpy Eagle ဒရုန်းကို ပုံမှန်ထောက်လှမ်းရေးဒရုန်းများနှင့် ကွဲပြားစေသည့် အဓိကအချက်မှာ ၎င်း၏ဒီဇိုင်းပင်ဖြစ်သည်။ Harpy Eagle ဒရုန်းသည် အခြားဒရုန်းများကို ကြားဖြတ်ဖျက်ဆီးရန် သီးသန့်ရည်ရွယ်ထားသော စနစ်ဖြစ်ပြီး ကွန်ပျူတာအမြင်နည်းပညာနှင့် ဉာဏ်ရည်တု(AI)တို့ကို ပေါင်းစပ်အသုံးပြု၍ ချဉ်းကပ်လာသောခြိမ်းခြောက်မှုကို ရှာဖွေတွေ့ရှိခြင်း၊ ၎င်း၏ပျံသန်းလမ်းကြောင်းကို ခြေရာခံခြင်းတို့ပြုလုပ်ပြီးနောက် အရွယ်အစားသေးငယ်သော ကြားဖြတ်ဒရုန်းကို ပစ်မှတ်ထံသို့ အလွန်လျင်မြန်စွာ ဦးတည်ပျံသန်းစေကာ လေထဲမှ တိုက်ရိုက်ထိမှန်ဖျက်ဆီးနိုင်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်ကြောင်း သိရသည်။





ထိုနည်းလမ်းသည် ယူကရိန်းစစ်မြေပြင်များတွင် လိုအပ်ချက်အရ လျင်မြန်စွာ ပေါ်ပေါက်လာခဲ့သည့် ဒရုန်းတန်ပြန်ရေးလက်နက်စနစ်များ၏ အမျိုးအစားသစ်နှင့်ဆင်တူသည်။ ယူကရိန်းစစ်မြေပြင်တွင် ဈေးနှုန်းသက်သာပြီး ရှာဖွေရန်ခက်ခဲသော FPV ဒရုန်းများ အသုံးပြုလာခြင်းကြောင့် မူလက ဒုံးကျည်များနှင့် လူလိုက်ပါမောင်းနှင်သည့် လေယာဉ်များကိုပစ်ချရန် တည်ဆောက်ထားသော ပုံမှန်လေကြောင်းရန် ကာကွယ်ရေးစနစ်များသည် အရွယ်အစားသေးငယ်ပြီး အနိမ့်ပျံသန်းသော ဒရုန်းများ အစုလိုက်အပြုံလိုက်ကို တားဆီးရန်သင့်လျော်မှုမရှိတော့ကြောင်း သိရသည်။

**Indian startup develops compact specialized drone interceptor** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ဧက ၁၅၆၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးဧက ၁၅၆၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးဧက ၆၄၁၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင်ကလေးခရိုင်၌ ၄၆၆ ဧက၊ မုံရွာခရိုင်၌ ၃၂၇ ဧက၊ ရွှေဘိုခရိုင်၌ ၆၆၄ ဧက၊ စစ်ကိုင်းခရိုင်၌ ၁၀၃ စုစုပေါင်းဧက ၁၅၆၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းတိုင်းဒေသကြီးမှာ ပဲကြီးဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့မှာဧက ၁၅၆၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပဲကြီးစိုက်ပျိုးမှုအနေနဲ့ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲကြီးတွေအတွက် နှုန်းကောင်းမွန်ဖို့ လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ စတာတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီး ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ပဲကြီးစိုက်ပျိုးရန် ခရိုင်အလိုက် လျာထားမှုအနေဖြင့် ကလေးခရိုင်တွင် ၄၆၅ ဧက၊ မုံရွာခရိုင်တွင် ဧက ၂၀၂၀၊ ရွှေဘိုခရိုင်တွင် ၂၁၂၅ ဧက၊ ရေဦးခရိုင်တွင် ဧက ၁၃၃၀၊ စစ်ကိုင်းခရိုင်တွင် ဧက ၄၇၀ စုစုပေါင်းဧက ၆၄၁၀ ဖြစ်ကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲကြီးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# စေတုတ္တရာမြို့နယ် နတ်ကြီးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေး



**စေတုတ္တရာ ဩဂုတ် ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နတ်ကြီးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေဖြင့် လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်လိုသူများ လိုအပ်သည့်ငွေကြေးအရင်းအနှီးနှင့် သွင်းအားစုများ၊ မျိုးကောင်းမျိုးသန့်များ ရရှိစေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အကြောင်းအရာများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ပြောကြားပြီးနောက် မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းက VRFP စီမံကိန်းရန်ပုံငွေကျပ် ၃၂ ဒသမ ၁ သန်းကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များက နတ်ကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၆ ဦးကို ငွေကျပ် ၁၉ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၃၀ ကို ငွေကျပ် ၉ ဒသမ ၆ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် သုံးသန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၂ ဦးကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ရန်ပုံငွေကျပ် ၃၂ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းက ပြောပြ၍ သိရသည်။

**ကိုညို**

# သာပေါင်းမြို့နယ်မှ ထွက်ရှိသည့် ကွမ်းသီးခြောက်များ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ်ကောင်းမွန်နေ

**သာပေါင်း ဩဂုတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်မှ ကွမ်းသီးခြောက်များ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း သာပေါင်းမြို့နယ်မှ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြ၍ သိရသည်။

သာပေါင်းမြို့နယ်တွင် ကွမ်းသီးခြောက်များ ယခုနှစ် ဩဂုတ်လ ပထမပတ်မှ ယနေ့ထိ ကွမ်းသီးခြောက်များ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသမှ ကွမ်းသီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀၀ မှ ၁၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"သာပေါင်းမြို့နယ်ဘက်က ထွက်တဲ့ ကွမ်းသီးခြောက်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေပါတယ်။ ဒီဘက်ကနေ ထွက်တဲ့ ဒေသထွက်ကွမ်းသီးတွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်။ ကွမ်းသီးခြောက်တွေ အရောင်းအဝယ်ကောင်းလာတော့ လုပ်သားတွေ၊ ပွဲရုံပိုင်ရှင်တွေနဲ့ ကုန်တင်ကုန်ချလုပ်သားတွေ အလုပ်အကိုင်အခွင့်အလမ်း ကောင်းလာပါတယ်။ သာပေါင်းမြို့နယ်ဘက်ကထွက်ရှိတဲ့ ကွမ်းသီးခြောက်တွေက အရည်အသွေးကောင်းမွန်ပါတယ်။ သာပေါင်းမြို့နယ်က ထွက်ရှိတဲ့ ကွမ်းသီးခြောက်တွေ ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကိုပါ တင်ပို့ရောင်းချနေပါတယ်"ဟု သာပေါင်းမြို့နယ်မှ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြသည်။



သာပေါင်းမြို့နယ်မှ ထွက်ရှိသည့် ဒေသထွက် ကွမ်းသီးစိမ်း၊ ကွမ်းသီးနု၊ ကွမ်းသီးခြောက်များကို ရန်ကုန်ဈေးကွက်သို့ အများဆုံး တင်ပို့ရောင်းချလျက်ရှိကြောင်း သာပေါင်းမြို့နယ်မှ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ပြည်မြို့နယ် ပန်းတင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ပြည် ဩဂုတ် ၁၁**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပန်းတင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်က ပန်းတင်ကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများကို မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ် အကြောင်းအရာများနှင့် ငွေစာရင်းဇယားများ ဆောင်ရွက်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ ကဏ္ဍတစ်ခုချင်းအလိုက် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာသူကျေးရွာသားများ၏ အများဆန္ဒနှင့်အညီ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင် ကိုးဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။ **ချိုလေး**

ရှေ့ဖုံးမှအဆက်

လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတ ဦးညိုစော၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ကိုထိုက်နှင့် တာဝန်ရှိသူတို့တက်ရောက်ကြပြီး အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးစန်ပေ့နှင့် ဦးဆန်လူ၊ အထွေထွေအတွင်းရေးမှူး ဦးကြည်မြင့်နှင့် အတွင်းရေးမှူး ဦးအိုက်ပန်းတို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဥက္ကဋ္ဌက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံရမှုအပေါ် အထူးဒေသ(၄)ငြိမ်းချမ်းရေးနှင့် စည်းလုံးရေးကော်မတီနှင့် ဒေသတစ်ခုလုံးရှိ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအပါအဝင် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)မှ အထူးဂုဏ်ယူဝမ်းမြောက်လျက်ရှိမှု၊ NDAA မိုင်းလားအဖွဲ့အနေဖြင့် နှစ်ပေါင်းသုံးဆယ်ကျော်ကြာ “ငြိမ်းချမ်း၊ စည်းလုံး၊ ဖွံ့ဖြိုး” ဆိုသည့် လမ်းစဉ်အတိုင်း လျှောက်လှမ်းခဲ့ပြီး နိုင်ငံတော်အစိုးရအဆက်ဆက်နှင့်လည်း ကောင်းမွန်သည့်ဆက်ဆံရေးကို ထိန်းသိမ်းနိုင်ခဲ့သည့်အခြေအနေများ၊ NDAA မိုင်းလားအဖွဲ့အနေဖြင့် နိုင်ငံတော်အစိုးရနှင့် အမြဲမပြတ်ထိတွေ့ဆက်ဆံပြီး ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများပိုမိုအားကောင်းအောင် မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားမည့်အခြေအနေများ၊ နိုင်ငံတော်သမ္မတကြီးအနေဖြင့် မိုင်းလားဒေသရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်ပေးစေလိုမှု၊ အမျိုးသား ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)အနေဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် တွေ့ဆုံဆွေးနွေးမှုများဆောင်ရွက်ခဲ့ပြီး ကောင်းမွန်ပြီး အပြုသဘောဆောင်သည့် ရလဒ်များထွက်ပေါ်ခဲ့သည့်အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA) ဥက္ကဋ္ဌ ဦးထိန်လင်းတို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)ဥက္ကဋ္ဌ ဦးထိန်လင်းတို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။


ထို့နောက် နိုင်ငံတော်သမ္မတက နိုင်ငံတော်အနေဖြင့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ဦးတည်လျှောက်လှမ်း ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် နိုင်ငံနှင့်ဒေသအကျိုးအတွက် ပါဝင်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ မိုင်းလားဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး နိုင်ငံတော်အစိုးရက ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊မိုင်းလားဒေသအတွင်း ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဆရာ၊ ဆရာမများနှင့် အခြေခံအဆောက်အအုံများဖြည့်ဆည်းပေးခြင်း၊ ကျန်းမာရေးကဏ္ဍတိုးတက်ရေး ဆေးရုံများအဆင့်မြှင့်တင်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးပစ္စည်းများဖြည့်ဆည်းဆောင်ရွက်ပေးခြင်းတို့ကိုနိုင်ငံတော်ကဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ မိုင်းလားဒေသ၌ လတ်တလောကာလအတွင်း လိုအပ်လျက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက်လည်း နိုင်ငံတော်အစိုးရနှင့် တပ်မတော်က ကျန်းမာရေးဝန်ထမ်းများ စေလွှတ်ဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသအတွင်း လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိနိုင်ရေး မိုင်းလားဒေသအတွင်း ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့်နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများဖြင့် ဆောင်ရွက်သွားနိုင်သည့်အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အမျိုးသားဒီမိုကရက်တစ် မဟာမိတ်အဖွဲ့(NDAA)ဥက္ကဋ္ဌတို့သည် မိုင်းလားဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသကုန်သွယ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ နိုင်ငံတော်အကြီးအကဲ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းညွှန်ချက်များကို မိုင်းလားဒေသရှိ ဒေသခံပြည်သူများကိုချပြဆောင်ရွက်မည်ဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် အလေးထားပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)ဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

# ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုနှင့် ဝန်မြစ်ရေတိုက်စားမှုကြောင့် ဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ တာတမံနိမ့်ကျသည့်နေရာတွင် Sheet Pile ရိုက်၍ ကာရံခြင်းလုပ်ငန်းဆောင်ရွက်





**နေပြည်တော် ဩဂုတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိဝန်တာတွင် ဝန်မြစ်ရေတိုက်စားမှုကြောင့် ဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ တာတမံနိမ့်ကျမှုဖြစ်ပွားပြီး မြစ်ရေကျော်စီးဝင်သည့်နေရာတွင် Sheet Pileရိုက်၍ ကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယမန်နေ့နံနက်ပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်နှင့် တာဝန်ရှိသူများသည် အဆိုပါ Sheet Pile ရိုက်၍ ကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် ပို့ဆောင်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးက တာတမံကာရံပိတ်ဆို့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က တာတမံနိမ့်ကျ၍ ရေကျော်စီးဝင်သည့်နေရာ၌ Sheet Pile ရိုက်၍ ကာရံခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ လုပ်ငန်းသုံး အထောက်အကူပြုပစ္စည်း ရောက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြ၍ တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းဆောင်ရွက်နေမှုများနှင့် လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

Sheet Pile ရိုက်သွင်းရာတွင် သံချောင်းအရေအတွက်မှာ ၂၈၆ ချောင်း ရိုက်သွင်းရမည်ဖြစ်ရာ ယနေ့ထိ ရိုက်သွင်းပြီးစီးမှုမှာ ၅၅ ချောင်း ရိုက်သွင်းဆောင်ရွက်ခဲ့ပြီး ကျန်ရှိသော လုပ်ငန်းများကို စက်ယာဉ်၊ယန္တရားများဖြင့် လုပ်ငန်းများအရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ဟသ်ာတ-မြို့ကွင်း-ကွင်းကောက်လမ်းပေါ်ရှိ ဝန်တံတား(မြို့ကွင်း)သို့ရောက်ရှိရာ ဝန်မြစ်ရေလမ်းကြောင်းစီးဆင်းမှုအခြေအနေနှင့် တံတားကြီး ရေတိုက်စားမှုမရှိစေရေး၊ တံတားကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

# သံလွင်မြစ်ရေမြင့်တက်မှုကြောင့် ဘားအံမြို့ပေါ် အနိမ့်ပိုင်းလူနေရပ်ကွက်များ ရေဝင်ရောက်မှုဖြစ်ပွား

**ဘားအံ ဩဂုတ် ၁၁**

ကရင်ပြည်နယ် ဘားအံမြို့တွင် သံလွင်မြစ်ရေသည် ယမန်နေ့ညနေတိုင်းထွာချက်အရ စိုးရိမ်ရေမှတ် ၇၅ဂ စင်တီမီတာအထက် ၈၂၃ စင်တီမီတာသို့ရောက်ရှိနေပြီး အနိမ့်ပိုင်းလူနေရပ်ကွက်များအတွင်းသို့ မြစ်ရေများ စီးဝင်လျက်ရှိရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ရေဝင်ရောက်မှုအခြေအနေနှင့်အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးစွာ အနိမ့်ပိုင်းလူနေရပ်ကွက်များဖြစ်သော ဘားအံမြို့ အမှတ်(၅)ရပ်ကွက် အုတ်မှုတ်စိန်လမ်း၊ အောင်နန်း(၄)လမ်း လမ်းဆုံ၊ ရော်ဘာခြံ(၄)လမ်း၊ အမှတ်(၂)ရပ်ကွက် သီတာအရှေ့လမ်းတို့တွင် လူနေရပ်ကွက်များအတွင်း သံလွင်မြစ်ရေဝင်ရောက်မှုအခြေအနေနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရေး ကြည့်ရှုစစ်ဆေးရာ ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များက သံလွင်မြစ်ရေယခုထက်ပိုမိုမြင့်တက်လာပါက မြေနိမ့်ပိုင်းနှင့် မြစ်ကမ်းဘေးနေထိုင်သူများ ရေလွတ်ရာသို့ ရွှေ့ပြောင်းပေးနိုင်ရေး၊ ယာယီရေဘေးစခန်းများဖွင့်လှစ်ပေးနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က မြစ်ရေဝင်ရောက်မှုကြောင့် နေအိမ်များတွင် ဆက်လက်နေထိုင်ရန် မသင့်တော့သည့် ပြည်သူများကို ဘေးလွတ်ရာယာယီရေဘေးစခန်းများသို့ အချိန်နှင့်တစ်ပြေးညီပြောင်းရွှေ့နေရာချထားပေးနိုင်ရေးကြပ်မတ်ဆောင်ရွက်ရန်မှာကြားပြီး ဘားအံမြို့ အမှတ်(၃)ရပ်ကွက် ကမ်းနားလမ်း ညဈေးတန်းနေရာနှင့် အမှတ်(၄)ရပ်ကွက် ကမ်းနားလမ်း View Point နေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး Ms.Gwyn Lewis နှင့်အဖွဲ့ကို ဘားအံမြို့ ပြည်ထောင်စုရိပ်သာဧည့်ခန်းမ၌လက်ခံတွေ့ဆုံပြီး ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာပြည်သူများ နေရပ်ပြန်နိုင်ရေးနှင့် နေထိုင်စားသောက်ရေး၊ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေး၊ လူသားချင်းစာနာထောက်ထားမှု၊ ပြန်လည်ထူထောင်ရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ သွားရောက်လေ့လာ

**နေပြည်တော် ဩဂုတ် ၁၁**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များကို မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်၊ သဘာဝပတ်ဝန်းကျင်ရှုခင်းများကိုကြည့်ရှုခံစား၍ စိတ်ကို ကြည်လင်လန်းဆန်းစေပြီး ကျန်းမာသန်စွမ်းစွာပညာသင်ကြားနိုင်စေရန် ရည်ရွယ်၍ ကျောင်းသား၊ ကျောင်းသူများကို တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ဇေယျာသီရိမြို့နယ်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့်အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် စိတ်အားထက်သန်စွာဖြင့် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများသည် တပ်မတော်(ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာမေးမြန်းကြရာ ပြခန်းများအလိုက်တာဝန်ရှိသူများက ရှင်းလင်းဖြေကြားပေးကြသည်။ ယင်းနောက် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်သုံးယာဉ်များနှင့် စစ်လက်နက်ပစ္စည်းများကိုပါ လေ့လာခဲ့ကြပြီး အမှတ်တရ ဓာတ်ပုံများရိုက်ခဲ့ကြသည်။

လေ့လာရေးသွားရောက်ခဲ့သည့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါတယ်–

“ပထမဆုံး ကျွန်မတို့လေ့လာဖြစ်ခဲ့တဲ့နေရာကတော့ တပ်မတော်(လေ)ရဲ့ လေယာဉ်တွေ ခင်းကျင်းပြသထားတဲ့ပြကွက်ကို ရောက်ခဲ့ပါတယ်။ အဲဒီမှာဆိုရင် ကျွန်မတို့ကလေးတွေရဲ့ PHYSICS သင်ခဲ့ရတဲ့ သီအိုရမ်တွေကို သူတို့လက်တွေ့သိခဲ့ရတယ်။ လေယာဉ်တောင်ပံကို ဘာကြောင့်လေယာဉ်ရဲ့အားနဲ့ ပင့်တင်သွားနိုင်တာလဲဆိုတာကို လေ့လာသိရှိခဲ့ရတယ်။ အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်းရဲ့ အဝတ်အစားတွေ၊ အသုံးအဆောင်ပစ္စည်းတွေနဲ့ စစ်လက်နက်ပစ္စည်းတွေကိုလဲ အသေးစိတ်ကြည့်ရှုလေ့လာခွင့်ရခဲ့တယ်။ မြန်မာ့လွတ်လပ်ရေးသမိုင်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့သိရှိခဲ့တာက စာတွေ့ဗဟုသုတအနေနဲ့သိရှိခဲ့တာပါ။ စစ်သမိုင်းပြတိုက်ကိုလာရောက်ကြည့်ရှုပြီး လက်တွေ့လေ့လာခွင့်ရတဲ့အတွက် ကျွန်တော်တို့ပစ္စည်းတွေကို အသေးစိတ်မြင်တွေ့လေ့လာခွင့်ရခဲ့တယ်။ မှတ်မှတ်ရရအနေနဲ့ တပ်မတော်ရဲ့ အဆင့်ဆင့်ဖြစ်ပေါ်လာပုံ၊ လွတ်လပ်ရေးရရှိပုံအဆင့်ဆင့်ကိုလဲ ပြခန်းတာဝန်ရှိတဲ့သူတွေက လိုက်လံရှင်းပြတော့ ကလေးတွေက အရမ်းသဘောကျပြီး သူတို့စာထဲမှာပဲသိခဲ့တာကိုလက်တွေ့သိခဲ့ရတော့ သူတို့ဝမ်းသာသွားကြပါတယ်။ လေယာဉ်တောင်ပံရဲ့ ဖွဲ့စည်းတည်ဆောက်ပုံကို အပြင်မှာလက်တွေ့မြင်ခဲ့ရတာလဲပါတာပေါ့။ တပ်မတော်(ကြည်း၊ရေ၊လေ)ပြခန်းတွေကိုလေ့လာတဲ့အခါကျတော့ ကလေးတွေက တပ်မတော်ရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကို သူတို့ကစာထဲမှာပဲသင်ခဲ့ရတာဆိုတော့စာတွေ့ပဲရှိခဲ့တာပေါ့။ အခုကျတော့ သူတို့တွေ လက်တွေ့လိုက်လံကြည့်ရှုလေ့လာခွင့်ရခဲ့ကြတယ်။ ကလေးတွေကလဲ တပ်မတော်ရဲ့ တကယ့်ခက်ခက်ခဲခဲကြိုးပမ်းခဲ့ရတဲ့သမိုင်းကြောင်းကို သူတို့တကယ်လက်တွေ့ခံစားပြီး နားလည်ခဲ့ရတာဖြစ်တဲ့အတွက် သူတို့ကိုဒါတွေလိုက်ပြခွင့်ရတာဟာ ကျွန်မအတွက် စိတ်ထဲမှာဝမ်းသာပီတိဖြစ်မိပါတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ကလေးတွေကို အခုလိုဗဟုသုတရရှိစေတဲ့နေရာတွေကို ရောက်ရှိအောင်စီစဉ်ပေးတဲ့ တာဝန်ရှိလူကြီးမင်းအားလုံးကို ကျေးဇူးတင်ပါတယ်ရှင်”ဟုပြောသည်။

“ဒီနေ့မှာ ကျွန်တော်တို့ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ တပ်မတော်စစ်သမိုင်းပြတိုက်ကို လာရောက်ကြည့်ရှုလေ့လာခွင့်ရတာပါ။ ပထမဆုံးအနေနဲ့ တပ်မတော်(လေ)ရဲ့ ပြင်ပပြကွက်တွေမှာခင်းကျင်းပြသထားတဲ့လေယာဉ်တွေကို အသေးစိတ်လေ့လာကြည့်ရှုခွင့်ရရှိခဲ့ပါတယ်။ အဲဒီမှာတပ်မတော်(လေ)က သယ်ယူပို့ဆောင်ရေးခရီးတွေ၊ စစ်တိုက်တဲ့အချိန်တွေမှာ အသုံးပြုတဲ့လေယာဉ်တွေကို အသေးစိတ်လေ့လာခွင့်ရခဲ့ပါတယ်။ ခန်းမအတွင်းမှာခင်းကျင်းပြသထားတဲ့ပြခန်းတွေကို လေ့လာတဲ့အခါမှာလဲ တပ်မတော်ရဲ့ လွတ်လပ်ရေးသမိုင်းတစ်လျှောက်မှာ အရေးပါတဲ့အကြောင်းအရာတွေကို အသေးစိတ်ကျွန်တော်တို့ အသေးစိတ်ပြသထားတဲ့ဓာတ်လမ်း၊ Video Clipတွေကိုကြည့်ရှုခွင့်ရခဲ့တယ်။ ကျွန်တော်တို့ကို ဒီလိုလေ့လာခွင့်ရအောင်လို့ အဘက်ဘက်ကနေကူညီပံ့ပိုးပေးခဲ့ကြတဲ့ တာဝန်ရှိလူကြီးမင်းများအားလုံးကို အထူးပဲကျေးဇူးတင်ပါတယ်”ဟုပြောသည်။ **(၅၀၁)**







ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)အတွင်း ကြည့်ရှုလေ့လာစဉ်။





# ၃၇ ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပ



**နေပြည်တော် ဩဂုတ် ၁၁**

၃၇ ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (37th ASOEN and Related Meetings) ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် တာဝန်ယူပြီး Virtual စနစ်ဖြင့် ဩဂုတ် ၁၀ ရက်မှ ၁၃ ရက်ထိ လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

၃၇ ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ PARKROYAL Hotel ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးက ရာသီဥတုပြောင်းလဲမှု၊ ပလတ်စတစ်ညစ်ညမ်းမှု၊ ဇီဝမျိုးစုံမျိုးကွဲဆုံးရှုံးမှုနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ပြဿနာ အပါအဝင် ကြုံတွေ့နေရသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆက်စပ်ဗဟိုဌာနများပူးပေါင်း၍ လက်တွဲဖြေရှင်းဆောင်ရွက်သွားမည်ဟု မျှော်လင့်ကြောင်း ပြောကြားသည်။

ထို့ပြင် ASOEN ဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံ၊ ပတ်ဝန်းကျင်နှင့် သဘာဝသယံဇာတဝန်ကြီးဌာန မူဝါဒ၊ စီမံကိန်းနှင့်နိုင်ငံတကာရေးရာဌာန၏ ဒုတိယဝန်ကြီး H.E. Attorney. Jonas R. Leones က Online မှ ပါဝင်တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး အစည်းအဝေးကို ဖွင့်လှစ်ခဲ့သည်။

ဖွင့်ပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာ သောင်းနိုင်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပတ်ဝန်းကျင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အာဆီယံ ဇီဝမျိုးစုံမျိုးကွဲဗဟိုဌာနနှင့် အာဆီယံ အထူးပြု မိုးလေဝသဗဟိုဌာနတို့မှ ကိုယ်စားလှယ်များလည်း Online မှ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

**❑ လေးမျက်နှာမြို့နယ်မှ**

ရေကြည်မြို့ပေါ်ရပ်ကွက် နှစ်ခုနှင့် ပတ်ဝန်းကျင် ကျေးရွာ ၂၄ ရွာ၊ ငသိုင်းချောင်းမြို့ မြို့ပေါ်ရပ်ကွက် နှစ်ခုနှင့် ကျုံပျော်မြို့နယ်တွင် ကျေးရွာ ခြောက်ရွာ စုစုပေါင်း မြို့ပေါ်ရပ်ကွက် ကိုးခုနှင့် ကျေးရွာ ၁၈၈ ရွာသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သည်။







အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံပြည်သူများစုပေါင်း၍ ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

ထို့ကြောင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံပြည်သူများစုပေါင်း၍ ရေဘေးသင့်ပြည်သူများကို ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ငဝန်ပန်းတာမှ ရေဝင်လမ်းထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် ငဝန်ပန်းတာရေဝင်လမ်းကို(Geobags) အိတ်များချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်း၊ Steel Sheet Pile ရိုက်သွင်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားသည့်နေရာများရှိ စာသင်ကျောင်းများတွင် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ သန့်ရှင်းရေးဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။(၅၀၁)

---

## ရေဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ ဒုဋ္ဌဝတီမြစ်ရေ အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၁**

ယနေ့ နံနက် ၆နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မြင်းမူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၂၆ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၁၅ စင်တီမီတာခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၃၄ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၂၀ စင်တီမီတာခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့အတူ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၅၁ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၂၀ စင်တီမီတာခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ရှစ်စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ထို့အတူ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၈၀ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၁၀ စင်တီမီတာခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၈ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ငါးစင်တီမီတာ ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ထို့အတူ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၁၁၆ စင်တီမီတာ ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၂၀ စင်တီမီတာခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မုံရွာမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ရန်နှင့် မြင်းမူမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်၊ ဘားအံမြို့နယ်၊ မဒေါက်မြို့၊ မြစ်ငယ်မြို့များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရွှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်ထားသည်။

**(မိုး/ဇလ)**

---

**■ နေရာကွက်၍ မိုးကြီးနိုင်မှ**

ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်နေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၁၄ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်နေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။ **(မိုး/ဇလ)**

---

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ။**

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်(ဗုဒ္ဓဟူးနေ့)

INTERNATIONAL YOUTH DAY

2026 DIFFERENT CONTEXTS, COMMON ASPIRATIONS

" Different Contexts, Common Aspirations "

" နောက်ခံမတူငြား၊ ရည်မှန်းတူထား၊ လူငယ်အား "

ကျန်းမာရေးဝန်ကြီးဌာန

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့ တိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

# အမရပူရမြို့နယ်အတွင်းမှ ရေဘေးသင့်ပြည်သူများကို ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်





**မန္တလေး ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ကျေးရွာပေါင်း ၁၄ ရွာတွင် ဩဂုတ် ၁၀ ရက်က ဒုဋ္ဌဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် အဆိုပါကျေးရွာများမှ အိမ်ထောင်စုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံပြည်သူများစုပေါင်း၍ ရေလွတ်ရာနေရာများသို့ ယာယီပြောင်းရွှေ့နေထိုင်နိုင်ရန် ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ဒုဋ္ဌဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် အမရပူရမြို့နယ်အတွင်းရှိ တောင်ကိုင်းကျေးရွာအုပ်စု၊ ကင်းဘက်ကျေးရွာအုပ်စု၊ တလင်းကြီးကျေးရွာအုပ်စု၊ နတ်ရေကန်ကျေးရွာအုပ်စု၊ ဆေးအိုးဘိုကျေးရွာအုပ်စု၊ ဥယျာဉ်တော်ကျေးရွာအုပ်စု၊ ဘုန်းတော်နိုင်ငံကျေးရွာအုပ်စု၊ ဖရဲကျွန်းကျေးရွာအုပ်စု၊ ရွှေကြက်ယက်ကျေးရွာအုပ်စုတို့မှ ကျေးရွာပေါင်း ၁၄ ရွာအတွင်း မြစ်ရေဝင်ရောက်ခဲ့ပြီး အိမ်ခြေ ၅၆၂ လုံး၊ အိမ်ထောင်စု ၅၇၄ စု လူဦးရေ ၁၉၈၇ ဦး ရေဘေးသင့်ခဲ့ကာ စိုက်ပျိုးမြေဧရိယာစုစုပေါင်း ၄၄ ဧကရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည်။

ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ရေဘေးသင့်ပြည်သူများကို တောင်ကိုင်းကျေးရွာအုပ်စု မြအင်းကျေးရွာရှိ မြရိပ်စိုဓမ္မာရုံတွင် သွားရောက်တွေ့ဆုံအားပေးပြီး ရေဘေးသင့်ပြည်သူများထံ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ကြသည်။

အလားတူ မြစ်ရေဝင်ရောက်ခဲ့သည့် ကျေးရွာအုပ်စုများအတွင်း ရေပြန်လည်ကျဆင်းနေမှုအခြေအနေ၊ ရန်ကုန်-မန္တလေး ကားလမ်းရှိ မြစ်ငယ်တံတား ကြံ့ခိုင်မှုအခြေအနေကိုလည်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဝေန်မြစ်ကြောင်းတစ်လျှောက် မြစ်ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီမံဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၁**

ဝေန်မြစ်ကြောင်းတစ်လျှောက်မြစ်ကမ်းထိန်းလုပ်ငန်းများ၊ သောင်ထွန်းနေရာများတွင် သဲနုန်းတူးဖော်ခြင်း၊ ဖြတ်မြောင်းတူးခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရေး၊ လိုအပ်ပါက ပန်းတာ၊ဖြတ်တာများ ဆောင်ရွက်နိုင်ရေး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့က ဟသ်ာတမြို့နယ် အလယ်စုကျေးရွာအနီး ဝေန်တာတာမိုင် ၁၁/၁ နှင့် ၁၁/၃ အတွင်း၊ လေးမျက်နှာမြို့နယ် ရေလဲကျေးရွာအနီး ဝေန်တာ တာမိုင် ၂၀/၄ နှင့် ၂၀/၅ အတွင်း၊ ညောင်ပင်ဝဲကျေးရွာအနီး တာမိုင် ၂၃/၀ နှင့် ၂၄/၀ အတွင်း၊ ကျောင်းစုကျေးရွာအနီး တာမိုင် ၂၄/၁ နှင့် ၂၄/၃ အတွင်းရှိ ဝေန်ရေကာတာ၏ ကြံ့ခိုင်မှု၊ ဝေန်မြစ်ကြောင်းတစ်လျှောက် ကမ်းပြိုကမ်းစားဖြစ်ပေါ်နေမှုနှင့် သဲသောင်ဖြစ်ပေါ်နေမှု၊ ထိန်ငူကျေးရွာအနီး (Floating Unit) သဲအိတ်ဆွဲ၊ သစ်ကိုင်းချ၊ ဝါးဖောင်ပြုလုပ်ခြင်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် လေးမျက်နှာမြို့နယ်ရှိ ဝေန်တာတာမိုင် ၂၅/၃ တွင် တာတမံနိမ့်ကျမှုဖြစ်ပေါ်ခဲ့ရာ ရေတိုက်စားမှုလျော့ကျစေရန်(Geobags)ချခြင်း၊ (Geobags)ဖြင့် ရေလွှဲရေကာပြုလုပ်ခြင်း၊ တာတမံရေထိမျက်နှာပြင်နှင့် ဆက်စပ်နေရာများကို Geo textile အစများ၊ (Geobags)များဖြင့် ရေတိုက်စားမှုကာကွယ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ရေနက်ရေစီးလမ်းကြောင်းကို ဆက်လက်တားဆီးပိတ်ဆို့နိုင်ရေး Steel Sheet Pile များရိုက်ခြင်း၊ သဲစုပ်သင်္ဘောများ၊ ရေယာဉ်များဖြင့်(Geobags)အိတ်ကြီးများနေရာချခြင်း၊ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းတို့ ဖြစ်ပေါ်နိုင်

**နေပြည်တော် ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုထားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# စစ်ကိုင်းမြို့နယ်အတွင်း ရေဝင်ရောက်ခဲ့သည့် ရပ်ကွက်၊ ကျေးရွာများရှိ ဒေသခံပြည်သူများကို ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

မုံရွာ ဩဂုတ် ၁၁

စစ်ကိုင်းမြို့နယ်၌ ရေဝင်ရောက်ခဲ့သည့် ရပ်ကွက်၊ ကျေးရွာများရှိဒေသခံပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ မြို့တော်ခန်းမတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ရေဝင်ရောက်ခဲ့သည့် ညောင်ပင်ဝန်းကျေးရွာ၊ တလိုင်းကျွန်းကျေးရွာ၊ ညောင်ပင်သာကျေးရွာတို့ရှိ ဒေသခံပြည်သူများကို ဆန်၊ ဆီ၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။




အဆိုပါ ထောက်ပံ့ပေးအပ်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က မိုးရေများ ပြန်လည်ကျဆင်းပြီးပါက စာသင်ကျောင်းများ သန့်ရှင်းရေး၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ပြည်သူများ စားသောက်ရေး အခက်အခဲမရှိစေရေး၊ ကုန်စည်စီးဆင်းမှုကောင်းမွန်စေရေး၊ ခရီးသွားလာမှုများ အဆင်ပြေစေရေးတို့အတွက် တာဝန်ရှိသူများက အလေးထားကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ပြည်သူများအနေဖြင့်လည်း မိမိရပ်ကွက်၊ ကျေးရွာများအတွင်း ရေနစ်မြုပ်မှုကြောင့် အန္တရာယ်မဖြစ်စေရေး၊ ကျန်းမာရေးလိုအပ်မှုများရှိပါက ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း တိုက်တွန်းပြောကြားသည်။

နံနက်ပိုင်းကလည်း မူးမြစ်ရေလျှံပြီး ရေဝင်ရောက်ခဲ့သည့် မုံရွာ-စစ်ကိုင်း ကားလမ်းမကြီးဘေးရှိ ညောင်ပင်ဝန်းကျေးရွာ ကားလမ်းရေကျော်နေမှုအခြေအနေများ၊ လူနေအိမ်များအတွင်း ရေဝင်ရောက်မှုအခြေအနေများ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူများ စုပေါင်း၍ ကားလမ်းမကြီးတစ်လျှောက် ကားများ လမ်းကြောင်းမှန်မောင်းနှင်နိုင်ရေး ဆောင်ရွက်နေမှုများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုပြီး ညောင်ပင်ဝန်းကျေးရွာနှင့် အနီးဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်၍ ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး တွေ့ဆုံ အားပေးစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မုံရွာ-စစ်ကိုင်း ကားလမ်းမကြီးဘေးရှိ ညောင်ပင်ဝန်းကျေးရွာဝန်းကျင်ရှိ ကားလမ်းမကြီးတစ်လျှောက် ကုန်တင်ယာဉ်ကြီးများ၊ ခရီးသည်တင်မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်စီမံဆောင်ရွက်သွားကြရန်၊ မူးမြစ်ရေဝင်ရောက်သည့်ကာလအတွင်း ဒေသခံပြည်သူများအတွက် စားဝတ်နေရေးကိစ္စရပ်များ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရေးလုပ်ငန်းများကို ဌာနဆိုင်ရာများက ချိတ်ဆက်ပူးပေါင်းဆောင်ရွက်သွားကြရန်၊ မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့်လည်း လိုအပ်သည့် ပံ့ပိုးကူညီဆောင်ရွက်မှုများ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရပ်စောက်မြို့နယ်နှင့် ကလောမြို့နယ်တို့မှ ရေဘေးသင့်ပြည်သူများကို ဆန်၊ ဆီ၊ သောက်ရေသန့်၊ စားသောက်ကုန်၊ ဆေးဝါးများ ထောက်ပံ့ပေးအပ်

ရပ်စောက် ဩဂုတ် ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်နှင့် ကလောမြို့နယ်တို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားပြီး ရေဘေးသင့်ပြည်သူများကို ရပ်စောက်မြို့တွင် မိုးလုံလေလုံ အားကစားကွင်းနှင့် ဥတ္တံတားဓမ္မာရုံတွင်လည်းကောင်း၊ ကလောမြို့တွင် အမှတ်(၅)ရပ်ကွက် မြို့မပရိယတ္တိစာသင်တိုက်တွင်လည်းကောင်း ယာယီရေဘေးကယ်ဆယ်ရေးစခန်း ဖွင့်လှစ်၍ ကူညီကယ်ဆယ်ရေးနှင့်ကျန်းမာရေးစောင့်ရှောက်ပေးခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ရေဘေးကယ်ဆယ်ရေးစခန်းရှိ ပြည်သူများကို ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားသည်။

ထိုသို့သွားရောက်စဉ် ရပ်စောက်မြို့မှ ရေဘေးသင့် အိမ်ထောင်စုများအတွက် ဆန်၊ ဆီ၊ သောက်ရေသန့်၊ စားသောက်ကုန်၊ ဆေးဝါးများ၊ လိုအပ်သောအသုံးအဆောင်ပစ္စည်းများ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးဌာနက ထောက်ပံ့ပေးသည့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးအပ်ပြီး ရေဝင်ရောက်နေသည့် ဇော်ဂျီမြစ်ချောင်းဘေးရှိ ရပ်ကွက်များကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ ကလောမြို့ အမှတ်(၅)ရပ်ကွက် မြို့မပရိယတ္တိစာသင်တိုက်ရှိ ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီ၊ သောက်ရေသန့်၊ စားသောက်ကုန်၊ ဆေးဝါးများကို သွားရောက်ပေးအပ်သည်။

ထို့ပြင် ရေဝင်ရောက်ခဲ့သည့် ကလောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ မြို့နယ်ဥပဒေရုံး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရုံး၊ မြို့တော်ခန်းမတို့တွင် ရေပြန်လည်ကျဆင်းသွားသဖြင့် သန့်ရှင်းရေးဆောင်ရွက်နေမှုကိုလည်းကောင်း၊ မောမြေဦးပန်းခြံ၊ ကလောချောင်းနှင့် ခရိုင်ပညာရေးရုံးကိုလည်းကောင်း၊ ရပ်ကွက်(၄) ကလောချောင်းကူးတံတား၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အုတ်တံတိုင်းပြိုလဲမှုကိုလည်းကောင်း၊ အမှတ်(၄) ရပ်ကွက်ရှိ



ပလောင်ဈေး သန့်ရှင်းရေးဆောင်ရွက်နေမှုကိုလည်းကောင်း၊ အမှတ်(၄)ရပ်ကွက် ကလောချောင်းမှတ်တိုင်(၁၄၇)မှ Fullmoon Hotel နောက် ကလောချောင်းထိ ရေမြောင်းအသစ်တူးဖော်မည့်နေရာကိုလည်းကောင်း၊ ကလောအင်းပြင်သစ်တောပျိုးဥယျာဉ်ရှေ့ ကလောချောင်း ရေစီးဆင်းမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ညောင်ဦးမြို့တွင် ရေဝင်ရောက်မှုကြောင့် အိမ်ထောင်စု ၉၅ စု၊ လူဦးရေ ၃၅၄ ဦးတို့ကို ရေဘေးရှောင်စခန်းများသို့ ကူညီပြောင်းရွှေ့ပေးလျက်ရှိ



ညောင်ဦး ဩဂုတ် ၁၁

ညောင်ဦးမြို့တွင် ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေပြီး မြစ်ကမ်းဘေးနေအိမ်များနှင့် မြေနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်၊ အမှတ်(၄)ရပ်ကွက်၊ အမှတ်(၅)ရပ်ကွက်၊ အမှတ်(၇)ရပ်ကွက်တို့တွင် မြစ်ရေဝင်ရောက်လျက်ရှိသည်။

ထိုသို့ မြစ်ရေဝင်ရောက်မှုကြောင့် အိမ်ထောင်စု ၉၅ စု၊ လူဦးရေ ၃၅၄ ဦးတို့ကို ရေဘေးရှောင်စခန်းများသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဝန်ထမ်းများက ကူညီပြောင်းရွှေ့ပေးလျက်ရှိပြီး ရေဘေးရှောင်စခန်း ဖွင့်လှစ်ထားရှိသည့် နေရာများတွင် ကူညီထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါရပ်ကွက်များအတွင်း မြစ်ရေဝင်ရောက်မှုအခြေအနေနှင့် ရေဘေးရှောင်စခန်း ဖွင့်လှစ်ထားရှိသည့် နေရာများကို ညောင်ဦးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီယာယီဥက္ကဋ္ဌ ဦးလှိုင်ကျော်စိုးနှင့် အဖွဲ့က ယနေ့တွင် သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ဒီပါလင်း**

## ၂၀၂၆ ခုနှစ် ဩဂုတ် ၁၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၀၀၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

# ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ဒေသများတွင် ရေပြန်လည်ကျဆင်းပါက စိုက်ပျိုးရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားမည်



**ပုသိမ် ဩဂုတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ရေဘေးသင့်ဒေသများတွင် ရေပြန်လည်ကျဆင်းပါက စိုက်ပျိုးရေးလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စက်ယန္တရား၊ မျိုးစေ့၊ သွင်းအားစုများ ကြိုတင်ပြင်ဆင်ထားရန်နှင့် စာသင်ကျောင်း၊ ဆေးရုံ၊ ဌာနဆိုင်ရာရုံးများကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ရန်၊ ဌာနဆိုင်ရာများအနေဖြင့် မူလတာဝန်များနှင့်အတူ ရေဘေးသင့်ဒေသပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ကြရန် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်က ယနေ့ နံနက်ပိုင်းတွင် ဟင်္သာတခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံစဉ် တိုက်တွန်းပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ကျုံပျော်မြို့နယ် ကျောင်းစုကျေးရွာရှိ ၁၀ ဧကတွင် စိုက်ပျိုးထားသော ၂၀၂၆-၂၀၂၇ ခုနှစ် မိုးစပါးရာသီ RS to CS မှော်ဘီ-၃ မျိုးစေ့ထုတ်စိုက်ခင်းနှင့် စပါးမျိုး ၁၀ မျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်များကို ကြည့်ရှုအားပေးသည်။

ထို့ပြင် ကျုံပျော်မြို့နယ် သဖန်းချောင်းကျေးရွာမှ အသက် ၁၂၀ ရှိ အဘိုးဦးစိန်ငွေအား နိုင်ငံတော်သမ္မတ၏ ဂါရဝပြုလှူဒါန်းငွေ၊ ဆန်၊ ဆီ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများကို သွားရောက်ပေးအပ်ပြီး အားပေးစကားပြောကြားသည်။

ထို့အတူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ရုံး ဝန်ထမ်းမိသားစုများက ဧရာဝတီတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် ဒုတိယအကြိမ် ဆန်အိတ် ၁၀၀ လှူဒါန်းပွဲသို့ တက်ရောက်၍ ဆန်အိတ်များလက်ခံရယူပြီး သဃ်န်းဒေါင့်ကျေးရွာ ကျောင်းတိုက်ရှိရေဘေးသင့်ပြည်သူများကို ထောက်ပံ့ပစ္စည်းများ သွားရောက်ပေးအပ်သည်။

အလားတူ ငါးသိုင်းချောင်းမြို့ မြို့သစ်ရပ်ကွက် အုတ်ပုံရိုးချောင်းအတွင်း ရေဝင်ရောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

**☆ ကျောက်ကပ်အစားထိုးကုသမှုမှ**

ဩဂုတ် ၅ ရက်နှင့် ၆ ရက်တို့တွင် ပြုလုပ်ခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အထူးကြပ်မတ်ကုသဆောင်တွင် စောင့်ကြပ်ကြည့်ရှုကုသပေးလျက်ရှိသော ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုခံယူထားသည့် လူနာများကို သွားရောက်ကြည့်ရှု၍ အားပေးစကားပြောကြားကာ ဆေးရုံအုပ်ကြီးနှင့် ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ၏ လူနာများကျန်းမာရေး အခြေအနေ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းပေးပြီး ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်ကြရန် မှာကြားသည်။

ဆဋ္ဌမအကြိမ် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုကို ကရင်ပြည်နယ် ဘားအံမြို့နေ အသက်၄၄နှစ်ရှိ ကျောက်ကပ်လူနာအမျိုးသားနှင့် ကျောက်ကပ်အလှူရှင် ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် အဖျောက်ကျေးရွာမှ အသက် ၂၈ နှစ် အမျိုးသမီးတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း ခွဲစိတ်ချိန် ငါးနာရီနှင့် ၂၅ မိနစ် ကြာမြင့်ခဲ့သည်။

သတ္တမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုကို ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ငါးပြေမကျေးရွာနေ ကျောက်ကပ်လူနာ အသက် ၂၉ နှစ်ရှိ လက်ထောက် မူလတန်းပြဆရာမနှင့် ကျောက်ကပ်အလှူရှင် ညီအစ်မတော်စပ်သူ အသက် ၂၄ နှစ်ရှိ အမျိုးသမီးတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး စုစုပေါင်း ခွဲစိတ်ချိန် ငါးနာရီနှင့် ၃၉ မိနစ် ကြာမြင့်ခဲ့သည်။ ဆဋ္ဌမအကြိမ်နှင့် သတ္တမအကြိမ် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှု ဆောင်ရွက်ခဲ့သော လူနာနှင့် ကျောက်ကပ်အလှူရှင် လေးဦးတို့၏ ခွဲစိတ်ပြီး ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသဌာနတွင် ထားရှိကာ လိုအပ်သောပြုစုကုသမှုများကို ဘာသာရပ်ဆိုင်ရာ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကျောက်ကပ်အစားထိုးကုသမှုများကို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဗဟိုအဆင့်ဆေးရုံများ၊ တပ်မတော်ဆေးရုံကြီးများ၊ ရန်ကုန်၊ မန္တလေးရှိ ပုဂ္ဂလိကဆေးရုံများတွင် ဆောင်ရွက်ပေးလျက်ရှိပြီး ကျန်းမာရေးဝန်ကြီးဌာနအောက်တွင် အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) ရန်ကုန်၊ မန္တလေးပြည်သူ့ဆေးရုံကြီးတို့တွင် ပုံမှန်ဆောင်ရွက်နေသည့်အပြင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)တွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ၌ ပထမအကြိမ်စတင်တိုးချဲ့ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပြီး ယခုဆောင်ရွက်သည့် လူနာ နှစ်ဦးအပါအဝင် ခုနစ်ကြိမ်ထိ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**◆ ဖလမ်းမြို့မှ**

ပြန်လည်သွယ်တန်း ပြင်ဆင်နေမှုကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းအိမ်ရာ ပြန်လည်ပြုပြင်တည်ဆောက်နေမှု၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဖလမ်းခရိုင်ရုံး အဆောက်အအုံပြုပြင်တည်ဆောက်နေမှု၊ သစ်တောဦးစီးဌာန ခရိုင်ဝန်ထမ်းအိမ်ရာ အမိုးများပြုပြင်လဲလှယ်နေမှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး အဆောက်အအုံပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ တီးတိန်မြို့နှင့်တွန်းဇံမြို့တို့အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တီးတိန်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအစည်းအဝေးခန်းမ၌ တီးတိန်မြို့နယ် ထန်န္တဲ့ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ပြန်လည်ပြုပြင်ရန် နိုင်ငံတော်က ထောက်ပံ့သည့်ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ ကျောင်းသုံးပရိဘောဂများ၊ ပုံနှိပ်စာအုပ်နှင့် ဗလာစာအုပ်တို့ကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ကျေးရွာ ကျောင်းအကျိုးတော်ဆောင်များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အလားတူ တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီ အတွင်းရေးမှူးသည် ကော်မတီအဖွဲ့ဝင်များနှင့်အတူ တစ်စိတ်တစ်ပိုင်းပျက်စီးသည့် မြို့နယ်လမ်းဦးစီးဌာန ဧည့်ရိပ်သာ၊ လူငယ်သင်တန်းကျောင်းရုံးခန်း၊ အခြေခံပညာ အထက်တန်းကျောင်း(တွန်းဇံ) ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ၁၁-၈-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၁.၃ ~ ၃၆၆၅.၈ | ၅၅၈.၁ ~ ၅၅၈.၂ | ၁၂၅.၅ ~ ၁၂၅.၆ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၈,၂၇၃,၂၃၄.၂၈ | ၁,၆၀၂,၉၂၂.၉၁ | ၈၂,၈၈၄,၁၄၄.၄၅ | - |

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ကား၊ ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ထုပ်ပိုးမှုပစ္စည်းများ တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍမှ ဝင်ရောက်ငွေကို စားသုံးဆီကဏ္ဍနှင့် CMP ကဏ္ဍတို့သို့ ရောင်းချပေးခဲ့ပါသည်။

**❖ အယ်လ်နီညိုမှ**

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင်ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မူမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မူမမှန်ခြင်း၊ လာမည့်နွေကာလများတွင် နေ့အပူချိန်များမြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်းစသည့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်နိုင်ကြပါရန် အသိပေးအပ်ပါသည်။ (မိုး/ဇလ)

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မန္တလေးတိုင်းဒေသကြီးအဆင့် ၂၀၂၆ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများ အထိမ်းအမှတ်အခမ်းအနား ကျင်းပ




**မန္တလေး ဩဂုတ် ၁၁**

၂၀၂၆ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုများ အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး၊ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့တို့၏ နာယက၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများ၊ အသင်းအဖွဲ့များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အာဟာရပြည့်ဝမျှတမှုသည် မွေးကင်းစနှင့်ကလေးငယ်များ၏ ကိုယ်ခန္ဓာကြီးထွားဖွံ့ဖြိုးမှု၊ ဉာဏ်ရည်ဖွံ့ဖြိုးမှု၊ ကျောင်းနေအရွယ်ကလေးများ၏ ပညာရေးဆိုင်ရာ စွမ်းရည်မြင့်မားမှု၊ အရွယ်ရောက်သူများ၏ အလုပ်လုပ်နိုင်စွမ်းအား ကောင်းမွန်မှုနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အခြေခံအကျဆုံးအုတ်မြစ်ဖြစ်ပါကြောင်း၊ မိခင်နို့တိုက်ကျွေးခြင်းမှအစပြု၍ အသက်အရွယ်အလိုက် အာဟာရစောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုခိုင်မာအားကောင်းလာစေရန် ပြည်သူလူထု ပူးပေါင်းပါဝင်မှုအားဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အာဟာရပညာပေး Video Clip နှင့်ပြခန်းများကို ကြည့်ရှု၍ အသက်ငါးနှစ်အောက်ကလေးများကို ဗီတာမင်အေဆေးလုံးများတိုက်ကျွေးခဲ့ပြီး အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကာ ကိုယ်ဝန်ဆောင်မိခင်များကိုအဏုအာဟာရဆေးပြားများနှင့်အာဟာရဖြည့်စွက်စာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**



၂၀၂၆-၂၀၂၇ ပညာသင်နှစ်

ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ

(၁၀-၈-၂၀၂၆) ရက်နေ့မှ (၁၄-၈-၂၀၂၆) ရက်နေ့ထိ

၁။ ကျောင်းအခြေပြု ကျန်းမာရေး အသိပညာမြှင့်တင်ရေးလုပ်ငန်း၊
၂။ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း၊
၃။ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊
၄။ ကျောင်းအခြေပြု ရောဂါကာကွယ်ရေးလုပ်ငန်း၊
၅။ ကာယပညာနှင့် အားကစားလုပ်ငန်း၊
၆။ ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ် ကင်းဝေးရေးလုပ်ငန်း၊
၇။ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် ကျောင်းမှပြည်သူတွင်းသို့ မူမှန်လူနေမှုဘဝဟန်များ ရောက်ရှိရေးလုပ်ငန်း၊
၈။ နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနှင့် လူမှုရေးပံ့ပိုးမှုလုပ်ငန်း၊
၉။ သင်တန်းနှင့် သုတေသနလုပ်ငန်း။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကေသီကျော်အား ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ဦးစိုးသက်နောင်အား ဘရူနိုင်းဒါရုဆလမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် ဩဂုတ် ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် မြန်မာသံရုံးရောမမြို့မှ သံရုံးယာယီတာဝန်ခံ/သံအမတ်ဦးစိုးသက်နောင်အား ဘရူနိုင်းဒါရုဆလမ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“တော်လှန်ရေးလုပ်ရင်းနဲ့ ဓားပြဖြစ်လာကြသော စကားဝါမြေမှအညာ PDF များ”** ခေါင်းစဉ်ဖြင့် ၁၂-၈-၂၀၂၆ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၉-၈-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“ရေဘေးသင့်ချင်းတူပေမယ့် အကြမ်းဖက်သမားများကြောင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် အလှမ်းဝေးနေရသောပြည်သူများ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်ကို အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၇၀၉၅၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ထူးခြားသည့် နေ့အပူချိန်များ

(၁၁ - ၈ - ၂၀၂၆)

| | | | | |
|---|---|---|---|---|
| ခန္တီး | ၃၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၃၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၅ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ကလေးဝ | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

## ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်သူများ

**ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-**

၁။ သာသနာ့ဝန်ထမ်းများ။
၂။ အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

### ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ**

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။
၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။
၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
၆။ နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက်နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
၇။ တစ်ဆက်စပ်တည်း လုပ်သက်နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ခြောက်ဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်



အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ခြောက်ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်စဉ်။

**နေပြည်တော် ဩဂုတ် ၁၁**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား နှစ်ဦး၊ လိုက်ဘေးရီးယားနိုင်ငံသား တစ်ဦး၊ ဘူရွန်ဒီနိုင်ငံသား တစ်ဦး၊ ယူဂန်ဒါနိုင်ငံသား တစ်ဦး၊ တိုဂိုနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ခြောက်ဦးတို့ကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ အီသီယိုးပီးယားနိုင်ငံ၊ လိုက်ဘေးရီးယားနိုင်ငံ၊ ဘူရွန်ဒီနိုင်ငံ၊ ယူဂန်ဒါနိုင်ငံ၊ တိုဂိုနိုင်ငံသံရုံးတို့မှ သံရုံးကိုယ်စားလှယ် Mr. Tana Judah Hira နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဩဂုတ် ၁၁ ရက်ထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ဦးရေ ၁၄၇၄၀ ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ဦးရေ ၁၃၈၂၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်း များနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသားဦးရေ ၉၂၀ တွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး(လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/ ၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၁၃ ဦးရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၂၀၇ ဦးတို့ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့်ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

■ **မူဆယ်မြို့မှ**

အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ဆောင်ရွက်ခြင်းမရှိစေရန်အတွက် စုံစမ်းရှာဖွေဖော်ထုတ် စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၁၀ နာရီ ၃၅ မိနစ်ခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ တော်ရှက်ရပ်ကွက် မင်္ဂလာမူဆယ်လမ်းရှိ နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသားဦးရေ ၆၀ ကို ဖုန်းမျိုးစုံ ၈၅ လုံး၊ All In One ကွန်ပျူတာ ၁၁ လုံး၊ Star Link နှစ်လုံး၊ Power Station နှစ်လုံး၊ Laptop လေးလုံး၊ UPS တစ်ခု၊ ဆိုင်ကယ် နှစ်စီး၊ ဆက်စပ်ပစ္စည်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



မူဆယ်မြို့ တော်ရှက်ရပ်ကွက်၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ကိုင်သည့် တရုတ်နိုင်ငံသား အမျိုးသား ဦးရေ ၆၀ ကို လုပ်ငန်းသုံးပစ္စည်း များနှင့်အတူ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများကို လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို တက်ကြွစွာဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)





မူဆယ်မြို့ တော်ရှက်ရပ်ကွက်၌ တရုတ်နိုင်ငံသား အမျိုးသား ဦးရေ ၆၀ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သည့် နေအိမ်နှင့်လုပ်ငန်းနေရာကို တွေ့ရစဉ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# တန်ရာတန်ကြေး

## မောင်ခြိမ့်



ဩဂုတ် ၁၀ရက်မှအဆက်

ဘယ်ခြေရှေ့တက်ပြီး ညာဖြောင့်လက်သီးက နှုတ်ခမ်းမွေးကြီးဆီ တန်းဝင်သွားချိန်မှာ ဆတ်ခနဲ ဘယ်ခြေကို ပတ်ရိုက်လိုက်တာခံလိုက်ရပြီး ဖင်ထိုင်လဲကျသွားပြန်တယ်။

အဲဒီလိုနဲ့ နှစ်ယောက်သားပြန်ဆိုင်လိုက်၊ မိုးသီးမိုးပေါက်တွေလို တရစပ်ထိုးနေတဲ့ ဒေဝေါရဲ့ လက်သီးချက်တွေကို တစ်ခါတစ်ခါကိုယ်ကိုယို့ပြီး ရှောင်လိုက်၊ ယိမ်းပြီး ရှောင်လိုက်၊ လက်ဖျံတွေ တံတောင်တွေနဲ့ ပိတ်လိုက်၊ ကာလိုက်၊ ဆီးလိုက်၊ ဆို့လိုက် ဒေဝေါအလစ်မှာ ခြေကိုရိုက်လှဲလိုက်နဲ့ ဒေဝေါတစ်ယောက်ကတော့ အရင်းကနေ ခားထက်ထက်နဲ့ အပိုင်းခံလိုက်ရတဲ့ငှက်ပျောပင်လို တဖိုင်းဖိုင်းလဲလဲကျနေတော့တာပဲ။

ဒေဝေါကတော့ အရှုံးမပေးဘူး၊ လဲကျတိုင်း ပြန်ပြန် ထတာချည်းပဲ။ နောက်တစ်ချီ ခြေရိုက်အလှဲခံလိုက်ရတဲ့အခါ တစောင်းလဲကျနေရင်းက ပြန်မထဘဲငြိမ်နေလိုက်တယ်။ လက်ဝှေ့သမားကြီးက စိုးရိမ်သွားပုံနဲ့ အနားကိုအသာကပ်လာတယ်။ အဲဒီအချိန်မှာပဲ ဒေဝေါဟာ လက်နှစ်ဖက်ကို ထောက်ပြီး ဘယ်ညာခြေအစုံနဲ့ အားကုန်ဆန့်ပြီး ကန်လိုက်တယ်။

"ဟေ့…ဟေ့…ကောင်လေး" အော်သံ ဟန့်သံနဲ့ အတူ ငုံ့ကိုင်းထားတဲ့ မျက်နှာဆီ တန်းခနဲ ရိပ်ခနဲ ဝင်လာတဲ့ခြေအစုံကို ဖျတ်ခနဲ နောက်ကိုလှန်ချပြီး ရှောင်တယ်။ ဒေဝေါရဲ့ကန်ချက်က မြန်လွန်းတော့ မျက်နှာကိုမထိပေမဲ့ လက်ဝှေ့သမားကြီးရဲ့ ရင်ဘတ်ကို ဗုန်းခနဲအသံထွက်အောင် ထိသွားတော့တာပဲ။

ဖင်ထိုင်ကျသွားတဲ့ လက်ဝှေ့သမားကြီးကို ကြည့်ပြီး အောက်ကပရိသတ်တွေက "ဟေး… ဒေဝေါကွ၊ ဒေဝေါကွ၊ ဒေဝေါကွ" ဆိုတဲ့ အော်ဟစ်အားပေးလိုက်သံကြီးက ရိုးပြတ်လယ်ကွင်းတွေထဲက ပွဲတန်းတစ်ခုလုံးကို ဖုံးလွှမ်းလိုက်တော့တယ်။

"ဟေ့ ဟေ့ ဘယ်လိုဖြစ်ကြတာတုံး"

အော်လဲအော်၊ မေးလဲမေး၊ ပြေးလဲ ပြေးလာကြတဲ့ ကြိုးဝိုင်းဒိုင်လူကြီးတွေအနားရောက်လာတော့ လက်ဝှေ့သမားကြီးက ကွမ်းသွေးတွေ ရဲရဲနီနေတဲ့ ပါးစပ်ကြီးဖြဲပြီး တဟားဟားအော်ရယ်ရင်း ဒေဝေါကို လာဖက်တယ်။ "အာဂပဲဟေ့…အာဂပဲ… တကယ့်မြွေပွေးပေါက်ကလေးပါပဲလားကွ" ဆိုပြီး သဘောတွေကျနေတော့တယ်။

အဲဒီကတည်းက မြွေပွေးဒေဝေါဆိုပြီး နာမည်တွင်တော့တာပဲ။ တကယ်တော့ လက်ဝှေ့သမားကြီးဟာ မွန်ပြည်နယ်ဘက်ကပါ။ ပွဲတော်ရက် လက်ဝှေ့ပွဲတွေအမီ လာခဲ့ပေမဲ့ နောက်ကျမှ ရောက်လာခဲ့လို့ အပျော်အပြက်သဘောမျိုးနဲ့ လူငယ်ကလေးတွေကို လက်ရည်စမ်းခဲ့တာပါ။ ဒီပွဲမှာ ဒိုင်လုပ်နေသူတွေရဲ့ ဆရာကြီးလို့ ဆိုပါတယ်။ ဒေဝေါကတော့ လက်ဝှေ့ကြိုးဝိုင်းရဲ့စည်းကမ်းတွေ၊ လက်ဝှေ့သမားတစ်ယောက်ရဲ့ လိုက်နာရမဲ့စည်းကမ်းတွေ သိတာမဟုတ်ဘူး။ မခံချင်စိတ်နဲ့ ကြိုးဝိုင်းထဲဝင်ခဲ့တယ်။ မနိုင်ရင် နိုင်တဲ့နည်းကို သုံးခဲ့တာပါ။

ကိုတင်သောင်းကြီးကတော့ ဒေဝေါရဲ့ ရောင်ကိုင်းနေတဲ့ ခြေထောက်ကို ဆေးတွေလိမ်း၊ မိဿလင်ဥတွေကြိတ်ပြီး အုံပေးရင်းနဲ့ "မင်းကတော့ကွာ လုပ်လိုက်ရင် တစ်ဇွတ်ထိုးကြီးပဲ" ဆိုပြီး စိုးရိမ်သံကြီးနဲ့ ဆုံးမနေသေးရဲ့။

(၃)

အခုကျတော့လဲ ငါးဒိုင်ပိုင်ရှင် ကိုချစ်မွှေးက ဒေဝေါရဲ့မျက်နှာကို လက်သီးတစ်ချက် ပစ်သွင်းလိုက်ပေမဲ့ ဘာမှမတုံ့ပြန်ဘဲ ပေပြီးခံနေတဲ့ ဒေဝေါကို တွေ့ရတော့ မခံချင်စိတ်နဲ့ ရှေ့တစ်လှမ်းတက်ပြီး လက်တုံ့ပြန်မယ်အလုပ်မှာ ဒေဝေါက သူ့ခြေထောက်ကို ခပ်ဖိဖိကလေးနင်းပြီး ဟန့်တားထားလိုက်တာကြောင့် "ဘယ်လို သဘောလဲဟ" ဆိုတဲ့သဘောနဲ့ ဒေဝေါကိုမကျေမနပ်နဲ့ ကြည့်ပစ်လိုက်တယ်။

ဒေဝေါရယ်၊ ကိုတင်သောင်းကြီးရယ်၊ နောက်ထပ်ကွန်သမားသုံးယောက်ရယ်ဟာ ရေစိုလက်စဘောင်းဘီတိုကလေးတွေကိုယ်စီနဲ့ အားလုံးမတ်တတ်ရပ်နေကြရတယ်။ ကိုချစ်မွှေးကတော့ တရှူးရှူးတရှဲရှဲနဲ့ ဒေါသတွေထွက်ပြီး ခေါက်တုံ့ခေါက်ပြန်လျှောက်နေတယ်။

"မင်းတို့ လုံးဝမတွေ့ဘူးဆိုတာသေချာတယ်နော်။ အေး နောက်မှ ပေါ်လာရင်တော့ ငါ့အကြောင်းကောင်းကောင်းကြီးပြရသေးတာပေ့ါကွာ"

ကြောက်စရာလန့်စရာကောင်းလောက်အောင်ကြိမ်းဝါးနေတဲ့ ကိုချစ်မွှေးရဲ့ ဒေါသသံတွေအောက်မှာ ရေငုပ်ပေးရတဲ့ ကွန်သမားတွေအားလုံး တုတ်တုတ်မျှမလှုပ်ရဲကြဘူး။

"စိတ်ချပါဆရာရယ် ကျွန်တော်ကိုယ်တိုင်ရှာပြီးပါပြီ၊ တွေ့ကိုမတွေ့တာပါ၊ စက်လှေမှောက်တဲ့အရှိန်နဲ့ ပြုတ်ထွက်ပြီး မြုပ်မျောမျောသွားတာနေမှာပါ"

"စက်လှေကိုတော့ ဦးမှာ ကြိုးတစ်ချောင်း၊ ပဲ့မှာ ကြိုးတစ်ချောင်း စက်လှေဝမ်းမှာ နှစ်ချောင်း သေသေချာချာချည်ထားပြီးပါပြီ။ အခုလိုရေကျတုန်းအချိန် အပေါ်ကသမ္ဗန်ကြီးမှာ ကြိုးကိုတင်းအောင်ဆွဲချည်ထားဖို့ပါပဲ။ ရေတက်လာတာနဲ့ အပေါ်ကို ကြွတက်လာရင် အသာကမ်းကိုဆွဲပြီး ဖော်ရုံပါပဲ"

"ဆရာခိုင်းတဲ့အတိုင်း ကျွန်တော်တို့ ကြိုးစားခဲ့ပါတယ်ဆရာ။ ဆရာ့လိုလူမျိုးကို ကျွန်တော်တို့ မညာရဲပါဘူးဆရာ"

ဆရာတွေ မိုးမွှန်အောင်ခေါ်ပြီး တောင်းတောင်းပန်ပန်၊ နှိမ့်နှိမ့်ချချပြောနေတဲ့ ဒေဝေါစကားတွေကို သဘောကျပြီး ကိုချစ်မွှေးကြီးရဲ့ဒေါသတွေ တစ်ဝက်လောက် လျော့သွားတယ်။

တကယ်တော့ ရုတ်တရက်ထွက်လာတဲ့ ဒေါသကို မထိန်းနိုင်လို့သာ ဒေဝေါကို ထိုးမိတာ။ ဒေဝေါလိုကောင်က လွယ်တာမဟုတ်ဘူး။ နာမည်တစ်လုံးနဲ့နေတာ မတော်လို့ပြန်တွယ်ရင် သူပဲအရှက်ကွဲမှာ၊ သူပဲမရှုမလှခံရမှာကိုတွေးပြီး စိုးရိမ်နေတုန်း ဒေဝေါရဲ့ လေပြည်စကားကြားရတော့ စိတ်လဲ တော်တော်အေးသွားတယ်။

"အမယ် တော်တော်ကျိုးနွံနေပါ့လား ဒီကောင်" စိတ်ထဲကနေ ရေရွတ်ရင်း ကိုတင်သောင်းကြီး တစ်ယောက် ဒေဝေါကို အံ့အံ့ဩဩကြည့်နေမိတော့တယ်။

(၄)

ကိုချစ်မွှေးရဲ့ ငါးဒိုင်ဟာ ဒေဝေါတို့ရွာကလေးနဲ့ သိပ်မဝေးဘူး။ မြို့ကလေးမှာလဲ ငါးဒိုင်တစ်ခု ဖွင့်ထားသေးတယ်။ စီးပွားရေးအကွက်မြင်တဲ့ ကိုချစ်မွှေးဟာ မြို့ကလေးမှာထိုင်စောင့်ပြီး ကုန်ဝယ်တာနဲ့စာရင် ငါး၊ ပုစွန်ထွက်တဲ့ အင်းချောင်းတွေ၊ မွှေးကန်တွေ၊ ရေလုပ်ငန်းလုပ်တဲ့ တံငါရွာတွေထိ လိုက်ဝယ်တာ ပိုပြီးတွက်ခြေကိုက်တယ်ဆိုတာ သိတယ်။ ဒါကြောင့် မြို့ကလေးကငါးဒိုင်မှာ သူ့မိန်းမကို ဦးစီးစေပြီး သူကိုယ်တိုင်ကတော့ မြို့ကလေးနဲ့ ဆယ့်ငါးမိုင်လောက်ဝေးတဲ့ သမန်းချောင်းမြစ်ဝမှာ ငါးဒိုင်အသစ်လာဖွင့်ထားတယ်။

အခုဖွင့်ထားတဲ့ ငါးဒိုင်ဟာ ဘေးဘီမှာရှိတဲ့ အင်းချောင်းတွေ၊ မွှေးကန်တွေ၊ တံငါရွာတွေရဲ့ အလယ်လောက်မှာရှိတယ်။ ဒါကြောင့် ဒီမြစ်တစ်ကြောကနေ ထွက်သမျှ ငါး၊ ပုစွန်တွေကို ရေခဲရိုက်တန်ရိုက်၊ အရှင်လှောင်သင့်တာ လှောင်ပြီး မြို့ကလေးမှာကပ်တဲ့နှစ်ထပ်သင်္ဘောနဲ့ ရန်ကုန်တင်ပို့ရတယ်။

ဟောဒီ သမန်းချောင်းမြစ်တစ်ကြောမှာရှိတဲ့ ထိန်ပင်စု၊ ကွင်းတာကြီး၊ ပေပင်ချောင်း၊ ကျုံတမော့၊ ဖျိုင်းတောင်စု စတဲ့ရွာက တံငါတွေ၊ ရေလုပ်ငန်းသမားတွေဟာ ကိုချစ်မွှေးနဲ့မကင်းကြဘူး။ ကိုချစ်မွှေးရဲ့ဩဇာကို မပယ်ရှားဝံ့ကြဘူး။

စီးပွားရေးသမားကိုချစ်မွှေးကြီးဟာ ဘယ်လောက်ထိ အကွက်မြင်သလဲဆိုတော့ ကွန်သမားတွေ၊ မျှောပိုက်သမားတွေကို ပိုက်တွေ၊ လှေတွေ၊ အရင်းအနှီးတွေထုတ်ပေးပြီး အပိုင်ကိုင်ထားတယ်။ သူထုတ်ပေးထားတဲ့ လှေတွေ၊ ပိုက်တွေနဲ့ ရှာလို့ရလာသမျှ ငါး၊ ပုစွန်တွေ သူ့ငါးဒိုင်မှာလာပြီး သွင်း၊ သူပေးတဲ့ဈေးကိုယူ၊ သူ့ပါးစပ်ကထွက်တဲ့ဈေးဟာ ပေါက်ဈေးပဲ အတွန့်တက်လို့မရဘူး။ ဆင်ခြေတက်လို့မရဘူး။

ဒေဝေါတို့ကွန်လှေအုပ်စုကလဲ ကိုချစ်မွှေးကြီး ထုတ်ပေးထားတဲ့ လှေတွေ၊ ကွန်တွေနဲ့ ရနိုင်သလောက်ဖမ်း၊ ရလာသမျှကို ကိုချစ်မွှေးရဲ့ ငါးဒိုင်မှာသွင်း၊ ကိုချစ်မွှေး ဖြတ်သမျှဈေးနဲ့ ကျေနပ်လာခဲ့ကြရတာ ကြာပြီလေ။

တစ်နှစ်ပြီးတစ်နှစ်၊ တစ်ရာသီပြီးတစ်ရာသီ၊ ကိုချစ်မွှေးကြီးသာ အိမ်တစ်လုံးကနေ နှစ်လုံး၊ စက်လှေ တစ်စင်းကနေ နှစ်စင်း၊ မယားတစ်ယောက်ကနေ…။ အဲဒီလို တိုးတက်လာပေမဲ့ ဒေဝေါတို့ တစ်တွေလောက်ကိုမပြောနဲ့ ဒေဝေါမိဘတွေ လက်ထက်ကတည်းက ကိုချစ်မွှေးကြီးတို့မိဘတွေကို လုပ်ကျွေးလာခဲ့တာ။ သူတို့ရဲ့အကြွေးနဲ့ မကင်းခဲ့တာ။ ဟော… ဒေဝေါတို့ နောက်မျိုးဆက်သစ်တွေဟာလဲ ကိုချစ်မွှေးတို့ မျိုးဆက်သစ်တွေရဲ့ လောင်းရိပ်အောက်မှာ…။

(၅)

အဲဒီနေ့က ကိုချစ်မွှေးရဲ့ပွဲထောင်စက်လှေ မြို့ကလေးက ပြန်လာတာနောက်ကျတယ်။ တပည့်လက်သားသုံးလေးယောက်နဲ့ ယမကာလေး တထွေထွေနဲ့ မြစ်ပြင်မှာရေစုန်အတိုင်း မောင်းလာခဲ့ကြသတဲ့။ လဆုတ်ပက္ခပေမို့ ကောင်းကင်မည်းမည်းကြီးမှာ လကတော့မသာဘူးပေ့ါ။

ဒီမြစ်၊ ဒီချောင်း၊ ဒီဒေသမှာ အနေကြာလာခဲ့ကြတာဆိုတော့ မီးမပါဘဲနဲ့လဲ မြစ်ကြောင်းအတိုင်း ကျွမ်းကျွမ်းကျင်ကျင် မောင်းလာနိုင်တာပါပဲ။ စက်လှေကလေးပေါ်မှာတော့ ငါးဒိုင်အတွက် ပေါင်သုံးရာရေခဲတုံးတွေ အပြည့်အသိပ်တင်လာတာ၊ စက်လှေဖောင်းစပ်တောင် ရေထိနေတာတဲ့။

ည ဆယ်နာရီလောက်မှာငါးဒိုင်ရှိရာ သမန်းချောင်းမြစ်ဝနားပြန်ရောက်ခဲ့ကြပေမဲ့ မူးနေတဲ့ ပဲထောင်မောင်းတဲ့ကောင်က ငါးဒိုင်ကို ကိုက်တစ်ရာလောက်ကျော်ပြီး မောင်းသွားတယ်တဲ့။

"ဟေ့ ဟေ့ ငါတို့ငါးဒိုင်ကို ကျော်လာပဟ။ ပြန်ကွေ့…ပြန်ကွေ့" ဆိုပြီး ဝိုင်းအော်တော့မှ ပြန်ကွေ့တယ်။ ရေစုန်မှာ မောင်းလာတဲ့စက်လှေဟာ ဆတ်ခနဲ ချက်ချင်းကွေ့လိုက်တော့ စက်လှေပေါ်မှာ တင်လာတဲ့ ရေခဲတုံးကြီးတွေက တစ်ဖက်ဘေးဆီ လျှောထွက်အလာ စက်လှေအစောင်းမှာ အရှိန်နဲ့ စီးလာတဲ့ ရေစွယ်က အင်နဲ့အားနဲ့ ဆောင့်အတွန်း၊ ဘာပြောကောင်းမှာလဲ ဟုတ်ခနဲ စက်လှေအမှောက်မှာ လူတွေတောင် ပါမသွားတာ ကံကောင်းတယ်လို့ ပြောရမယ်။

လူတွေအားလုံး လွတ်မြောက်လာကြပေမဲ့ စက်လှေကလေးကတော့ မြစ်ရဲ့ရေအောက်ကြမ်းပြင်မှာ လဲလျောင်းကျန်ရစ်ခဲ့ပါပြီ။ ရေကျချိန် ရေစစ်ချိန်မှာတောင် အနည်းဆုံး အတောင်နှစ်ဆယ်ကျော်နက်တဲ့ ရေထုအောက်မှာ နစ်မြုပ်နေတဲ့စက်လှေကို ပြန်ဖော်ယူဖို့ ဒေဝေါတို့ကွန်သမားတွေရဲ့ တာဝန်ဖြစ်လာပါလေရော။

စာမျက်နှာ ၂၅ သို့ á

# ခနေဖြူမြို့နယ်တွင် နာနတ်သီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ



**ခနေဖြူ ဩဂုတ် ၁၁**

ရေ၀တီတိုင်းဒေသကြီး မအူပင်ခရိုင် ခနေဖြူမြို့နယ်တွင် နာနတ်သီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ခနေဖြူမြို့နယ် သစ်သီးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြင့်က ပြောပြသည်။

ခနေဖြူမြို့နယ် သစ်သီးဈေးကွက်တွင် ယခုနှစ် ဩဂုတ်လ ပထမပတ်မှ စတင်ပြီး ယနေ့ထိ နာနတ်သီးများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် ထွက်ရှိသည့်နာနတ်သီးများ တစ်ရက်လျှင် အလုံးရေ ၂၀၀၀၀ မှ ၂၇၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ခနေဖြူမြို့နယ်ကနေ ထွက်ရှိတဲ့ နာနတ်သီးတွေအဝယ်လိုက်နေပါတယ်။ အခြားဒေသဈေးကွက်က ဝယ်လက်တွေကပါ အဝယ်များနေပါတယ်။ လက်ရှိ နာနတ်သီးတွေက အလုံးရေ ၂၇၀၀၀ ထိ တင်ပို့ရောင်းချနေရပါတယ်။ နာနတ်သီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်တာ တွေ့ရပါတယ်။ အခုလို နာနတ်သီးတွေ အရောင်းအဝယ်ကောင်းလာတော့ နာနတ်သီးစိုက်ပျိုးသူတွေ၊ ကုန်တင်ကုန်ချလုပ်သားတွေ အဆင်ပြေလာပါတယ်"ဟု ခနေဖြူမြို့နယ် သစ်သီးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြင့်က ပြောပြသည်။

ခနေဖြူမြို့နယ်တွင် စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ်ကောင်းမွန်နေသည့် နာနတ်သီး ၁၀ လုံးလျှင် ငွေကျပ် ၂၈၀၀၀ မှ ၃၃၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါအရောင်းအဝယ်ကောင်းမွန်နေသည့် နာနတ်သီးများကို ခနေဖြူဈေးကွက်အပြင် မအူပင်၊ ညောင်တုန်း စသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း ခနေဖြူမြို့နယ် သစ်သီးမျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြင့်ထံမှ သိရသည်။

**ကျော်ကျော်လင်း**

# မိုးညှင်းမြို့နယ် ပင်ရဲလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုးညှင်း ဩဂုတ် ၁၁**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပင်ရဲလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြသိန်းဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ဦးစီးမှူး ဦးဌေးမြင့်နှင့် စီမံကိန်းတာဝန်ခံတို့က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ပင်ရဲလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိ၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ပင်ရဲလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ လေးဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၂၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၆ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၇၈ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက် ရှိကြောင်း မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြသိန်းဝင်းထံမှ သိရသည်။

**ချစ်ဦးကို**

á စာမျက်နှာ ၂၄ မှအဆက်

ကွန်သမားတွေဟာ အများအားဖြင့် ရေငုပ်ကောင်းတွေဖြစ်တယ်။ ဟောဒီ မြစ်မကြီးတစ်ကြောမှာ ကျက်စားလာခဲ့ကြတာ သမနိရှည်ကြာခဲ့ပြီမဟုတ်လား။ အဲဒီတော့ မြစ်ရဲ့ဘယ်နေရာမှာ ဘာရှိတယ်ဆိုတာ တန်းခနဲသိတဲ့လူတွေ။ ဝဲရှိသလား၊ တံစူးရှိသလား ရေအောက်ဂလိုင်ကြီးတွေရှိသလား၊ သစ်ကျတွေရှိသလား၊ တုံကင်းပျက်၊ သင်္ဘောပျက်တွေရှိသလား၊ ရေနက်သလား၊ တိမ်သလား အားလုံးသိတယ်။

မြစ်ထဲပစ်ချလိုက်တဲ့ ဆယ့်သုံးတောင်၊ ဆယ့်လေးတောင် ကွန်ကျဲကြီးတွေဟာ မြစ်ကြမ်းပြင်အောက်ခြေထိ ကွန်ဖူးကြိုးလျှော့ပေးရင်ပေးသလောက် အုပ်ကျသွားပြီး ငါးတွေ၊ ပုစွန်တွေအပေါ်သာ အုပ်မိတာမျိုးမဟုတ်ဘူးလေ။ တစ်ခါတစ်ခါ သစ်ကျ၊ တစ်ခါတစ်ခါ တံစူး၊ တစ်ခါတစ်ခါ တုံကင်းပျက်တွေနဲ့လဲ ငြိတတ်၊ တွယ်တတ်၊ ချိတ်နေတတ်တာမဟုတ်လား။

ဒီတော့ ဆင်းငုပ်ပြီးဖြုတ်ရတယ်။ ပြီးတော့ မြစ်ပြင်တစ်ကြောမှာ ရွှေပေါ်ထိုးနေသလိုမျိုး စုန်ချည် ဆန်ချည်၊ အသွားအပြန်ခုတ်မောင်းနေတဲ့ မော်တော်လေးတွေ၊ ပဲ့ထောင်စက်လှေတွေ မှောက်တဲ့အခါ၊ မြုပ်တဲ့အခါ ဆင်းဖော်ဖို့၊ ငုပ်ဖို့ ကွန်သမားတွေကိုပဲ အားကိုးကြရတာပါပဲ။

ဒါကြောင့် ကိုချစ်မွေးကြီးရဲ့ပဲ့ထောင်စက်လှေမြုပ်တော့ ရေအောက်ကနေ ပြန်ဖော်ဖို့တာဝန်ဟာ ဒေဝေါတို့ကွန်သမားတစ်စုရဲ့ ခေါင်းပေါ်ကျလာတာဟာ ဘာဆန်းလို့တုံး။

(၆)

ကွန်သမားတွေထဲမှာ ကိုချစ်မွေးကြီးက ဒေဝေါကို အယုံကြည်ဆုံးပဲ၊ ဒီကောင်က လူကလဲ ရိုးတယ်၊ မဟုတ်ရင်လဲ မခံတတ်ဘူး၊ ပြီးတော့ အသက်ကလဲ ငယ်တယ်၊ ရေငုပ်ရာမှာလဲ ဟောဒီနယ်တစ်ကြောမှာ ပြိုင်ဘက်မပေါ်သေးဘူး။

ဒါကြောင့် ဒေဝေါကို သီးသန့်ခေါ်တွေ့တယ်။ မှာစရာရှိတာမှာတယ်။ သူ့စက်လှေဖော်တဲ့ကိစ္စမှာ ဒေဝေါကခေါင်းဆောင်လုပ်၊ ဒေဝေါသဘောကျသလို စီစဉ်၊ တာဝန်ကျေအောင်လုပ်၊ အောင်မြင်သွားရင် သူများတကာထက် မင်းအတွက်က ဘာ...ညာ...ဆိုပြီး မက်လုံးပေးထားတယ်။

ရေတွေတသွင်သွင် အားနဲ့အင်နဲ့ အရှိန်နဲ့စီးဆင်းနေတဲ့ မြစ်ပြင်ကြီးမှာ မြုပ်သွားတဲ့ပဲ့ထောင်စက်လှေဟာ "မြုပ်သွားတာကတော့ ဟောဒီနေရာမှာပဲဗျာ"ဆိုပြီး အပ်ချမတ်ချ လက်ညှိုးထိုးပြပေမဲ့ ပြတဲ့နေရာ ရေပြင်အောက်တည့်တည့်မှာရှိနေမှာ မဟုတ်ဘူးဆိုတာ ဒေဝေါတို့လို အတွေ့အကြုံများတဲ့သူတွေကသိတယ်။

ဆက်လက်ဖော်ပြပါမည်။

## လူငယ်စွမ်းအားမြှင့်တင်ထား

- ပန်းရောင်စုံ ဥယျာဉ်နန်း
သူ့အသွင်ဆန်း ဝေဝေဆာ၊
ဝင့်ထည်စွာ အဆင်းအလှက
ဝင်းပလို့ဖြာ၊
မျိုးဆက်သစ် ရတနာ
လူငယ်ဆိုတာ အနာဂတ်ရဲ့ပန်း၊
ပေါင်းသင်ကာ မြေတောင်မြှောက်ပေးရင်ဖြင့်
တောက်ပပွင့်လန်း။

- သွန်သင်ကာ ဘဝလမ်းမှာဖြင့်
အလှပန်းများ ဖူးပွင့်ရန်၊
ပိုးမကိုက်စေ ပွင့်လန်းစေဖို့
လမ်းပြအကြံဉာဏ်၊
တိုးတက်ရေးအတွက် ဗလငါးတန်
ဖွံ့ဖြိုးရန် လမ်းညွှန်ပြ၊
လူငယ်များကို လက်ချင်းယှက်လို့
လက်တွဲခေါ်ကြ။

- ကမ္ဘာမှာ သတ်မှတ်ကြ
နေ့မြတ်အလှ ရွှေးချယ်ကာ၊
နိုင်ငံပေါင်းစုံ ပါဝင်ထားလို့
အင်အားများစွာ၊
"ဩဂုတ်လ တစ်ဆယ့်နှစ်ရက်"မှာ
သတ်မှတ်ကာ ဂုဏ်ပြုထား၊
တွဲလက်ညီ ကောင်းမြတ်သည့်
ပေါင်းစည်းအင်အား။

- "နောက်ခံမတူငြား
ရည်မှန်းတူထား လူငယ်အား"
မူတကယ်မခြား ညီညွတ်စေ၊
အနာဂတ်လှူဘောင် တည်ဆောက်ရေး
အားပေးစို့လေ၊
ကျန်းမာသန့်စွမ်း လူငယ်တွေ
ပေါ်ထွက်စေဖို့ ပျိုးထောင်ပေး၊
အနာဂတ်နိုင်ငံတော် ဖွံ့ဖြိုးရေးအတွက်
(လူငယ်တို့စွမ်းအား)
မြှင့်တင်စို့လေး။ ။

**ပန်းမာလာ**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# ဇာရီမှုတွင် မူလဒီကရီကို မျက်ကွယ်မပြုနိုင်

## စိန်လှိုင်ဗိုလ်

တရားစီရင်ရေးနယ်ပယ်တွင် မူလရုံး အယူခံရုံး အဆင့်ဆင့်နှင့် ပြင်ဆင်မှုရုံးအဆင့်ဆင့်အပါအဝင် အထူးအယူခံရုံးထိ အောက်ရုံးများ၏အမိန့်ကို မကျေနပ်သူက တက်ရောက်ခွင့်ရှိကြောင်း အများသိရှိကြပြီးဖြစ်ကြပါလိမ့်မည်။ ဥပဒေ၏အမှန်တရားနှင့် ဆင်ခြင်တုံတရားချိန်ခွင်လျှာသုံးသပ်မှုတို့ဖြင့် မှန်ကန်သောတရားစီရင်ရေးပေါ်ပေါက်စေရန်ဖြစ်သည်။

တစ်ခါတုန်းကဖြစ်သည်။ မူလမြို့နယ်ရုံးတွင် အိမ်ရှင်က အိမ်ငှားကို မြို့ပြဆိုင်ရာငှားရမ်းမှုကြီးကြပ်ရေးဥပဒေအရ နှင်ထုတ်လိုမှုစွဲဆိုခဲ့သည်။ တရားလိုအိမ်ရှင်က အနိုင်ဒီကရီရရှိခဲ့သည်။ အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန် မူလရုံးတွင် ဇာရီမှုဖွင့်ခဲ့သည်။ ထိုအခါတွင် မူလက အနိုင်ဒီကရီချမှတ်ပေးသည့် မူလရုံးက မိမိချမှတ်ထားသည့်အနိုင်ဒီကရီကို မျက်ကွယ်ပြုသည်။ ဇာရီမှုတွင် မူလဒီကရီကို အကျိုးသက်ရောက်အောင်မပြုဘဲ တရားရှုံးအိမ်ငှားကို ဥပဒေနှင့်အညီမဟုတ်သော အကျိုးခံစားခွင့်ပေးခဲ့သည်။ ဒီကရီတွင်မပါရှိသော အခွင့်အရေးကို ပေးခဲ့သည်။

တရားနိုင်အိမ်ရှင်က မကျေနပ်၍ တိုင်းတရားရုံးတော်သို့ ပထမအယူခံဝင်ရောက်ခဲ့ရာ မြို့နယ်ရုံးက ဇာရီမှုတွင်ချမှတ်ခဲ့သည့်အမိန့်ကို ပယ်ဖျက်ပြီး တရားရှုံးများကို အချင်းဖြစ်မြေပေါ်မှ လူနှင့်အဆောက်အအုံများကိုပါ ဖယ်ရှားထွက်ခွာစေရန် အမိန့်ချမှတ်ခဲ့သည်။ အိမ်ငှားက ဗဟိုတရားရုံးသို့ တရားမအထွေထွေအယူခံမှု တင်သွင်းခဲ့သော ကိုသန်းဝေ-မခင်တင့်နှင့် ဒေါ်ထိုက် (၁၉၇၄)ခုနှစ် အမှတ်(၉) (မန္တလေး) ၁၉၇၆ စီရင်ထုံးများ စာ(၇၃) ကို ရည်ညွှန်းကိုးကား ရေးသားတင်ပြပါဦးမည်။

မြင်းခြံမြို့ အမှတ်(၇)ရပ်ကွက် ဘဘလမ်း၌ တည်ရှိသည့်မြေကွက်သည် ဒေါ်ထိုက်ပိုင်ဆိုင်သော ဘိုးဘပိုင်မြေဖြစ်သည်။ ၁၉၅၇ ခုနှစ်တွင် ဒေါ်ထိုက်က ဒေါ်ညွန့်အား ထိုမြေကို မြေလခတစ်လလျှင် ငွေ ၂၀ ကျပ် ဖြင့်ငှားရမ်းခဲ့သည်။ ဒေါ်ထိုက်နှင့် ဒေါ်ညွန့်တို့ နှစ်ဦးသဘောတူချုပ်ဆိုခဲ့သော စာချုပ်အရ ဒေါ်ထိုက်က ဒေါ်ညွန့်ကို ထိုမြေပေါ်တွင် အိမ်ဆောက်၍နေထိုင်ခွင့်ပြုခဲ့သည်။ ဒေါ်ထိုက်အလိုရှိသောအခါ ဒေါ်ညွန့်က ထိုမြေမှဖယ်ရှားပေးရန်ကတိပြုခဲ့သည်။ ထိုအိမ်တွင် ဒေါ်ညွန့်နှင့်အတူ သားဖြစ်သူ ကိုလှယုတို့ နေထိုင်လာခဲ့ကြသည်။ ထို့နောက် ဒေါ်ညွန့်သေဆုံးသည်။ ထိုအိမ်တွင် ကိုလှယု ဆက်လက်နေထိုင်သည်။

ထို့နောက် ကိုလှယုက ထိုအိမ်ကိုတန်ဖိုးငွေ ၆၀၀ ကျပ်နှင့် ကိုသန်းဝေ-မခင်တင့်တို့ကို ရောင်းချလိုက်သည်။ ကိုသန်းဝေတို့က ထိုအိမ်တွင် ငှက်ပျောသီးအရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်၍ အချင်းဖြစ်မြေတွင် ငှက်ပျောသီးအုပ်ရန် ကျင်းများတူးပြီး မီးဖိုများပြုလုပ်ခဲ့သည်။ မြေပိုင်ရှင်ဒေါ်ထိုက်က မကျေနပ်သဖြင့် မြေကိုပြန်လည်ရလိုမှုစွဲဆိုရာ မြင်းခြံမြို့နယ်တရားရုံးက ၁၉၆၈ ခုနှစ် တရားမကြီးမှုအမှတ် (၁၉)၌ စစ်ဆေးကြားနာ၍ မြေရှင်ဒေါ်ထိုက်ကို အနိုင်ဒီကရီချပေးခဲ့သည်။ ထိုဒီကရီကို ကိုသန်းဝေနှင့် မခင်တင့်တို့သည် အယူခံဝင်ကြောင်း အထောက်အထားအမှုတွဲတွင် မတွေ့ရှိရပေ။

ဒေါ်ထိုက်က မိမိရရှိသောအနိုင်ဒီကရီကို အတည်ပြုရန်လျှောက်ထားသဖြင့် မြင်းခြံမြို့နယ်တရားရုံးက ၁၉၇၄ ခုနှစ် ဇာရီမှုအမှတ်(၅)ကို ဖွင့်လှစ်ခဲ့သည်။ **ထိုဇာရီမှုတွင် မြို့နယ်တရားရုံးက မူလအမှုမှ ဒီကရီအရ တရားစရိတ်နှင့်ဒီကရီတွင်မပါရှိသော မြေလခကျသင့်ငွေစုစုပေါင်း ၁၄၅၀ ကျပ် ၄၀ ပြားကို တရားရှုံးများဖြစ်သော ကိုသန်းဝေနှင့် မခင်တင့်တို့က ပေးစေရန် အမိန့်ချမှတ်သည်။ ပထမအရစ်အနေဖြင့် ၄၅၈ ကျပ် ၄၀ ပြားကို ၁၉၇၄ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ပေးသွင်းရန်သတ်မှတ်ခဲ့သည်။**

တရားနိုင်ဒေါ်ထိုက်က ထိုအမိန့်ကို မကျေနပ်သဖြင့် အယူခံဝင်သည်။ မြင်းခြံမြို့ရုံးထိုင် မန္တလေးတိုင်းတရားရုံးက ၁၉၇၄ ခုနှစ် တရားမအယူခံမှုအမှတ် (၁၁)ဟုသတ်မှတ်၍ကြားနာပြီး **ဇာရီမှုတွင် ချမှတ်ခဲ့သော မြို့နယ်တရားရုံး၏အမိန့်ကို ပယ်ဖျက်ကာ ကိုသန်းဝေနှင့် မခင်တင့်တို့ကို အချင်းဖြစ်မြေပေါ်မှ အဆောက်အအုံနှင့်လူများပါဖယ်ရှားပေးရန် အမိန့်ချမှတ်ခဲ့သည်။** ထိုအမိန့်ကို မကျေနပ်သဖြင့် ကိုသန်းဝေနှင့် မခင်တင့်တို့က ဗဟိုတရားရုံးသို့ တရားမအထွေထွေအယူခံမှု လျှောက်ထားခဲ့သည်။



### ဗဟိုတရားရုံး၏ စီစစ်သုံးသပ်ဆုံးဖြတ်ချက်

မြင်းခြံမြို့နယ်တရားရုံးက ၁၉၆၈ ခုနှစ် တရားမကြီးမှုအမှတ် (၁၉)၌ ကိုသန်းဝေနှင့် မခင်တင့်တို့ကို အချင်းဖြစ်မြေပေါ်ရှိ အဆောက်အအုံများကို ဖျက်သိမ်း၍ ထိုမြေမှထွက်ခွာသွားရန် ဒီကရီချမှတ်ခဲ့ပြီးဖြစ်သည်။ **ထိုဒီကရီကို အထက်အယူခံရုံးများက ပယ်ဖျက်ခဲ့ခြင်းမရှိသဖြင့် ထိုဒီကရီသည် တည်မြဲလျက်ရှိနေပေသည်။ ထိုဒီကရီကို အတည်ပြုရန် ဖွင့်လှစ်ခဲ့သောဇာရီမှုတွင် ဒီကရီကို အကျိုးသက်ရောက်အောင်ဆောင်ရွက်ပေးရန်ဖြစ်သည်။ ဒီကရီအတိုင်း ဆောင်ရွက်ခြင်းမပြုဘဲ တရားရှုံးများကို မြေလခကျသင့်ငွေများပေးစေ၍ မြေငှားများဖြင့် ဆက်လက်နေထိုင်စေရန် မြို့နယ်တရားရုံးက ချမှတ်ခဲ့သောအမိန့်သည် မူလဒီကရီကို ပယ်ဖျက်ပြင်ဆင်ရာရောက်သဖြင့် ဥပဒေအရ မှားယွင်းကြောင်း** ဗဟိုတရားရုံးက ထောက်ရှုဝေဖန်သုံးသပ်ခဲ့သည်။

မြို့နယ်တရားရုံးသည် မိမိချမှတ်ခဲ့သော မူလဒီကရီကို မိမိပယ်ဖျက်ပြင်ဆင်ပိုင်ခွင့်မရှိကြောင်း၊ ဤအာဏာသည် အယူခံရုံး၌သာ တည်ရှိကြောင်း၊ ဤအမှားကို တိုင်းတရားရုံးကတွေ့ရှိသဖြင့် ဇာရီမှုတွင်ချမှတ်ခဲ့သော မြို့နယ်တရားရုံး၏အမိန့်ကို ပယ်ဖျက်ပြီး မူလဒီကရီအတိုင်း ဆက်လက်ဆောင်ရွက်စေရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ရာ တိုင်းတရားရုံး၏အမိန့်သည် ဥပဒေအရမှန်ကန်ကြောင်း ဗဟိုတရားရုံးတော်က စိစစ်ဝေဖန်သုံးသပ်ခဲ့သည်။

ထို့ကြောင့် အယူခံမှုကို ခွင့်ပြုရန်အကြောင်းမရှိသဖြင့် စရိတ်နှင့်တကွပလပ်ပြီး တိုင်းတရားရုံး၏အမိန့်ကို အတည်ပြုလိုက်သည်။ မူလရုံးသည် မိမိချမှတ်လိုက်သည့်အမိန့်ကို ဇာရီမှုတွင် ပြင်ဆင်ခွင့်မရှိကြောင်း သိရှိနိုင်ကြပြီဖြစ်သည်။

တစ်မိသားစုနှင့် တစ်မိသားစု အကြောင်းဆက်ပေါင်းဖက်၍ အိမ်ထောင်တစ်ခုကို ထူထောင်ကြသည်။ ရာသက်ပန်ရိုးမြေကျ အေးအတူပူအမျှလက်တွဲပေါင်းဖော်ကြမည်ဟု ရည်ရွယ်ရည်စူးခဲ့ကြသော်လည်း လင်နှင့်မယား လျှာနှင့်သွားဆိုသကဲ့သို့ ထိမိခိုက်မိရှိတတ်ကြရာ တစ်အိုးတစ်အိမ်တည်းအတူတကွ မနေထိုင်ကြတော့ဘဲ ခွဲခွာကြသည်များလည်း ရှိတတ်ကြသည်။

လင်ယောက်ျားက အိမ်ပေါ်မှနှင်ချ၍ မယားဖြစ်သူ အိမ်ပေါ်မှဆင်းသွားရသည့်အဖြစ်မျိုးရှိသကဲ့သို့ မယားဖြစ်သူနှင့် အတူမနေထိုင်လိုတော့သဖြင့် လင်ဖြစ်သူက အိမ်ပေါ်မှဆင်းသွား၍ တကွဲတပြားနေထိုင်ကြသူများလည်းရှိကြသည်။

ထိုကဲ့သို့ ခွဲခွာနေထိုင်၍ ကာလအတန်ကြာသောအခါတွင် လင်က အိမ်ပေါ်မှနှင်ချခဲ့သော ဇနီးသည်ကို ပြန်ပေါင်းထုပ်ချင်လာသဖြင့် ပြန်လာရန် မယားကိုခေါ်သည်။ မယားက ပြန်မလာသောအခါ တရားရုံးမှနေ၍ မယားခေါ်လိုမှုစွဲဆိုသည်။ တရားရုံးအဆင့်ဆင့်၏ ဥပဒေပြဋ္ဌာန်းချက်အပေါ် ခံယူချက်နှင့် ဆင်ခြင်တုံတရားတို့အကြောင်း စီရင်ဆုံးဖြတ်ထုံးဖွဲ့ခဲ့သော **"ဦးအုန်းသောင်နှင့် ဒေါ်အေးချစ် ၁၉၇၄ ခုနှစ် တရားမဒုတိယအယူခံမှုအမှတ်(၂) ၁၉၇၆ တရားစီရင်ထုံးများ စာ(၈၆)** စီရင်ထုံးကို ရည်ညွှန်းကိုးကားရေးသားတင်ပြပါဦးမည်။

ဦးအုန်းသောင်နှင့် ဒေါ်အေးချစ်တို့သည် လွန်ခဲ့သော ၁၃၃၃ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက်တွင် ပဲခူးမြို့နယ် ဘုရားကြီးကျေးရွာရှိဦးအုန်းသောင်၏နေအိမ်၌ ဗုဒ္ဓဘာသာဓလေ့ထုံးတမ်းနှင့်အညီ တရားဝင်လက်ထပ်ပြီး အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ကြသည်။ ထိုသို့ပေါင်းသင်းလာကြပြီး လေးလခန့်အကြာတွင် ဒေါ်အေးချစ်က ဦးအုန်းသောင်၏နေအိမ်မှဆင်းသွားပြီး တရားရုံးတွင် မယားစရိတ်ရလိုကြောင်း လျှောက်ထားခဲ့သည်။ တရားရုံးက မယားစရိတ် တစ်လငွေကျပ် ၃၀ ပေးစေဟုအမိန့်ချမှတ်ခဲ့သည်။ သို့ရာတွင် ဦးအုန်းသောင်သည် ရပ်ကွက်လူကြီးများနှင့်အတူ ပြန်ပေါင်းရန် ဒေါ်အေးချစ်ကို သွားရောက်ခေါ်ခဲ့သည်။ ထိုအခါ ဒေါ်အေးချစ်က ပြန်လည်ပေါင်းသင်းရန် သဘောတူသဖြင့် လူကြီးများရှေ့တွင် ဦးအုန်းသောင်နှင့် ဒေါ်အေးချစ်တို့ စာချုပ်ချုပ်ဆိုခဲ့သည်။

အဆိုပါစာချုပ်ချုပ်ဆိုပြီး ဒေါ်အေးချစ်က နှစ်ရက်၊ သုံးရက်နေလျှင်လာခဲ့မည်ဟု ပြောသော်လည်း ပြန်မလာသဖြင့် ဦးအုန်းသောင်က ဒေါ်အေးချစ်အပေါ် ယခင် ပဲခူးမြို့ တရားရေးဝန်ထမ်းအဆင့်(၃) ရုံးတွင် လင်မယားအဖြစ် ပြန်လည်ပေါင်းသင်းလိုမှု စွဲဆိုခဲ့သည်။ ၎င်းတရားရုံးတွင် ဦးအုန်းသောင် အနိုင်ဒီကရီရရှိခဲ့သည်။ သို့ရာတွင် ဒေါ်အေးချစ်က ပဲခူးတိုင်းတရားရုံးသို့အယူခံဝင်ရာ တိုင်းတရားရုံးက မူလရုံး၏ဒီကရီကို ပယ်ဖျက်လိုက်သည်။ သို့ဖြစ်၍ ဦးအုန်းသောင်က ဗဟိုတရားရုံးသို့ တရားမဒုတိယအယူခံမှုတင်သွင်းဝင်ရောက်ခဲ့သည်။

### ဗဟိုတရားရုံး၏ စီစစ်သုံးသပ်ဆုံးဖြတ်ချက်

ဒေါ်အေးချစ်က ဦးအုန်းသောင်သည် ၎င်းကို အိမ်ပေါ်မှနှင်ချလိုက်သည့်အတွက် ဆင်းလာခဲ့ရကြောင်း၊ ဦးအုန်းသောင်သည် အမြဲတစေ ၎င်းကို နှိပ်စက်ကြောင်း၊ လူအများရှေ့တွင် "မိန်းမရှင်မ၊ သူခိုးမ၊ ခွေးမ"အစရှိသည်ဖြင့် အမြဲဆဲဆိုကြောင်း၊ ထို့ကြောင့် ဦးအုန်းသောင်နှင့် ပြန်လည်ပေါင်းသင်းမည်ဟု စာချုပ်ချုပ်ပေးလိုက်သော်လည်း မသွားဝံ့သဖြင့် ပြန်မသွားခဲ့ပါဟု မူလရုံးတွင် ဒေါ်အေးချစ်က ထုချေခဲ့သည်ကို အယူခံရုံးတော်က စိစစ်ဝေဖန်ခဲ့သည်။

မူလရုံးက ဒေါ်အေးချစ်သည် ဦးအုန်းသောင်က အိမ်ပေါ်မှနှင်ချသည့်အတွက် ဆင်းသွားရကြောင်း မှန်သော်လည်း ဒေါ်အေးချစ်ကို ဦးအုန်းသောင်က နှိပ်စက်ကြောင်း၊ ဆဲဆိုကြောင်း သက်သေအထောက်အထားမရှိဟုဆိုပြီး ဦးအုန်းသောင်ကို အနိုင်ပေးခဲ့သည်။ ပဲခူးတိုင်းတရားရုံးအနေဖြင့် ဦးအုန်းသောင်သည် ဒေါ်အေးချစ်ကို အိမ်ပေါ်မှနှင်ချခြင်း၊ စိတ်ဆင်းရဲအောင်ဆဲဆိုကြိမ်းမောင်းခြင်းတို့မှာ မှန်ကန်သဖြင့် သဘောရိုးဖြင့် တရားစွဲဆိုခြင်းမဟုတ်နိုင်ဟု ယူဆပြီး မူလရုံး၏စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်လိုက်ပါသည်။

ဗဟိုတရားရုံးက သက်ဆိုင်ရာအမှုတွဲကို လေ့လာလိုက်သည့်အခါ အယူခံတရားလိုက အယူခံတရားပြိုင်ကို အိမ်မှနှင်ချကြောင်း ပေါ်လွင်သော်လည်း အယူခံတရားလို ဦးအုန်းသောင်က အယူခံတရားပြိုင် ဒေါ်အေးချစ်ကို အမြဲတစေနှိပ်စက်ညှဉ်းပန်းတိုင်းထွာဆဲဆိုခဲ့သည်ဟု လုံးဝသက်သေအထောက်အထားမရှိကြောင်း၊ လင်မယားအခန့်မသင့်၍ ရန်ဖြစ်ပြီးနှင်ချခဲ့သဖြင့် အိမ်ပေါ်မှ ဆင်းခဲ့ခြင်းသာဖြစ်သည်။ မြန်မာ့ဓလေ့ထုံးတမ်းအရ သျှောင်နောက်ဆံထုံးပါဆိုသကဲ့သို့ မယားသည် လင်၏နောက်သို့လိုက်ပြီး အေးအတူပူအမျှလုပ်ကိုင်စားသောက်ပေါင်းသင်းနေထိုင်ရန် တာဝန်ရှိကြောင်း ရုံးတော်က သုံးသပ်ခဲ့သည်။

လုံလောက်သောအကြောင်းရှိမှသာလျှင် မယားသည် လင်နှင့်အတူနေထိုင်ရန် ငြင်းဆိုနိုင်သည်။ လုံလောက်သောအကြောင်းဆိုရာ၌ အမှုတစ်မှုနှင့်တစ်မှု အကြောင်းခြင်းရာများတူညီမည်မဟုတ်၍ မည်သည့်အကြောင်းခြင်းရာသည် လုံလောက်သောအကြောင်းဖြစ်သည်၊ မည်သည့်အကြောင်းခြင်းရာမှာ လုံလောက်သောအကြောင်းမဟုတ်ဟု ပုံသေကားကျမှတ်ယူ၍မဖြစ်နိုင်ကြောင်း၊ ပေါ်ပေါက်နေသည့်အကြောင်းခြင်းရာများအပေါ်မူတည်၍ အဆုံးအဖြတ်ပြုရမည်ဖြစ်ကြောင်း အယူခံရုံးတော်က ဆင်ခြင်သုံးသပ်ခဲ့သည်။

ယခုအမှုမှာ မူလအယူခံတရားပြိုင် ဒေါ်အေးချစ်က ၎င်းကို ဦးအုန်းသောင်က အိမ်ပေါ်မှနှင်ချ၍ ဆင်းခဲ့ရသည်။ ရက်စက်ညှဉ်းပန်းခဲ့သည်။ ဆဲဆိုခဲ့သည်ဟု အကြောင်းပြသော်လည်း အိမ်ပေါ်မှနှင်ချခဲ့ကြောင်းသာပေါ်လွင်၍ ရက်စက်ကြောင်း၊ ဆဲဆိုကြောင်း သက်သေအထောက်အထား လုံးဝမရှိကြောင်း ထောက်ရှုဝေဖန်ခဲ့သည်။ ဤကဲ့သို့ လင်မယားရန်ဖြစ်ခြင်းကြောင့် လင်က မယားကိုနှင်ထုတ်ခြင်းမှာ လင်ယောက်ျားက မယားကိုပြန်လာခေါ်သည့်အခါ ငြင်းဆန်နိုင်ရန် လုံလောက်သည့်အကြောင်းဖြစ်သည်ဟုမဆိုသာကြောင်း အယူခံရုံးတော်က ဆင်ခြင်သုံးသပ်ပြီး ပဲခူးတိုင်းတရားရုံး၏စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်၍ မူလတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ပြန်လည်အတည်ပြုလိုက်ပါသည်။ လင်နဲ့မယားကြားဖြစ်လေ့ဖြစ်ထရှိသော အဆင်မပြေမှုများတွင် တရားရုံးက စိစစ်ဝေဖန်ပညာပေးလိုက်သောအမှုတစ်ခုဖြစ်ပါသည်။

# ယင်းမာပင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၅၈၀၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ယင်းမာပင် ဩဂုတ် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၅၈၀၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ဧက ၁၁၅၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၅၈၀၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်မြို့နယ်မှာ ဖူးစားပြောင်း ဧက ၁၁၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဖူးစားပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေနဲ့ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲဖို့ အသိပညာပေးတာတွေကို ဆောင်ရွက်ပေးနေပါတယ်"ဟု ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

ယင်းမာပင်မြို့နယ်တွင် ဖူးစားပြောင်း စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေး စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# သာစည်မြို့နယ် ကွမ်းခြံရိုးကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဩဂုတ် ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွမ်းခြံရိုးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကွမ်းခြံရိုးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ကွမ်းခြံရိုးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၁၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၁၂ ဒသမ ၄ သန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ် ၁၅ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၃ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၄ ဒသမ ၂ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးမြွေထိုးပိသာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဩဂုတ် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးမြွေထိုးပိသာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက် ငါးမြွေထိုးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ပြီးခဲ့သည့် ဇွန်လအတွင်း ငါးမြွေထိုးပိသာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငါးမြွေထိုးပိသာချိန် ၅၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။



"ပြီးခဲ့တဲ့ ဇူလိုင်လအတွင်းက ဘိုကလေးမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ငါးမြွေထိုးပိသာချိန် အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ငါးမြွေထိုးတွေကို မှာယူတာများနေလို့တင်ပို့အားကောင်းခဲ့တာပါ။ အခုလို ငါးမြွေထိုးတွေ တင်ပို့အားကောင်းလာတာကြောင့် ငါးလုပ်ငန်းနဲ့ ဆက်စပ်သူတွေ အဆင်ပြေလာပါတယ်"ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝေဝေက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးမြွေထိုးများသည် အရည်အသွေး ကောင်းမွန်ခြင်းကြောင့် တင်ပို့အား ကောင်းလာခြင်းဖြစ်ကြောင်း၊ အဆိုပါ ငါးမြွေထိုး တစ်ပိသာလျှင် ငွေကျပ် ၁၉၅၀၀ မှ ၂၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# သနပ်ပင်မြို့နယ် အနီးကိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သနပ်ပင် ဩဂုတ် ၁၁**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အနီးကိုက်ကျေးရွာအုပ်စု အနီးကိုက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၆၅၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အနီးကိုက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၁၇၁ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၅ ဦးကို ငွေကျပ် ၄၇၉ သိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၆ ဦးကို စီမံကိန်းရန်ပုံငွေကျပ် သိန်း ၆၅၀ ထုတ်ချေးပေးခဲ့ကြောင်း သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **နွဲ့ယဉ်**

# မိုင်းယန်းမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းယန်း ဩဂုတ် ၁၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်အွယ်ကျေးရွာနှင့် မိုင်းလွေအောက်ကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် ခရိုင်၊ မြို့နယ် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဝမ်အွယ်ကျေးရွာနှင့် မိုင်းလွေအောက် ကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီးခရိုင်ဦးစီးမှူး ဦးရန်ကျော်ကလိုအပ်သည်များမှာကြားခဲ့သည်။

အဆိုပါ ဝမ်အယ်ကျေးရွာနှင့် မိုင်းလွေအောက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၅ သန်း ထုတ်ချေးပေးထားကြောင်း ခရိုင်ဦးစီးမှူး ဦးရန်ကျော်ထံမှ သိရသည်။

**အောင်ရဲကျော်**

**ကိုဗစ် -၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# စပိန်နိုင်ငံ အနောက်တောင်ပိုင်းတွင် လောင်ကျွမ်းနေသောတောမီးကြောင့် သစ်တောဧရိယာဟက်တာ ၂၄၄၀၀၀ ကျော် လောင်ကျွမ်းပျက်စီး



မက်ဒရစ် ဩဂုတ် ၁၁

စပိန်နိုင်ငံ အနောက်တောင်ပိုင်းတွင် လောင်ကျွမ်းနေသော တောမီးကြောင့် ပျက်စီးခဲ့ရသည့် သစ်တောဧရိယာသည် ဟက်တာ ၂၄၄၀၀၀ ကျော်ထိ ရှိလာကြောင်း ယနေ့သတင်းများအရ သိရသည်။

စပိန်နိုင်ငံ အနောက်တောင်ပိုင်းတွင် လောင်ကျွမ်းနေသော တောမီးသည် ပူပြင်းသောရာသီဥတုနှင့် လေပြင်းတိုက်ခတ်မှုများကြောင့် ပိုမိုပြင်းထန်စွာလောင်ကျွမ်းနေကြောင်း၊ အဆိုပါလောင်ကျွမ်းနေသည့်တောမီးကို ရာနှုန်းပြည့်ထိန်းချုပ်နိုင်ရေး လူအင်အား၊ စက်အင်အားအများအပြားအသုံးပြုထားသော်လည်း ယခုအချိန်ထိ ထိန်းချုပ်နိုင်ခြင်း မရှိသေးကြောင်း သိရသည်။

ဥရောပတောမီးသတင်းအချက်အလက်စနစ်၏ ခန့်မှန်းချက်အရ ယခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှု အကြိမ်ရေ ၄၀၀ ခန့် ဖြစ်ပွားခဲ့ပြီး ထိုတောမီးလောင်ကျွမ်းမှုကြောင့် သစ်တောဧရိယာ ဟက်တာ ၂၄၄၀၀၀ ကျော် လောင်ကျွမ်းပျက်စီးခဲ့ကြောင်း၊ ထိုလောင်ကျွမ်းပျက်စီးခဲ့သည့် သစ်တောဧရိယာသည် ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ခြောက်ဆခန့် ပိုမိုများပြားခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အဆိုပါတောမီးသည် လူနေရပ်ကွက်များဆီကူးစက်လောင်ကျွမ်း လာနိုင်သဖြင့် ဒေသခံဦးရေ ၅၀၀ ခန့်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# ကင်ညာနိုင်ငံနှင့် ဆိုမာလီယာနိုင်ငံနယ်စပ် ဒေသများတွင်ကျက်စားသော ဟိုင်ရိုလာတောဆိတ်များ မျိုးသုဉ်းမှုအန္တရာယ်နှင့် ရင်ဆိုင်နေရ

နိုင်ရိုဘီ ဩဂုတ် ၁၁

ကင်ညာနိုင်ငံနှင့် ဆိုမာလီယာ နိုင်ငံနယ်စပ်ဒေသများတွင် ကျက်စားသော အန်တီလိုပ်မျိုးစိတ်ဖြစ်သည့် ဟိုင်ရိုလာတောဆိတ်များ မျိုးသုဉ်းမှုအန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း ယနေ့သတင်းများအရ သိရသည်။

ဟိုင်ရိုလာတောဆိတ်များသည် ရှားပါး တောရိုင်းနို့တိုက်သတ္တဝါများအနက်တစ်မျိုးဖြစ်ပြီး မျိုးသုဉ်းရန်အန္တရာယ်ရှိသည့် အခြေအနေတွင်ရှိနေကြောင်း၊ ၁၉၇၀ ပြည့်နှစ်များက ဟိုင်ရိုလာတောဆိတ်ကောင်ရေ ၁၀၀၀၀ မှ ၁၅၀၀၀ ခန့် ရှိခဲ့ရာမှ လက်ရှိတွင် ဟိုင်ရိုလာတောဆိတ်ကောင်ရေမှာ ၂၅၀ အောက်သာ ကျန်ရှိတော့ကြောင်း တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့များက ခန့်မှန်းထားသည်။

ဟိုင်ရိုလာတောဆိတ်များ အရေအတွက် ကျဆင်းလာရသည့် အဓိက အကြောင်းအရင်းများမှာ မိုးခေါင်ရေရှားမှု၊ စားကျက်မြေများလျော့နည်းလာမှုနှင့် နေထိုင်ရာပတ်ဝန်းကျင် ပြောင်းလဲလာမှုတို့ကြောင့်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဟိုင်ရိုလာတောဆိတ်များ မျိုးသုဉ်းပျောက်ကွယ်မသွားစေရေးအတွက် ကင်ညာနိုင်ငံရှိ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့များနှင့် ဒေသခံအသိုင်းအဝိုင်းများက ဟိုင်ရိုလာတောဆိတ်များ၏ နေထိုင်ရာမြေများကို ပြန်လည်ထူထောင်ခြင်း၊ စောင့်ကြည့် လေ့လာခြင်းနှင့် အကာအကွယ် ပေးထားသည့် နေရာများဖန်တီးခြင်းတို့ကို လုပ်ဆောင်ကာ ထိန်းသိမ်းကာကွယ်လျက်ရှိကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# ကိုလံဘီယာနိုင်ငံအနောက်ပိုင်းတွင် ပြင်းအား ၇ ဒသမ ၄ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ပြီး လူ ၁၁၁ ဦးသေဆုံးကာ ၈၇ ဦး ဒဏ်ရာရရှိခဲ့

ဘိုဂိုတာ ဩဂုတ် ၁၁

ကိုလံဘီယာနိုင်ငံ အနောက်ပိုင်းတွင် ဩဂုတ် ၁၀ ရက်က ပြင်းအား ၇ ဒသမ ၄ မဂ္ဂနီကျူအဆင့်ရှိ အင်အားပြင်းငလျင်တစ်ခု လှုပ်ခတ်ခဲ့ပြီး လူ ၁၁၁ ဦးသေဆုံးကာ ၈၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

ငလျင်သည် မြေအောက်အနက် ၉၆ ကီလိုမီတာခန့်တွင် လှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ကိုလံဘီယာနိုင်ငံအနောက်ပိုင်းရှိ မြို့အများအပြားတွင် အဆောက်အအုံပြိုကျခြင်း၊ နေအိမ်ပျက်စီးခြင်းနှင့် ဆေးရုံများအပါအဝင် အခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ကာ လူတချို့မှာ အပျက်အစီးများအောက်တွင် ပိတ်မိနေကြောင်း သိရသည်။



အဆိုပါ ငလျင်လှုပ်ခတ်မှုကြောင့် အရေးပေါ်အခြေအနေ ကြေညာပြီးနောက် ပြည်သူများ၏ အသက်များကို ကာကွယ်ရန်၊ ထိခိုက်ခံရသည့်ရပ်ရွာများကို ကူညီရန်နှင့် လိုအပ်သည့်နေရာများသို့ အကူအညီများအမြန်ဆုံး ပေးပို့ရန် ဆောင်ရွက်နေကြောင်း ကိုလံဘီယာနိုင်ငံသမ္မတ အဘယ်လာဒိုဒီလာအက်စ်ပရီလာက ပြောကြားခဲ့သည်။

လက်ရှိ အစိုးရအာဏာပိုင်များက ယခုငလျင်ကို အပြင်းထန်ဆုံး လှုပ်ခတ်ခဲ့သည့်ငလျင်များအနက် တစ်ခုအဖြစ် သတ်မှတ်ထားပြီး ကယ်ဆယ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်နေကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# ဂျာမနီနိုင်ငံတွင် မိုးရွာသွန်းမှုနည်းပါးပြီး အပူချိန် မြင့်တက်နေသဖြင့် ရိုင်းမြစ်ရေခန်းခြောက်လာ

ဘာလင် ဩဂုတ် ၁၁

ဂျာမနီနိုင်ငံတွင် မိုးရွာသွန်းမှုနည်းပါးပြီး အပူချိန်မြင့်တက်နေသဖြင့် ရိုင်းမြစ် ရေမျက်နှာပြင် သိသိသာသာ ကျဆင်းလာကာ ကုန်တင်သင်္ဘောများသွားလာရေး အခက်အခဲများနှင့် ရင်ဆိုင်နေရကြောင်း ယနေ့သတင်းများအရ သိရသည်။

Kaub ရေတိုင်းတာရေးစခန်း၏ ကောက်ယူထားသောစစ်တမ်းများအရ ဇွန် ၂၉ ရက်က ရိုင်းမြစ်အလယ်ပိုင်းရှိရေမျက်နှာပြင်သည် ၇၅ စင်တီမီတာထိ ကျဆင်းခဲ့ပြီး ယခုအခါ မိုးရွာသွန်းမှုဆက်လက်နည်းပါးနေပါက နောက်ထပ် ၁၀ စင်တီမီတာကျဆင်းခဲ့သဖြင့် ၈၅ စင်တီမီတာထိ ကျဆင်းခဲ့ကြောင်း သိရသည်။

ရိုင်းမြစ်သည် ဂျာမနီ၏အရေးပါသော ကုန်စည်ပို့ဆောင်ရေး ရေလမ်းကြောင်း တစ်ခုဖြစ်ပြီး အမ်စတာဒမ်၊ ရော့တာဒမ်နှင့် အန့်ဝါ့ပ်ဆိပ်ကမ်းများမှ ကုန်ပစ္စည်းများကို ဂျာမနီနိုင်ငံအတွင်းသို့ သယ်ယူပို့ဆောင်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ထို့ကြောင့် ရေခန်းခြောက်မှု ဆက်လက်ဖြစ်ပေါ်ပါက ကုန်စည်ပို့ဆောင်ရေး၊ ထောက်ပံ့ရေးကွင်းဆက်နှင့် စက်မှုလုပ်ငန်းများအပေါ် သက်ရောက်မှု ရှိလာနိုင်ကြောင်း ဂျာမနီ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအဖွဲ့ချုပ် (BDB) ၏ မန်နေဂျင်းဒါရိုက်တာ ယန်းဗာနန်က ပြောကြားခဲ့သည်။

ရိုင်းမြစ်သည် ရေကြောင်းသွားလာမှုအတွက် အရေးကြီးသည့်နေရာဖြစ်ပြီး ရေမျက်နှာပြင်ဆက်လက်ကျဆင်းနေပါက ကုန်တင်သင်္ဘောများ သွားလာနိုင်တော့မည်မဟုတ်ကြောင်း၊ မိုးရွာသွန်းမှုနည်းပါးခြင်းနှင့် အပူချိန်မြင့်တက်ခြင်းသည် ရိုင်းမြစ်ကိုအလယ်ပိုင်းက ပြတ်တောက်သွားစေပြီး မြစ်တစ်စင်းလုံးကို အပိုင်းနှစ်ပိုင်းခွဲထားသကဲ့သို့ ဖြစ်လာစေနိုင်ကြောင်း Kaub ရေတိုင်းတာရေးစခန်း၏ စစ်တမ်းများအရ သိရသည်။

လက်ရှိ ရိုင်းမြစ်၏ မြောက်ပိုင်းနှင့် အနောက်ပိုင်းဒေသများတွင် သင်္ဘောများ ဆက်လက်ပြေးဆွဲနိုင်သော်လည်း ရေတိမ်သောအပိုင်းများတွင် ရေကြောင်းသွားလာမှုကို ကန့်သတ်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# တရုတ်နိုင်ငံတွင် တိုင်ဖွန်းမုန်တိုင်းဒေါ်ဖင်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး နိုင်ငံအရှေ့ပိုင်းရှိ မြစ် ၄၇ စင်း စိုးရိမ်ရေမှတ်ရောက်ရှိနေ

ပေကျင်း ဩဂုတ် ၁၁

တရုတ်နိုင်ငံတွင် တိုင်ဖွန်းမုန်တိုင်း ဒေါ်ဖင်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး နိုင်ငံအရှေ့ပိုင်းရှိ မြစ် ၄၇ စင်း စိုးရိမ်ရေမှတ်ရောက်ရှိနေကြောင်း ယနေ့သတင်းများအရ သိရသည်။

တိုင်ဖွန်းမုန်တိုင်း ဒေါ်ဖင်ကြောင့် နိုင်ငံအရှေ့ပိုင်းရှိ ပြည်နယ်အများအပြားတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမိုးမှုများဖြစ်ပေါ်နေသည့်အပြင် မြစ် ၄၇ စင်းသည် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသဖြင့် ပြည်သူများအနေဖြင့် ရေကြီးရေလျှံမှုအန္တရာယ်ကို သတိပြုနေထိုင်ကြရန် အာဏာပိုင်များက တိုက်တွန်းထားသည်။

တိုင်ဖွန်းမုန်တိုင်းဒေါ်ဖင်သည် ဩဂုတ် ၁၀ ရက်က ရှန်ဟိုင်းမြို့နှင့် ကျဲ့ကျန်းပြည်နယ်တို့သို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီး မုန်တိုင်းဗဟိုချက်အနီးအမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၅၁ ကီလိုမီတာထိရှိခဲ့ကြောင်း၊ မုန်တိုင်းအရှိန်ကြောင့် အန်ဟွေး၊ ကျန်းဆူးနှင့် ရှန်တုံးပြည်နယ်တို့အပါအဝင် အရှေ့ပိုင်းပြည်နယ်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ကြောင်း သိရသည်။

ထို့ပြင် ရာသီဥတုဆိုးရွားမှုကြောင့် ရှန်ဟိုင်းမြို့ရှိ လေဆိပ်နှစ်ခုမှ လေယာဉ်ခရီးစဉ် ၉၄၃ ခုကို ဖျက်သိမ်းခဲ့ရကြောင်း နိုင်ငံပိုင်သတင်းဌာနများက ဖော်ပြခဲ့သည်။

ထို့ပြင် ပေကျင်းမြို့တွင် ယနေ့မှ ဩဂုတ် ၁၃ ရက်ထိ မိုးသည်းထန်စွာ ရွာသွန်းနိုင်သည့်အတွက် အာဏာပိုင်များက သတိပေးချက်များ ထုတ်ပြန်ထားပြီး အဆိုပါကာလအတွင်း ရုတ်တရက်ရေကြီးမှုများနှင့် တောင်တန်းဒေသများတွင် မြေပြိုမှုများဖြစ်ပေါ်နိုင်သဖြင့် ပြည်သူများအနေဖြင့် မိုးလေဝသဌာန၏ ထုတ်ပြန်ချက်များကို အမြဲမပြတ်စောင့်ကြည့်ပြီး လိုအပ်သည့် ကြိုတင်ကာကွယ်မှုများပြုလုပ်ကြရန် အာဏာပိုင်များက သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Xinhua News
Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# နောက်ခံမတူပြား၊ ရည်မှန်းတူထား၊ လူငယ်အား

**မောင်စိန်အိ(နဘဲမြေ)**

ယနေ့လူငယ်များသည် နောင်ဝယ်လူကြီးဖြစ်ပြီး မိမိအကျိုး၊ တိုင်းပြည်အကျိုးကို သယ်ပိုးထမ်းဆောင်ကြမည့်သူများဖြစ်သည်။ လူငယ်လူရွယ်များသည် အနာဂတ်နိုင်ငံတော်ကို ပခုံးပြောင်းတာဝန်ယူကြမည့် မျိုးဆက်သစ်များဖြစ်ကြသည်။ လက်ရှိကမ္ဘာ့လူဦးရေ၏ ထက်ဝက်ခန့်သည် လူငယ်များ ဖြစ်ကြပြီး ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေ၏ ၅၇ ရာခိုင်နှုန်းထိ တိုးတက်လာမည်ဖြစ်သည်ဟု မျှော်မှန်းထားကြသည်။ နှစ်စဉ် ဩဂုတ် ၁၂ ရက်တွင် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကို ကျင်းပလျက်ရှိသည်။ ကမ္ဘာကြီး၏အနာဂတ်ကို ပုံဖော်ဖန်တီးတည်ဆောက်ကြမည့်လူငယ်များကို ကမ္ဘာ့နိုင်ငံအသီးသီးကအာရုံစိုက်လာစေရန်ဖြစ်သည်။ ၂၀၂၆ ခုနှစ်အတွက် ဆောင်ပုဒ်သည် "နောက်ခံမတူပြား၊ ရည်မှန်းတူထား၊ လူငယ်အား" ဖြစ်သည်။

**လူငယ်အင်အား**

မြန်မာနိုင်ငံတွင်လည်း ရပ်ရွာအကျိုးပြုလုပ်ငန်းများ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ လူငယ်များပိုမိုပူးပေါင်းပါဝင်လာစေရန်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ကို လူငယ်လူရွယ်များ ပိုမိုသိရှိပြီး ပါဝင်ဆင်နွှဲလာကြစေရန်နှင့် လူငယ်များ၏ လိုလားချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်ချက်များနှင့် နှစ်စဉ်ကျင်းပလျက်ရှိသည်။ နိုင်ငံတကာတွင် အသက် ၁၅ နှစ်မှ ၂၄ နှစ် အတွင်းရှိသူများကို လူငယ်ဟုသတ်မှတ်ပြီး မြန်မာနိုင်ငံတွင် အသက် ၁၅ နှစ်မှ ၃၅ နှစ်အတွင်း ရှိသူများကို လူငယ်ဟုသတ်မှတ်ထားသည်။

၂၀၂၅ ခုနှစ် ကမ္ဘာ့လူဦးရေစာရင်းအရ လူငယ် ၁၆ ရာခိုင်နှုန်းရှိသည်။ မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအရ လူငယ်ဦးရေ ၁၇ သန်းခန့်ရှိပြီး စုစုပေါင်းလူဦးရေ၏ ၃၂ ဒသမ ၆၉ ရာခိုင်နှုန်းဖြစ်သည်။ နိုင်ငံတကာနှင့်နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံရှိ လူငယ်ရာခိုင်နှုန်းမှာ များပြားလျက်ရှိသည်။ ထိုလူငယ်များကို ကောင်းမွန်စွာပျိုးထောင်ပေးနိုင်ပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်နေသည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် တန်ဖိုးရှိစွာ အသုံးပြုနိုင်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတည်ဆောက်ရေးတွင် အထောက်အကူပြုမည်ဖြစ်သည်။

**လူငယ်ကဏ္ဍမြှင့်တင်ပေး**

မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်လျက်ရှိသည်။ လူငယ်များသည် နောင်တစ်ချိန်တွင် နိုင်ငံတော်ကို တာဝန်ယူကြရမည့်သူများဖြစ်ပေရာ လူငယ်များကို အတွေးအခေါ်၊ စဉ်းစားဆင်ခြင်ဆုံးဖြတ်နိုင်သည့် အရည်အသွေးရှိအောင် ပျိုးထောင်ခြင်းဖြင့် အနာဂတ်နိုင်ငံတော်ကို အလှဆင်ကြရမည်ဖြစ်သည်။

စင်စစ်အားဖြင့် ပညာထူးချွန်ပြီး ထက်မြက်သည့် ဉာဏ်ရည်၊ ဉာဏ်သွေးနှင့် အသိပညာ၊ အတတ်ပညာများ တတ်မြောက်သည့်အပြင် ကျန်းမာသန်စွမ်းခြင်း၊ ကြိုးစားအားထုတ်ခြင်း၊ စာရိတ္တကောင်းမွန်ခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ ယဉ်ကျေးလိမ္မာခြင်း၊ မျိုးချစ်စိတ်ရှိခြင်းစသည့် ကောင်းမြတ်သော အရည်အသွေးများပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ ရရှိပိုင်ဆိုင်ကြစေရန် လေ့ကျင့်ပျိုးထောင်ပေးခြင်းသည် အနာဂတ်နိုင်ငံတော်ကို အုတ်မြစ်ချတည်ဆောက်နေခြင်းပင်ဖြစ်သည်။

လူငယ်များကို စိတ်ဓာတ်မြင့်မားသူ၊ အတွေးအခေါ်မှန်ကန်သူ၊ ရိုးသားဖြောင့်မတ်သူ၊ စွမ်းရည်ပြည့်စုံကြသည့် လူငယ်များဖြစ်အောင် ပြုစုပျိုးထောင်သွားရန်လိုအပ်သည်။ လူငယ်များစနစ်တကျ မှန်မှန်ကန်ကန် လေ့ကျင့်ပျိုးထောင်ပေးနိုင်မှသာ အနာဂတ်နိုင်ငံတော်ကို မြင့်မားတိုးတက်အောင် တည်ဆောက်သွားနိုင်မည်ဖြစ်သည်။

**❖ နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်ကြယ်ပွင့်များ၏ ဖြူစင်သောနှလုံးသားတွင် မိမိကိုယ်ကို တန်ဖိုးထားတတ်စေရန်၊ မိမိအသိုက်အဝန်းနှင့်နိုင်ငံတော်အပေါ် ချစ်မြတ်နိုးစိတ်နှင့် ကာကွယ်စောင့်ရှောက်သွားလိုသောစိတ်ဓာတ် ကိန်းအောင်းလာစေရန် နှစ်စဉ်နွေရာသီကျောင်းပိတ်ရက်ကာလတွင် လူရည်ချွန်စီမံကိန်းများနှင့် လူရည်ချွန်စခန်းများဖွင့်လှစ်ခြင်း၊ ရေကြောင်းနှင့် လေကြောင်းလူငယ်သင်တန်းများအပါအဝင် လူငယ်ကဏ္ဍမြှင့်တင်ရေးဆိုင်ရာ သင်တန်းများကို အထူးအလေးထား ဖွင့်လှစ်သင်ကြားပေးနေခြင်းပင်ဖြစ်ပေသည်။ ❖**

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များ ပေါ်များခြင်းပင်ဖြစ်သည်။

ထို့ကြောင့် ဒီမိုကရေစီနည်းလမ်းအရ ရွေးကောက်တင်မြှောက်ထားသော နိုင်ငံတော်အစိုးရသည် လူငယ်များကို အထူးအလေးထားသောအားဖြင့် လူငယ်များ၏ အနာဂတ်ကောင်းမွန်စေရန် ဘက်ပေါင်းစုံမှ ဖန်တီးတည်ဆောက်ပေးလျက်ရှိသည်။ နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြသည့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်ရေးရာကိစ္စရပ်များကို စနစ်တကျထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် လူငယ်များပညာသင်ယူခြင်းနှင့်အတူ အားကစားလိုက်စား၍ ကျန်းမာကြံ့ခိုင်ပြီး ဗလငါးတန်နှင့်ပြည့်ဝသည့် နိုင်ငံ့သားကောင်းများဖြစ်လာအောင် ပြုစုပျိုးထောင်နိုင်ရေးရည်ရွယ်လျက် လူငယ်ရေးရာဝန်ကြီးဌာနကို ဖွဲ့စည်းကာ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ အထူးသဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။

**ဗလငါးတန်ဖွံ့ဖြိုးရေး**

စင်စစ်အားဖြင့် လူငယ်ကဏ္ဍသည် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအကျဆုံးပင်ဖြစ်သည်။ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဟူသော ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး၊ မှန်ကန်သည့် လမ်းကြောင်းပေါ်သို့ ရောက်ရှိစေပြီး နိုင်ငံတော်ကိုအကျိုးပြုမည့် နိုင်ငံသားကောင်းများဖြစ်ပေါ်လာစေရေးအတွက် လူငယ်ရေးရာမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ၊ မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လူငယ်ရေးရာကော်မတီတို့ကို ဖွဲ့စည်းထားပြီးဖြစ်သည်။

လူငယ်များသည် အနာဂတ်လူ့ဘောင်ကို ပိုင်စိုးကြသူများ၊ အနာဂတ်လူ့ဘောင်ကို ဖန်တီးတည်ဆောက်ကြမည့် နိုင်ငံ၏အရင်းအမြစ်များ၊ တစ်နည်းအားဖြင့် တိုင်းပြည်၏ အနာဂတ်ခေါင်းဆောင်များ ဖြစ်ကြသည်။ လူငယ်များကို မှန်ကန်စွာ လေ့ကျင့်ပျိုးထောင်ပေးခြင်းဖြင့်သာ အနာဂတ်နိုင်ငံတော်ကို မြင့်မားအောင်တည်ဆောက်နိုင်မည်ဖြစ်သည်။ စိတ်ဓာတ်မြင့်မားသူ၊ အတွေးအခေါ်မှန်ကန်သူ၊ ရိုးသားဖြောင့်မတ်သူ၊ စွမ်းရည်ပြည့်စုံသူလူငယ်များဖြင့်သာ နိုင်ငံကိုကောင်းအောင် တည်ဆောက်သွားနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူငယ်များကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနှင့် ဘောဂဟူသည့် ဗလငါးတန်ပြည့်စုံနေအောင် လေ့ကျင့်ပျိုးထောင်သွားရန် လိုအပ်ပေသည်။

ထို့ပြင် လူငယ်များသည် နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သော ကြီးမားသည့်လူ့စွမ်းအားအရင်းအမြစ်များဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်မှာ ထူးခြားသည့် အင်အားစုတစ်ရပ်လည်းဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မူဝါဒ၊ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များချမှတ်ပြီး ဆယ်ကျော်သက်လူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေး၊ စိတ်ဓာတ်၊ စည်းကမ်း၊ လူ့ကျင့်ဝတ်၊ လူ့တန်ဖိုး၊ ပြည်ထောင်စုစိတ်ဓာတ်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့်ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။

**စနစ်တကျပျိုးထောင်**

ထို့ပြင် လူငယ်များသည် အမှန်တရားကိုမြတ်နိုးခြင်း၊ ဖျတ်လတ်သွက်လက်ခြင်း၊ နိုးကြားတက်ကြွခြင်း၊ ခွန်အားရှိခြင်း၊ စူးစမ်းလိုစိတ်ရှိခြင်း၊ အရာရာကိုတီထွင်ဖန်တီးလိုစိတ်ရှိခြင်း၊ ပွင့်ပွင့်လင်းလင်းရှိခြင်း၊ ရဲရင့်ခြင်း၊ စွန့်စားခြင်း စသည့်ဂုဏ်သတ္တိများ ပိုင်ဆိုင်ထားရှိသည်။ ထိုသို့ အမှန်တရားကိုမြတ်နိုးသောလူငယ်များ တိုင်းပြည်နှင့်လူမျိုးအပေါ် ချစ်မြတ်နိုးစိတ် ကိန်းအောင်းလာစေရန်၊ အထူးသဖြင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်လာစေရန်အတွက် စနစ်တကျ ပြုစုပျိုးထောင်ပေးသွားရန် လိုအပ်ပေသည်။ ထို့ပြင် လူငယ်များသည် မိမိလိုလားတောင့်တသည့်ပန်းတိုင်ကို အရောက်လှမ်းနိုင်ရန် ရည်မှန်းချက်များ၊ မျှော်လင့်ချက်များနှင့် တွန်းအားပေးနိုင်သည့် မောင်းနှင်အားများကို ပိုင်ဆိုင်ထားရှိသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်ကြယ်ပွင့်များ၏ ဖြူစင်သောနှလုံးသားတွင် မိမိကိုယ်ကို တန်ဖိုးထားတတ်စေရန်၊ မိမိအသိုက်အဝန်းနှင့်နိုင်ငံတော်အပေါ် ချစ်မြတ်နိုးစိတ်နှင့် ကာကွယ်စောင့်ရှောက်သွားလိုသောစိတ်ဓာတ် ကိန်းအောင်းလာစေရန် နှစ်စဉ်နွေရာသီ ကျောင်းပိတ်ရက်ကာလတွင် လူရည်ချွန်စီမံကိန်းများနှင့် လူရည်ချွန်စခန်းများ ဖွင့်လှစ်ခြင်း၊ ရေကြောင်းနှင့်လေကြောင်း လူငယ်သင်တန်းများအပါအဝင် လူငယ်ကဏ္ဍမြှင့်တင်ရေးဆိုင်ရာသင်တန်းများကို အထူးအလေးထား ဖွင့်လှစ်သင်ကြားပေးနေခြင်းပင်ဖြစ်ပေသည်။

စင်စစ်အားဖြင့် လူငယ်များသည် အနာဂတ်တွင် နိုင်ငံ့ခေါင်းဆောင်များ၊ နည်းပညာဆိုင်ရာ တီထွင်ဖန်တီးသူများ၊ ငြိမ်းချမ်းရေးဖော်ဆောင်သူများ၊ စွန့်ဦးတီထွင်သူများ၊ ဖွံ့ဖြိုးတိုးတက်မှုတို့ကိုဖော်ဆောင်ပေးနိုင်သည့် လုပ်သားအင်အားစုများ၊ လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည်။ တိုင်းပြည်၏ အခန်းကဏ္ဍများကို ပခုံးပြောင်းတာဝန်ထမ်းဆောင်မည့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံ့သားကောင်းလူငယ်များ ပေါ်ထွန်းလာစေရေးအတွက် စနစ်တကျ ပြုစုပျိုးထောင်ပေးရန် လိုအပ်သည်။

**နောက်ခံမတူပြား၊ ရည်မှန်းတူထား၊ လူငယ်အား**

ဆိုရလျှင်လူငယ်များအနေဖြင့် မွေးဖွားကြီးပြင်းရာ ဒေသ၊ နိုင်ငံ၊ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ ယဉ်ကျေးမှုများ မတူကွဲပြားမှုများရှိနိုင်သော်လည်း လူငယ်အားလုံး၏ရည်မှန်းချက်သည် လူမှုအသိုက်အဝန်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်သော ကမ္ဘာကြီးတည်ဆောက်သွားရန်ပင်ဖြစ်သည်။ ထို့ကြောင့် ယနေ့လူငယ်များသည် အနာဂတ်ကမ္ဘာကြီးကို တည်ဆောက်ရာ၌ အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပေသည်။

အမှန်တော့ မျိုးဆက်သစ်လူငယ်များအနေဖြင့် လူ့အသိုင်းအဝိုင်းတွင် အချင်းချင်းပူးပေါင်းဆောင်ရွက်မှု၊ စာနာထောက်ထားမှု၊ ရိုင်းပင်းကူညီမှု၊ ရင်းနှီးဖော်ရွေမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အပြန်အလှန်လေးစားမှုတို့နှင့် နေထိုင်ပြောဆိုဆက်ဆံကြပြီး စဉ်းစားဆင်ခြင်မှု အသိဉာဏ်ပညာများနှင့် ကြိုးစားအားထုတ်သွားမည်ဆိုလျှင် မိမိဘဝတိုးတက်ရေးအပြင် တည်ငြိမ်အေးချမ်းသာယာသောကမ္ဘာကြီးကိုလည်း တည်ဆောက်သွားနိုင်မည်ဟု ဆိုချင်ပါတော့သည်။

**ကိုးကား**

(၁) ၁-၈-၂၀၂၆ ထုတ် သတင်းစာများ။

(၂) ၁၁-၈-၂၀၂၅ ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာ။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၅၂၁၁၀ စိုက်ပျိုးမည်


ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

ဘုတလင် ဩဂုတ် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၅၂၁၁၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ဧက ၅၂၁၁၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ ကုလားပဲ ဧက ၅၂၁၁၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားပါမယ်။ ကုလားပဲ စိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးတက်လာပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးသွားပါမယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးသည် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှုတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဧရိယာအများဆုံး စိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီးဖြစ်ပြီး ပဲမျိုးစုံသီးနှံကို အဓိကသီးနှံအဖြစ် စိုက်ပျိုးနိုင်သည့်အပြင် သီးထပ်သီးညှပ်လည်း စိုက်ပျိုးနိုင်သည့်အတွက် တောင်သူတွေအနေနဲ့ ဝင်ငွေရသီးနှံအဖြစ် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ကုလားပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ကုလားပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။ (၂၀၆)

# ပေါင်းတည်မြို့နယ် ကြူတောကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်၍ ကော်မတီဖွဲ့စည်း

ပေါင်းတည် ဩဂုတ် ၁၁


ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြူတောကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကြောင်းအရာများကို မိတ်ဆက် ရှင်းလင်းပြောကြားပြီး စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၊ ရပ်မိရပ်ဖများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင် ၁၁ ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကြူတောကန်ကျေးရွာ၌ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းများနှင့် အခြားလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေး သွားမည်ဖြစ်ကြောင်း ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အေးမြတ်**









## အမည်မှန်

မန္တလေးမြို့၊ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ အမှတ်(၁) ဘုန်းတော်ကြီးသင် ပညာရေးအထက်တန်းကျောင်း(စလေ)၊ Grade-11 တွင် ပညာသင်ကြားနေသော (ဘ) ဦးညီညီနိုင်၏သမီး မအိမ့်ဆုပြည့်၏ အမည်မှန်မှာ မအိသန္တာခိုင် ဖြစ်ပါကြောင်း။ မအိသန္တာခိုင်

## ဖခင်အမည်မှန်

မြစ်သားမြို့နယ်၊ အထက-ဒါးရဲကောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မမြနင်းခိုင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးလှိုင်မင်းသန်း** ဖြစ်ပါကြောင်း။ **ဦးလှိုင်မင်းသန်း(၉/မသန(နိုင်)၁၀၈၂၉၇)**

## အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(ထ/ခွဲ)၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးသန်းထွန်း၏သမီး မခင်စန္ဒာမိုး၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မခင်စန္ဒာ** ဖြစ်ပါကြောင်း။ **မခင်စန္ဒာ(၉/ခမစ(နိုင်)၀၉၃၅၈၅)**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ အမှတ် (၁) ဘုန်းတော်ကြီးသင် ပညာရေးအထက်တန်းကျောင်း(စလေ)၊ Grade-12 တွင် ပညာသင်ကြားနေသော မချိုဇင်သက်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးကျော်ဝင်း ဖြစ်ပါကြောင်း။ ဦးကျော်ဝင်း(၅/ရဘန(နိုင်)၁၃၅၀၄၃)

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သုဂိန္ဒနန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-7 တွင် ပညာသင်ကြားနေသော မသွန်းသုသုစံ၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးရဲလင်းကျော် ဖြစ်ပါကြောင်း။ ဦးရဲလင်းကျော်(၇/ပခန(နိုင်)၂၈၇၂၉၀)

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ Grade-12(A2)တွင် ပညာသင်ကြားနေသော မခင်ဖြိုးဖြိုးသူ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ **မောင်ထွေး (ခ) ဦးထွေး**မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မောင်ထွေး (ခ) ဦးထွေး(၅/ရဘန(နိုင်)၀၁၈၀၁၈)**

## အမည်မှန်

မြစ်သားမြို့နယ်၊ ဆင်းကွတ်-အမက ကျောင်း၊ Grade-3 တွင် ပညာသင်ကြားနေသော (ဘ) ဦးကျော်စိုးမိုး(၉/စကတ(နိုင်)၀၉၀၂၄၈)၏သား မောင်ဝေဘုန်းလျှံ၏အမည်မှန်မှာ **မောင်ဝေဘုန်းလျှံ** ဖြစ်ပါကြောင်း။ **မောင်ဝေဘုန်းလျှံ**

## အမည်မှန်

မန္တလေးမြို့၊ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ အမှတ် (၁) ဘုန်းတော်ကြီးသင် ပညာရေးအထက်တန်းကျောင်း(စလေ)၊ Grade-11 တွင် ပညာသင်ကြားနေသော မနှင်းဆုလဲ့ရီ၏အမည်မှန်မှာ **မနှင်းဆုလဲ့ရည်** ဖြစ်ပါကြောင်း။ **မနှင်းဆုလဲ့ရည်**

## အမည်မှန်

မြစ်သားမြို့၊ မြစ်ဆုံကြီး-အမက၊ Grade-5 တွင် ပညာသင်ကြားနေသော (ဘ) ဦးသန့်ဇင်ဦး၏သား မောင်သော်ဇင်ခန့်၏အမည်မှန်မှာ အရှင်မွေးလက်မှတ်စာရင်းအရ **မောင်သော်ဇင်ဦး** ဖြစ်ပါကြောင်း။ **မောင်သော်ဇင်ဦး**

## အဖိုးတန်ရေချိုကို ချွေတာပါ


"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မှက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

- ❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
- ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## ဘင်္ဂလား ပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၁၁

ယနေ့နံနက် ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဩဂုတ် ၁၂ ရက်၌ လေဖိအားနည်းရပ်ဝန်း(Low Pressure Area)ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ ဆဋ္ဌမနှင့် သတ္တမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများပြုလုပ်ခဲ့



နေပြည်တော် ဩဂုတ် ၁၁

ကျန်းမာရေးဝန်ကြီးဌာနသည် တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးရည်မှန်းကာ ပြည်သူများ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီရရှိခြင်းဖြင့် ရောဂါကင်းဝေး၍သက်တမ်းစေ့နေထိုင်နိုင်စေရေးနှင့် ပြည်သူများဆေးကုသမှုအတွက် စိုက်ထုတ်ကုန်ကျစရိတ်သက်သာစေရေးအတွက် ပြည်တွင်း၌ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများပုံမှန်ဆောင်ရွက်ပေးလျက်ရှိရာ နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)တွင် ဆဋ္ဌမအကြိမ်နှင့် သတ္တမအကြိမ် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုများကို **စာမျက်နှာ ၂၁ ကော်လံ ၁** ☆

နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ဩဂုတ် ၅ ရက်က ဆဋ္ဌမအကြိမ် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုဆောင်ရွက်ခဲ့စဉ်။

### တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ သွားရောက်လေ့လာ
စာမျက်နှာ - ၁၇

### ကလေးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၆၇၄၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်
စာမျက်နှာ - ၂

### နောက်ခံမတူပြား၊ ရည်မှန်းတူထား၊ လူငယ်အား

ဆောင်းပါး

စာမျက်နှာ - ၂၉


## မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာပြီး မူဆယ်မြို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သော တရုတ်နိုင်ငံသား အမျိုးသားဦးရေ ၆၀ ကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁၁

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများ ထိခိုက်ပျက်စီးစေပြီး အများပြည်သူအကျိုးစီးပွားကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ လုံးဝပြန်လည်အခြေမချနိုင်သည်ထိ ထိထိရောက်ရောက် ရှာဖွေနှိမ်နင်းလျက်ရှိသည်။

ထိုကဲ့သို့ လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာနယ်မြေများအတွင်း အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်းမရှိစေရန်နှင့် **စာမျက်နှာ ၂၃ ကော်လံ ၁** ■

မူဆယ်မြို့ တော်ရွက်ရပ်ကွက်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသားဦးရေ ၆၀ ကို လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့် နေရာပြမြေပုံ။




### အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှု လုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ခြောက်ဦးကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်
စာမျက်နှာ - ၂၃

## ဖလမ်းမြို့ သစ္စာလမ်းမတစ်လျှောက် ၄၀၀ ဗို့ ကာဗာလျှပ်စစ်မီးကြိုးများ ပြန်လည်သွယ်တန်းလျက်ရှိ



ဖလမ်း ဩဂုတ် ၁၁

ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဖလမ်းမြို့ သစ္စာလမ်းမတစ်လျှောက်တွင် ၄၀၀ ဗို့ ကာဗာလျှပ်စစ်မီးကြိုးများ ပြန်လည် သွယ်တန်းလျက်ရှိကြောင်း သိရသည်။

ယခင်က ဖလမ်းမြို့နှင့် အနီးအနားရှိ ကျေးရွာများကို မဟာဓာတ်အားလိုင်းမှ တစ်ဆင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးခဲ့ပြီး ဖလမ်းမြို့နယ်အတွင်း ၄၀၀ ဗို့ လျှပ်စစ်ဓာတ်အားပေးလိုင်း ၂၆ မိုင်ရှိသည့်အနက် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ၄၀၀ ဗို့ လျှပ်စစ်ဓာတ်အားလိုင်း ခုနစ်မိုင်ခန့် ပျက်စီးဆုံးရှုံးခဲ့ရသည်။

မဟာဓာတ်အားလိုင်းနှင့် အသေးစားရေအားလျှပ်စစ်စက်ရုံတို့မှတစ်ဆင့် လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးချိန်တွင် အဆင်သင့်ဖြစ်စေရေးအတွက် လျှပ်စစ်မီးကြိုးများ

**စာမျက်နှာ ၂၁ ကော်လံ ၄** ◆